မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၅၈)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ လီဘက်ဆွန်းသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဘက်ဆွန်းအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့နိုင်ငံရေးကို အသွင်ကူးပြောင်းရာ၌ ပဟိုဦးစီးစနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ကူးပြောင်းလျက်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ (၉၃)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ

ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျား-

၁၃၇၅ ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်(၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်)တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၉၃)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် မြန်မာပြည်သူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းပြီး စည်းလုံးညီညွတ်စွာဖြင့် ယနေ့ နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသည့် ဒီမိုကရေစီ၏အနှစ်သာရကို အပြည့်အဝ ရရှိခံစားနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသည် ၁၉ ရာစုနှောင်းပိုင်းတွင် ကိုလိုနီနယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ပြီး နယ်ချဲ့တို့က ကိုလိုနီအုပ်ချုပ်ရေးယန္တရားနှင့် လိုက်လျောညီထွေဖြစ်မည့် မြန်မာနိုင်ငံ၏

စာမျက်နှာ ၃ ကော်လံ ၁ ◆

အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်အတွက် အမျိုးသားပညာရေးလှုပ်ရှားမှုနှင့်အတူ အမျိုးသားကျောင်းများ ပေါ်ထွက်ခဲ့ရာ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အထက(၂)ဒဂုံ (ယခင်မြို့မကျောင်း) သည်လည်း အမျိုးသားကျောင်းတစ်ခုဖြစ်သည်။

ဓာတ်ပုံ-စိန်လွင်အောင် (မြန်မာ့အလင်း)

သ တင်း မာ တိ ကာ

အမျိုးသားနေ့အောင်ပွဲမှသည်
ခေါင်းကြီး *စာမျက်နှာ - ၂*

နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး အမျိုးသားရေးအားမာန်ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည်
ဆောင်းပါး *စာမျက်နှာ - ၆*

အမျိုးသားနေ့ ဂုဏ်ပြု၍ပေ နစာခွေ(ကာချင်း)
ကဗျာ *စာမျက်နှာ - ၆*

(၉၃)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အမျိုးသားနေ့အောင်ပွဲမှသည်

တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ကိုလိုနီကျွန်ပညာရေးစနစ်ကို တွန်းလှန်၍ အမျိုးသားပညာရေးစနစ်ကို ထူထောင်နိုင်ခဲ့ကြသည်။ ဤနေ့ကို အမျိုးသားရေးအောင်ပွဲနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။ နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ခဲ့ပြီး နိုင်ငံနှင့်အဝန်း အမျိုးသားနေ့များ ကျင်းပခဲ့ပါသည်။

ဝံသာနုရက္ခိတတရားများနှင့် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထွန်းကားစေရန်အတွက် နိုင်ငံတစ်ဝန်း အမျိုးသားနေ့များ ကျင်းပခြင်းဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ်သည် မျိုးချစ်စိတ်ဓာတ်ပင်ဖြစ်ပါသည်။ ဤစိတ်ဓာတ်ဖြင့်ပင် အမျိုးသားလွတ်မြောက်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုများအထိ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြပါသည်။ အမျိုးသားရေးစိတ်ဓာတ်သည် နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးသော စိတ်ဓာတ်ပင်ဖြစ်ပါသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် အမျိုးသားရေးစိတ်ဓာတ်ပင် ဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်ခိုင်မာခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ တိုင်းပြည်ကို ကြီးပွားတိုးတက်လိုသော စိတ်၊ ပြည်သူပြည်သားများ ကောင်းစားလိုသော စိတ်ဓာတ်များသည် မြန်မာပြည်သူတစ်ရပ်လုံးတွင် ကိန်းအောင်းရှင်သန်နေဖို့ လိုပါသည်။ ထို့ကြောင့်လည်း ဤအမျိုးသားနေ့ကို နိုင်ငံနှင့်အဝန်း အသိပေးကျင်းပခြင်းဖြစ်ပါသည်။

ယခုကျွန်ုပ်တို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကို ဦးတည်လျှောက်လှမ်းနေပြီဖြစ်ပါသည်။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက ဤအမျိုးသားရေးစိတ်ဓာတ်ဖြင့် တစ်မျိုးသားလုံး လွတ်မြောက်အောင် ရုန်းထွက်ကြိုးစားသကဲ့သို့ ခေတ်မီတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကိုလည်း တည်ဆောက်ကြရမည်ဖြစ်ပါသည်။ လူတိုင်းလူတိုင်းသည် အမျိုးသားရေးစိတ်ဓာတ်များမွေးမြူကာ ဒီမိုကရေစီစံနှုန်းများနှင့်အညီ ကျင့်ကြံပြောဆိုလုပ်ကိုင်ရန် လိုအပ်ပါသည်။

ဒီမိုကရေစီစနစ်သည် ပြည်သူသည်သာအဓိက၊ ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသည့် စနစ်ဖြစ်သည်။ ထို့ကြောင့်လည်း ပြည်သူ့ဗဟိုပြုစနစ်ကို ဆောင်ရွက်နေခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ပြည်သူ့ဗဟိုပြုစနစ်သည် တစ်နည်းဆိုလျှင် အမျိုးသားရေးကို အခြေခံသောစနစ်ဖြစ်ပါသည်။ တစ်မျိုးသားလုံး ကြီးပွားတိုးတက်ရေးစိတ်ဓာတ်ပင်ဖြစ်သည်။ သို့ဖြစ်၍ ဤအမျိုးသားနေ့အောင်ပွဲမှသည် ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်ကြီးအဓွန့်ရှည်ရေး အမျိုးသားရေးစိတ်ဓာတ်များ မွေးမြူကြလျက် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို ရှေးရှုကာ ခေတ်မီတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ လျှောက်လှမ်းကြရမည်ဖြစ်ပါကြောင်း။ ။

ရွှေ့ပြောင်းသွားလာ ဘေးကင်းကွာ သိမှတ်စရာ ကြိုတင်လေ့လာပါ



ပြည်တွင်းသတင်း

ကျန်းမာရေးမဟာဗျူဟာ စီမံကိန်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၆

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် မျိုးဆက်ပွားကျန်းမာရေး ငါးနှစ်တာ မဟာဗျူဟာစီမံကိန်း ၂၀၁၄-၂၀၁၈ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက နေပြည်တော် အမရာဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သိန်းသိန်းအေးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် အမျိုးသားကျန်းမာရေး စီမံကိန်းနှင့်အညီ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ သားဆက်ခြားကျန်းမာရေးလုပ်ငန်း အပါအဝင် မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သမားရိုးကျ မိခင်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ထပ်မံထည့်သွင်း၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၀၂ ခုနှစ်တွင် မျိုးဆက်ပွား ကျန်းမာရေးမူဝါဒကို ရေးဆွဲချမှတ်နိုင်ခဲ့ပြီး ငါးနှစ်တစ်ကြိမ် မဟာဗျူဟာများရေးဆွဲခဲ့ရာ မျိုးဆက်ပွားကျန်းမာရေး ငါးနှစ်တာမဟာဗျူဟာ စီမံကိန်းများဖြစ်သည့် ၂၀၀၄-၂၀၀၈နှင့် ၂၀၀၉-၂၀၁၃တို့ကို အောင်မြင်စွာရေးဆွဲနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲသည် တတိယအကြိမ် မျိုးဆက်ပွားကျန်းမာရေး ငါးနှစ်တာ မဟာဗျူဟာစီမံကိန်း၂၀၁၄-၂၀၁၈ ရေးဆွဲခြင်း ဆွေးနွေးပွဲဖြစ်ကြောင်း၊ တက်ရောက်လာသူများ အားလုံးမှ ဝိုင်းဝန်း ပါဝင်ဆွေးနွေးကြရန်နှင့် ဘက်စုံထောင့်စုံပါဝင်သော ၂၀၁၄-၂၀၁၈ ငါးနှစ်တာ မျိုးဆက်ပွား ကျန်းမာရေး မဟာဗျူဟာစီမံကိန်း ပေါ်ထွက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထင်သာမြင်သာ ပြုပြင်စရာ

ဘုရင့်နောင်တံတားပေါ်မှ စက်ဘီးများဖြတ်သန်းမှု သတ်မှတ်စည်းကမ်းလိုက်နာစေချင်

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ဘုရင့်နောင်တံတားသည် ရန်ကုန်-ပုသိမ်လမ်းအတွက် အချက်အချာကျသော တံတားကြီးဖြစ်ပြီး စက်မှုဇုန်နှင့် ဘုရင့်နောင်ပွဲရုံဆင်း အလုပ်သမားများ နေ့စဉ်ဖြတ်သန်းလျက်ရှိရာ နံနက်ပိုင်းနှင့် ညနေပိုင်း၌ ယာဉ်အသွားအလာ ပိတ်ဆို့မှုအများဆုံးဖြစ်ပေါ်သော နေရာဖြစ်ကြောင်း သိရသည်။

ယခင်က ဘုရင့်နောင်တံတား အတက်နှင့် အဆင်းလမ်းတွင် လမ်းများပေါက်ပြဲမှုကြောင့် ယာဉ်များ တရွေ့ရွေ့သွားလာရ၍ တံတားပေါ် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့ပြီး ပြင်ဆင်၍ ယခုအခါ ယာဉ်များသွားလာမှုမြန်ဆန်လာခဲ့သည်။ လမ်းပြင်ဆင်ခဲ့မှုကြောင့် တံတားအဆင်းတွင် ယာဉ်များသွားလာမှု အဆင်ပြေလာသော်လည်း လှိုင်သာယာဘက်ခြမ်း တံတားအတက်၌ ယာဉ်တစ်စီးစာ ဖြတ်သန်းသောနေရာတွင် တံတားအောက်မှတက်လာသော စက်ဘီးများ၊ မှတ်တိုင်မှတက်လာသော စက်ဘီးများ၊ လမ်းပြောင်းပြန်နင်း၍ တံတားပေါ်တက်လာသော စက်ဘီးများ ယာဉ်သွားလမ်းမှ ဖြတ်သန်းတိုးဝှေ့ သွားလာနေသည့်အတွက် ဘုရင့်နောင် တံတားအတက်၌ နံနက်ပိုင်း၊ ညနေပိုင်း ယာဉ်ကြောပိတ်ဆို့မှု ပြေလျော့သွားခြင်းမရှိကြောင်း သိရသည်။

နေ့စဉ် ဘုရင့်နောင်ပွဲရုံသို့ စက်ဘီးစီးအလုပ်သမားများစွာ ဖြတ်သန်းလျက်ရှိရာ လမ်းဘေးဖြစ်သော တံတားနံဘေးမှ ဆင်းတွန်းရန် သတ်မှတ်ထားသော စည်းကမ်းအတိုင်းလိုက်နာပါက လက်ကျန်ယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့နိုင်မည်ဖြစ်ပြီး တံတားအစောင့်လုံခြုံရေး မရှိသည့်အတွက်လည်း စည်းကမ်းမလိုက်နာသော စက်ဘီးသွားလာမှု ပိုမိုများပြားလာခြင်းဖြစ်ကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

ဂင်းနစ်စံချိန်တင်မည့် အိုင်ယာလန်အပြေးသမား ရွှေဘိုမြို့ကို ကျော်ဖြတ်သွား

ရွှေဘို နိုဝင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့တွင် နိုဝင်ဘာ ၂၆ ရက် နံနက် ၄ နာရီခွဲက နိုင်ငံပေါင်း ၁၅ နိုင်ငံကိုကျော်ဖြတ်၍ ဂင်းနစ်စံချိန်တင်မည့် အိုင်ယာလန်နိုင်ငံသား အပြေးသမား Mr.Mangan Nary အသက် (၅၆ နှစ်)သည် ရွှေဘိုမြို့၌ တစ်ညတာနားခိုကာ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

၎င်းအိုင်ယာလန် အပြေးသမားသည် ရွှေဘိုမြို့သို့ နိုဝင်ဘာ ၂၅ ရက် ညနေ ၅ နာရီက ရောက်ရှိလာခဲ့ပြီး ရွှေဘိုမြို့ ပြည်ရွှေသိယ်ဟိုတယ်တွင် တစ်ညတည်းခိုကာ နိုဝင်ဘာ ၂၆ ရက် နံနက် ၄ နာရီခွဲတွင် ကလေးဝ-တမူးလမ်းမှ အိန္ဒိယနိုင်ငံသို့ ဖြတ်သန်းရန် ရွှေဘို-ရေဦးလမ်းမှ ပြန်လည်ထွက်ခွာသွားရာ ရွှေဘိုမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ရွှေဘိုမြို့နယ်ကျော်လွန်သည်အထိ လိုက်လံကူညီစောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။

အောင်ဘုန်းညို(ရွှေဘို)

အင်းလေးဟိုတယ်ဇုန် ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းစည်းဝေး

တောင်ကြီး နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်၌ အကောင်အထည်ဖော်လျက်ရှိသည့် အင်းလေးဟိုတယ်ဇုန် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ လုပ်ငန်းအကောင်အထည်ဖော်ရေး ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်၊ ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်နှင့် ကော်မတီဝင်ဝန်ကြီးများ၊ ကော်မတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်း၊ တံတား၊ လျှပ်စစ်လုပ်ငန်း၊ စက်လှေဆိပ်လုပ်ငန်းများအတွက် တင်ဒါနှင့် BOT စနစ်ခေါ်ယူရာတွင် တင်ဒါများအောင်မြင်ခြင်း မရှိသည့်အတွက် ယခင်ဆောင်ရွက်ဆဲ ကုမ္ပဏီများ ဆက်လက်တာဝန်ပေးအပ်ရေး၊ ဘုန်းတော်ကြီးကျောင်း ထင်းခြံများအတွက် ထောက်ပံ့ငွေများပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ရေး၊ လုပ်ငန်းရှင်များမှတင်ပြသည့် ပိုင်ရေးပိုင်ခွင့် ဆိုင်ရေးဆိုင်ခွင့်များ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံးဆောင်ရွက်ပေးရေး ကိစ္စများ ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သရီးစတား(ဇလွန်သား)**

မြို့နယ်သတင်းထောက်များနှင့် စာမူပေးပို့သူများသို့ ပန်ကြားချက်

မြန်မာ့အလင်း သတင်းစာသို့ အနယ်နယ်အရပ်ရပ်မှ မြို့နယ်သတင်းထောက်များနှင့် အလွတ်သတင်းထောက်များသည် ပြည်သူ့အကျိုးပြုနှင့် ထူးခြားသတင်းဖြစ်စဉ်များအား ပေးပို့ကြရာတွင် မိမိတို့ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားမည်သည့်သတင်းဌာနကိုမျှ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ မြန်မာ့အလင်းသတင်းစာတိုက် အီးမေးလ်လိပ်စာ mmalin.npt @gmail.comနှင့်ဖက်စ်နံပါတ် ၀၆၇-၃၆၁၄၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း။ **စာတည်းအဖွဲ့**

ပြည်တွင်းသတင်း

◆ ရှေ့ဖုံးမှ

ပညာရေးစနစ်ကို ဖန်တီးစီမံခဲ့ကြသည်။ ၁၉၂၀ ဒီဇင်ဘာလ (၁၂၈၂ ခု တန်ဆောင်မုန်းလ)တွင် ရန်ကုန်တက္ကသိုလ် အက်ဥပဒေသစ်ကို မြန်မာပြည်သူပြည်သားများ၏အလိုနှင့်ဆန့်ကျင်ပြီး နယ်ချဲ့အစိုးရက အတင်းအကျပ် ပြဋ္ဌာန်းခဲ့ကြသည်။ ထိုသို့ဆောင်ရွက်ခြင်းကို ၁၉၂၀ ခုနှစ် ဒီဇင်ဘာ ၅ ရက်နေ့ (၁၂၈၂ ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်)တွင် ဆန့်ကျင်ကန့်ကွက်ခဲ့ရာ ထိုနေ့ကိုဂုဏ်ပြုသောအားဖြင့် အမျိုးသားအောင်ပွဲနေ့ဟု သတ်မှတ်ခဲ့သည်။

ယနေ့သည် အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်အတွက် အမျိုးသားပညာရေးလှုပ်ရှားမှု စတင်ဆောင်ရွက်ခဲ့သည့် (၉၃)နှစ်မြောက် အမျိုးသားနေ့ဖြစ်သည်။

နိုင်ငံသားတိုင်းသည် မျိုးချစ်စိတ်ဓာတ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲရေးအတွက် ခိုင်မာသည့် ပညာရေးအခြေခံကောင်းများ ရရှိရန် လိုအပ်သည်။

ရင့်ကျက်ခိုင်မာသည့် အမျိုးသားစိတ်ဓာတ်ဖြင့် အမျိုးသားရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ကို မြန်မာ့သမိုင်းခေတ်အဆက်ဆက်တွင် သာဓကများ ရှိခဲ့ပြီးဖြစ်သည်။ မျက်မှောက်ခေတ်ဖြစ်သည့် အိုင်တီခေတ်တွင် ပြည်ပနိုင်ငံများမှ ထိုးဖောက်ဝင်ရောက်လာသည့် ယဉ်ကျေးမှုနှင့် အတွေးအခေါ်များကို ဝေဖန်သုံးသပ်ပြီး အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်ရေးသည် ခိုင်မာသည့် အမျိုးသားစိတ်ဓာတ်နှင့် စစ်မှန်သည့်ပြည်ထောင်စုစိတ်ဓာတ်များရှိရန် လိုအပ်ပေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေးအတွက် သိသာထင်ရှားသော နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု အခြေခံအုတ်မြစ်များကိုချမှတ်နိုင်ခဲ့ပြီး ပြုပြင်ပြောင်းလဲမှုများကို အစွမ်းရှိသမျှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိပေသည်။ ထိုပြုပြင်ပြောင်းလဲမှုများတွင် ပညာရေးပြုပြင်ပြောင်းလဲမှုများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် လုံးဝအမှီသဟဲပြုလျက်ရှိရာ ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စီမံဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတော်၏ အမျိုးသားပညာရည်မြင့်မားရေးအတွက် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့က နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။ ထိုဆွေးနွေးပွဲရလဒ်တစ်ခုအနေဖြင့် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ၊ အထူးလုပ်ငန်းအဖွဲ့၊ အကြံပေးအဖွဲ့တို့ကိုဖွဲ့စည်းခဲ့ပြီး လုပ်ငန်းအဖွဲ့ ၁၈ ဖွဲ့ကို ထပ်မံဖွဲ့စည်းခဲ့ပါသည်။ ထိုအဖွဲ့များသည် အမျိုးသားပညာရေးမူဝါဒကို ညှိနှိုင်းရေးဆွဲကာ မိဘပြည်သူများ၊ ပညာရှင်များ၊ ပညာရေးနှင့် ပတ်သက်သူများ၊ မီဒီယာများအားရှင်းလင်းတင်ပြကာ အကြံဉာဏ်များကို ကျယ်ကျယ်ပြန့်ပြန့် ရယူစုစည်းပြီး ချက်ချင်းဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများခွဲခြား၍ လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အဓိကအရေးကြီးဆုံးအချက်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြစ်ပေသည်။ နိုင်ငံတော်အတွင်း လက်နက်ကိုင်တိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေးရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများ ရရှိနေပြီဖြစ်ပါသည်။ လက်ရှိအချိန်တွင် နိုင်ငံတစ်ဝန်းလုံးနီးပါး လက်နက်ကိုင်ပဋိပက္ခများ တစ်စတစ်စချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးအသီးအပွင့်များကို ရရှိခံစားနေကြရပြီဖြစ်ပေသည်။

ယနေ့မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်နိုင်ရန်အတွက် ဒီမိုကရေစီစနစ်ကို ခိုင်မာသည့်ရည်မှန်းချက်ဖြင့် ဖော်ဆောင်လျက်ရှိပေသည်။ ဒီမိုကရေစီစနစ်ကို စတင်ဖော်ဆောင်ရာတွင် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများမှစတင်ကာ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတို့ကို ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့နိုင်ငံရေးကို အသွင်ကူးပြောင်းရာတွင် ဗဟိုဦးစီးစနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ကူးပြောင်းလျက်ရှိသည်။ ပြည်သူ့အသံကို ပြည်သူ့ရေးရာ၊ စီမံခန့်ခွဲမှုရေးရာများတွင် ကြားသိပါဝင်ဆောင်ရွက်ခွင့်ရရန်အတွက် ကနဦးဆောင်ရွက်ရမည့်အဆင့်များကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်သမ္မတ၊ ပြည်သူတို့ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့်လွှတ်တော်၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့သည် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဖြစ်သည့် အဓိကမဏ္ဍိုင်ကြီး(၃)ရပ်ကို လက်ကိုင်ပြုလျက် ပြည်သူများနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ တက်ညီလက်ညီ ချီတက်ကြမည်ဖြစ်သည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် ယနေ့ကျရောက်သည့် (၉၃)နှစ်မြောက် အမျိုးသားနေ့၏ဦးတည်ချက်များဖြစ်သည့်

(၁) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
(၂) အမျိုးသားပညာရည်မြင့်မားရေး၊
(၃) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊
(၄) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးတို့ကို အမျိုးသားစည်းလုံးညီညွတ်အင်အားဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အဓိကအရေးကြီးဆုံးအချက်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြစ်၊ နိုင်ငံတော်အတွင်း လက်နက်ကိုင်တိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေးရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများရရှိနေ၊ လက်ရှိအချိန်တွင် နိုင်ငံတစ်ဝန်းလုံးနီးပါး လက်နက်ကိုင်ပဋိပက္ခများ တစ်စတစ်စချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးအသီးအပွင့်များကို ရရှိခံစားနေကြရပြီ။

○ ရှေ့ဖုံးမှ

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်စည်းဝေး

နေပြည်တော် နိုဝင်ဘာ ၂၆

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/ ၂၀၁၃)ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်ငိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၈ ဦးတို့ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက် ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးနန်ဇမုန်က တင်သွင်းပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုးလေဝသ အခြေအနေ

၂၆-၁၁-၂၀၁၃

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

အမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် ကဗျာရွတ်ပြိုင်ပွဲကျင်းပ

ကျောက်ဆည် နိုဝင်ဘာ ၂၆

(၉၃) နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲကို ကျောက်ဆည်မြို့ အထက (၂) အစည်းအဝေးခန်းမဆောင်၌ နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးဝင်းမြင့်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးနှင့် ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်ဦးစီးမှူးများ၊ အမှတ်ပေးဒိုင်များနှင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ကြသည်။ အခမ်းအနားတွင် လက်ထောက်ပညာရေးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးက ပြိုင်ပွဲစည်းကမ်းချက်များနှင့် အမှတ်ပေးပုံအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားကာ ပြိုင်ပွဲကို ကျင်းပခဲ့သည်။ (၉၃) နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် မူလတန်းအဆင့်ကဗျာရွတ်ပြိုင်ပွဲတွင် ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းပေါင်း ခုနစ်ကျောင်း၊ ကျောင်းသား ကျောင်းသူ ၃၃ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

ထွန်းထွန်းနိုင်(ကျောက်ဆည်)

နိုင်ငံတကာသတင်း

ရေနံပိုက်လိုင်း ယိုစိမ့်ပေါက်ကွဲမှုနှင့် ပတ်သက်သူများ တရုတ်ဖမ်းဆီးထား

ပေကျင်း နိုဝင်ဘာ ၂၆

တရုတ်နိုင်ငံ ချင်းတောင်မြို့၌ ဖြစ်ပွားခဲ့သော လူ ၅၅ ဦးသေဆုံးခဲ့ရသည့် ရေနံပိုက်လိုင်းပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်ဆက်နွှယ်သူ ကိုးဦးအား ဖမ်းဆီးထားကြောင်း တရုတ်နိုင်ငံပိုင် မီဒီယာက သတင်းထုတ်ပြန်ခဲ့သည်။

ပေါက်ကွဲမှုမှာ ပြီးခဲ့သည့် နိုဝင်ဘာ ၂၂ ရက်က ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး စီနိုပက်ရေနံကုမ္ပဏီပိုင် ရေနံပိုက်လိုင်းမှ ရေနံယိုစိမ့်မှုဖြစ်ပွားရာမှ မီးလောင်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးခံထားရသူများမှ ခုနစ်ဦးမှာ စီနိုပက်ရေနံကုမ္ပဏီဝန်ထမ်းများဖြစ်ပြီး နှစ်ဦးမှာ မြို့တော်စီးပွားရေးနှင့် နည်းပညာဆိုင်ရာဖွံ့ဖြိုးရေးဇုန်မှ ဖြစ်သည်ဟု သတင်းတွင် ဖော်ပြထားသည်။

ရေနံယိုစိမ့်မှုမှ မီးလောင်ပြီး ပေါက်ကွဲမှုမှာ နှစ်နေရာတွင် ဖြစ်ပေါ်ခဲ့ပြီး ပေါက်ကွဲမှုအတွင်း လူ ၁၆၀ ဒဏ်ရာရရှိခဲ့ပြီး ကိုးဦးပျောက်ဆုံးနေဆဲဖြစ်သည်ဟု သိရသည်။ ပေါက်ကွဲမှုကြောင့် ကွန်ကရစ်ပြားများနှင့် လမ်းများ ကွဲကြေပျက်စီးနေပုံနှင့် ကားများ တိမ်းစောင်းနေပုံတို့ကို သတင်းများတွင် ဖော်ပြထားသည်။ မီးလောင်မှုကို မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ ကျော်ဖြင့် ငြိမ်းသတ်ခဲ့ရသည်ဟု သိရသည်။

နိုဝင်ဘာ ၂၃ ရက်ကမူ ပေါက်ကွဲမှု ဖြစ်စဉ်များအတွက် အနူးအညွတ်တောင်းပန်ပါကြောင်း၊ ပေါက်ကွဲမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများကို စုံစမ်းဖော်ထုတ်နေကြောင်း စီနိုပက် ရေနံကုမ္ပဏီဥက္ကဋ္ဌက ပြောကြားခဲ့သည်။

နိုဝင်ဘာ ၂၄ ရက်က ချင်းတောင်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အသက်ရှင်ကျန်နေသူများထံ သမ္မတရှီကျင့်ဖျင်လာရောက် တွေ့ဆုံအားပေးခဲ့သည်ဟု သိရသည်။ **(ဘီဘီစီ)**

ကမ္ဘာ့ရှေးအကျဆုံးသော ဗုဒ္ဓဘုရားရှင်ရုပ်တုလက်ရာ ဖွားမြင်တော်မူရာမယ်တော်မာယာဘုရားကျောင်း၌ တွေ့ရှိ

ခတ္တမန္ဒူ နိုဝင်ဘာ ၂၆

ဗုဒ္ဓမြတ်စွာဘုရား၏ ရှေးအကျဆုံးသော ပန်းပုလက်ရာကို ဗုဒ္ဓအားဖွားမြင်တော်မူရာနေရာ နီပေါနိုင်ငံ၌ ရှေးဟောင်းသုတေသနပညာရှင်များက တူးဖော်တွေ့ရှိခဲ့ကြောင်း နိုဝင်ဘာ ၂၆ ရက် ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။ နီပေါရှေးဟောင်းသုတေသနပညာရှင်များက လုမ္ဗိနီဥယျာဉ်ရှိ မယ်တော်မာယာဘုရားကျောင်းအတွင်းမြှုပ်နှံထားသော ဘီစီခြောက်ရာစုခေတ်က ဗုဒ္ဓမြတ်စွာဘုရား၏ ရုပ်တုအား သစ်သားဖြင့် ထုလုပ်ထားသည့် ပန်းပုလက်ရာတစ်ခုကို တူးဖော် တွေ့ရှိခဲ့သည်။

အဆိုပါ ပန်းပုလက်ရာသည် သစ်ပင်တစ်ပင်ကို အိမ်အဖြစ်အသုံးပြုထားသည်ဟုဆိုသည်။ ယင်းမှာ ဗုဒ္ဓအားဖွားမြင်ခဲ့သည့် သမိုင်းကြောင်း အထောက်အထားနှင့် ဆက်စပ်လျက်ရှိသည်။ ဗုဒ္ဓအား မယ်တော်မာယာက ဖွားမြင်စဉ် အင်ကြင်းကိုင်းကိုကိုင်၍ ဖွားမြင်စဉ်နှင့် တိုက်ဆိုင်နေသည်ဟုဆိုသည်။ ယင်းတွေ့ရှိမှုသည် ဗုဒ္ဓအား ဖွားမြင်ခဲ့မှုအပေါ် အငြင်းပွားဖွယ်ရာများကို ဖြေရှင်းနိုင်ဖွယ်ရှိသည်ဟု ဆိုသည်။

ထောင်ပေါင်းများစွာသော ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့သည် ဗုဒ္ဓအလောင်းအလျာ သိဒ္ဓတ္ထဂေါတမအား ဖွားမြင်တော်မူရာနေရာအဖြစ် သတ်မှတ်ထားသည့် လုမ္ဗိနီသို့ နှစ်စဉ်နှစ်တိုင်း သွားရောက်ဘုရားဖူးလေ့ရှိကြသည်။

ယခုအထိ ဘုရင်အာသောကလက်ထက် ဘီစီသုံးရာစုထက်စောသော ဗုဒ္ဓဆင်းတုတော်အထောက်အထားများ မတွေ့ရသေးဟုဆိုသည်။ ရှေးဟောင်းသုတေသနပညာရှင်များသည် ဘုန်းတော်ကြီးများ၊ သီလရှင်များနှင့် ဘုရားဖူးပြည်သူများ ဝိုင်းရံနေသော ၎င်းဘုရားကျောင်းအလယ်၌ စတင်တူးဖော်ခဲ့ကြသည်။ ယင်းတို့သည် အမိုးမရှိသော စေတီနေရာကွက်လပ်၌ သစ်သားပန်းပုရုပ်ကို တူးဖော်တွေ့ရှိသည်ဟုဆိုသည်။ ၎င်းရုပ်တုကို အုတ်ချပ်များဖြင့် ဖုံးအုပ်ထားသည်။ ယင်းနေရာ၌ ရှေးအကျဆုံးသော သစ်မြစ်သုံးခု၏ လက္ခဏာကိုလည်း တူးဖော်တွေ့ရှိရသည်ဟုဆိုသည်။ ယင်းတွေ့ရှိမှုများသည် ဗုဒ္ဓဖွားမြင်တော်မူရာနေရာကို ပိုမိုနားလည်သိရှိရန် အလွန်အရေးကြီးကြောင်း နီပေါယဉ်ကျေးမှုနှင့် ခရီးသွား ဝန်ကြီးရမ်ကူးမားရှရက်တာက ပြောသည်။ **(ဘီဘီစီ)**

သီရိလင်္ကာနိုင်ငံသား ၅၆ ဦးကို ရွှေမှောင်ခိုမှုဖြင့် အိန္ဒိယနိုင်ငံ၌ ဖမ်းဆီး

နယူးဒေလီ နိုဝင်ဘာ ၂၆

ကာရာလာပြည်နယ်တောင်ပိုင်းမှ သီရိလင်္ကာနိုင်ငံသား ရွှေမှောင်ခို ၅၆ ဦးကို ဖမ်းဆီးထားကြောင်း အိန္ဒိယအာဏာပိုင်များက နိုဝင်ဘာ ၂၅ ရက်တွင် ပြောသည်။

အဆိုပါပြည်နယ်ကို ချင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ သီရိလင်္ကာနိုင်ငံသားအဖွဲ့နှစ်ဖွဲ့အား ရွှေ ၁၁ ကီလိုဂရမ်မှောင်ခိုတင်သွင်းလာစဉ် ဖမ်းဆီးလိုက်ကြောင်း အိန္ဒိယ အကောက်ခွန်အရာရှိများက ပြောသည်။ ၎င်းတို့အား နိုဝင်ဘာ ၂၄ ရက်က လေဆိပ်၌ ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။ သီရိလင်္ကာနိုင်ငံသားများ ပါဝင်သော ရွှေမှောင်ခိုဖမ်းဆီးမှုတွင် ပထမဆုံးအကြိမ်ဖြစ်သည်ဟု ဆိုသည်။ **အမ်အင်န်အေ(ဆင်ဟွာ)**

အိန္ဒိယနိုင်ငံရှိ ကျောင်းသား ၄၀၀ ကျော် အစာအဆိပ်သင့်၍ ဆေးရုံတင်ရ

နယူးဒေလီ နိုဝင်ဘာ ၂၆

မွမ်ဘိုင်းမြို့ ကျောင်းတစ်ကျောင်းရှိ ကျောင်းသား ကျောင်းသူ ၄၀၀ ထက်မနည်းတို့သည် နိုဝင်ဘာ ၂၅ ရက်က နေ့ခင်းစာအဖြစ် ကျွေးသော ကိတ်မုန့်တစ်ခုစီ စားပြီးနောက် အစာအဆိပ်သင့်မှု လက္ခဏာဖြစ်ပေါ်သဖြင့် ဆေးရုံတင်ပို့ခဲ့ရကြောင်း အိန္ဒိယနိုင်ငံ ပြည်တွင်းနေ့စဉ်သတင်းစာက ဖော်ပြရေးသားထားသည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးမြို့တော်ရှိ ***Anjuman Nurool Islam Urdu*** *ကျောင်းမှ ကျောင်းသား ကျောင်းသူများ အစာစားအပြီး အစာမကြေမှုများဖြစ်ပေါ်ခြင်းဖြစ်သည်ဟု ယင်းသတင်းစာက ရေးသားထားသည်။*

ယခုတစ်ကြိမ် ကျောင်းသားများအစာအဆိပ်သင့် လက္ခဏာဖြစ်ပွားခြင်းသည် ဘီဟာပြည်နယ် အရှေ့ပိုင်း၌ နေ့ခင်းစာ စားအပြီး ကျောင်းသား ၂၃ ဦး အစာအဆိပ်သင့်မှု ဖြစ်ပွားအပြီး လေးလကြာတွင် ဖြစ်ပေါ်ခဲ့ခြင်းလည်း ဖြစ်သည်။ ကလေးများသည် အော့အန်၊ မူးဝေခြင်းနှင့် ဝမ်းဗိုက်နာကျင်ခြင်း လက္ခဏာများဖြင့် နီးစပ်ရာ ဆေးရုံသို့ တင်ပို့ခဲ့ရခြင်းဖြစ်သည်။ ကလေးငယ်များမှာ စိုးရိမ်ရသည့် အခြေအနေမရှိဘဲ ပြန်လည်ကောင်းမွန်သော အခြေအနေသို့ ရောက်ရှိနေပြီဖြစ် ကြောင်း ဆရာဝန်များက ပြောကြားသည်။

စာသင်ကျောင်း တာဝန်ရှိသူများက အစားအသောက်များ ရောင်းချသည့် အဖွဲ့အစည်းများကို လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်ဟု သိရသည်။ *(ဆင်ဟွာ)*

ဇာထိုးပန်းထိုးအထည်များကြောင့် ဘင်္ဂလားဒေ့ရှ်ပို့ကုန် တစ်ဟုန်ထိုးမြင့်တက်

ဒါကာ နိုဝင်ဘာ ၂၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပို့ကုန်ဝင်ငွေသည် လက်ရှိ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် (ဇူလိုင် ၂၀၁၃-ဇွန် ၂၀၁၄) ပထမ လေးလအတွင်း နှစ်အလိုက် ၁၇ ရာခိုင်နှုန်း တိုးတက်ကာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံခန့် ရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ်ဘဏ္ဍာနှစ်စကတည်းက ကမ္ဘာ့ဈေးကွက်တွင် ဘင်္ဂလားဒေ့ရှ်အသင့်ချုပ်အထည်များ ဝယ်လိုအားကောင်းခဲ့သဖြင့် ဇူလိုင်လမှ အောက်တိုဘာလ ပို့ကုန်သည် အမေရိကန်ဒေါ်လာ ၉၇၄၇ ဒသမ ၁၇သန်း အထိ ရောက်ရှိခဲ့ကြောင်း ပို့ကုန်မြှင့်တင်ရေး ဗျူရိုအဖွဲ့က ဆင်ဟွာသို့ ပြောကြားသည်။ ယင်းကာလအတွင်း ဇာထိုးပန်းထိုး အဝတ်အထည်များ တင်ပို့မှုမှာ ၁၇ ဒသမ ၈၅ ရာခိုင်နှုန်း တိုးတက်ကာ အမေရိကန်ဒေါ်လာ ၄၀၂၂ ဒသမ ၂၁ သန်း ရရှိခဲ့သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တရုတ်လုပ်ရဟတ်ယာဉ် ၁၂ စင်း ကမ္ဘောဒီးယားသို့လွှဲပြောင်း စစ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင်သုံးနိုင်

ဖနောင်ပင် နိုဝင်ဘာ ၂၆

ကမ္ဘောဒီးယားနိုင်ငံက ဝယ်ယူထားသော တရုတ်လုပ်ရဟတ်ယာဉ် Zhi-9 (Z-9)ရဟတ်ယာဉ် ၁၂ စင်းကို ကမ္ဘောဒီးယားတော်ဝင်လေတပ်သို့ နိုဝင်ဘာ ၂၅ ရက်က ပေးပို့လိုက်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီး တီးဘန့်ချ်နှင့် ကမ္ဘောဒီးယားဆိုင်ရာ တရုတ်သံအမတ်ကြီး ဘူကျန်ဂေါ်တို့သည် ဖနောင်ပင်မြို့၌ ကျင်းပသော အဆိုပါ ရဟတ်ယာဉ် လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ရဟတ်ယာဉ်လွှဲပြောင်းပေးမှုသည် တရုတ်နိုင်ငံက ကမ္ဘောဒီးယားနိုင်ငံသို့ ထောက်ပံ့ပေးနေမှုများအနက်မှ သမိုင်းသစ်အောင်မြင်မှုပင်ဖြစ်ကြောင်း တီးဘန့်ချ်က ပြောသည်။ ယင်းရဟတ်ယာဉ်များသည် ကမ္ဘောဒီးယားတပ်မတော် တောင့်တင်းခိုင်မာလာရေးလေ့ကျင့်ရာတွင် အသုံးပြုနိုင်မည်ဖြစ်သည့်အပြင် သဘာဝဘေးကဲ့သို့သော လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးရာတွင်လည်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နှင့် တွဲဖက်ခေါင်းဆောင်တို့၏ ဦးဆောင်မှုအောက်တွင် အကောင်းဆုံးသော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများလည်းဖြစ်ကြောင်း တီးဘန့်ချ်ကပြောသည်။

တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ ဆက်ဆံရေးသည် ပိုမိုနီးကပ်စွာရှိလာကြောင်း၊ ၂၀၁၀ ခုနှစ်က မဟာဗျူဟာပေါင်းဖော်ဖက်အဖြစ်သို့ရောက်ရှိခဲ့ကြောင်း၊ ကောင်းမွန်သောနှစ်နိုင်ငံဆက်ဆံရေးသည် နှစ်နိုင်ငံပြည်သူများအတွက် အပြန်အလှန်တိုးတက်စေလိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။ Z-9 ရဟတ်ယာဉ်များသည် လူနှင့်အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်နိုင်ကြောင်း ဘူကျန်ဂေါ်က ပြောသည်။ ၎င်းရဟတ်ယာဉ်များသည် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်း အသုံးပြုသည်ဟု ဆိုသည်။

အမ်အင်န်အေ(ဆင်ဟွာ)

အာဖဂန်မှာဆက်နေဖို့ ကြိုးစားနေတဲ့ အမေရိကန်

မောင်နွေသစ်

ဆယ်စုနှစ်တစ်ခုကြာ ကျူးကျော်ခဲ့တဲ့ အမေရိကန်တွေအပေါ် အာဖဂန်ပြည်သူတစ်ရပ်လုံးကတော့ မုန်းတီးနေကြပြီလို့ ဆိုနိုင်စရာရှိပါတယ်။ အမေရိကန်ဦးဆောင်တိုက်ခိုက်တဲ့ တိုက်ပွဲတွေမှာ အရပ်သားသေဆုံးမှုတွေ များပြားလာတာနဲ့အမျှ အာဖဂန်ပြည်သူတွေအကြား အမေရိကန်မုန်းတီးရေးဝါဒကလည်း ကြီးထွားလာခဲ့ပါတယ်။

အာဖဂန်လူမျိုးစုအစည်းအဝေးကျင်းပနေစဉ်။

အာဖဂန်နစ္စတန်နိုင်ငံရဲ့ အနာဂတ်လုံခြုံရေးမှာ အမေရိကန်စစ်ဘက်ကပါဝင်ပတ်သက်လာနိုင်တဲ့ ဖြစ်နိုင်ဖွယ်ရှိတဲ့ လုံခြုံရေးစာချုပ်ကို ကန့်ကွက်တဲ့အနေနဲ့ အာဖဂန်ပြည်သူတွေက နိုဝင်ဘာလဆန်းပိုင်းမှာ ကဘူးလ်မြို့လမ်းတွေပေါ် ထွက်ပြီး ဆန္ဒပြခဲ့ကြပါတယ်။

ဆန္ဒပြမှုသူတွေက အမေရိကန်တပ်တွေ ဆုတ်ခွာပေးဖို့လိုကြောင်း၊ လုံခြုံရေး စာချုပ်သစ်ချုပ်ဆိုဖို့မလိုအပ်တော့ကြောင်း ဆော်သြတိုက်တွန်းကြပါတယ်။ အကယ်၍ ဒီစာချုပ်ချုပ်ဆိုခဲ့မယ်ဆိုရင် အမေရိကန်တပ်တွေဟာ လာမယ့်နှစ်တွေမှာ ဆက်ရှိနေဦးမှာ ဖြစ်ပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံမှာ ပြည်ပတပ်ဖွဲ့ဝင် ၈၅၀၀၀ ရှိရာမှ အများစုကတော့ အမေရိကန်တွေ ဖြစ်ပါတယ်။

အမေရိကန် တပ်ဖွဲ့ဝင်တွေ အာဖဂန်မှာဆက်နေဖို့ဆိုတာ မသေချာသေးပါဘူး။ တပ်ဖွဲ့ဝင်တွေ ထပ်မံထားရှိရေး အာဖဂန်အစိုးရနဲ့မှုအားဖြင့် သဘောတူထားပေမယ့် လူမျိုးစုခေါင်းဆောင်တွေရဲ့ သဘောထားကလည်း အရေးကြီးပါတယ်။ လူမျိုးစုခေါင်းဆောင်များ အစည်းအဝေးက ခွင့်ပြုပြီး ပါလီမန်က အတည်ပြုမှသာလျှင် အမေရိကန်တပ်တွေ အာဖဂန်မှာဆက်လက်ခြေချနိုင်မှာဖြစ်ပါတယ်။ လောလောဆယ်မှာတော့ အမေရိကန်က ဒီစာချုပ်ကို အမြန်ဆုံးချုပ်ဖို့ တောင်းဆိုထားပါတယ်။

သို့ပေမယ့် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းကတော့ ဒီကိစ္စကို အမြန်မလုပ်နိုင်ကြောင်း ငြင်းဆိုထားပါတယ်။

ဝါရှင်တန်ကတော့ ကဘူးလ်အစိုးရကို ဒီစာချုပ်ချုပ်ဆိုဖို့အတွက် မကြာသေးမီက ဖိအားပေးလာပါတယ်။ အာဖဂန်ပြည်သူတွေကြား အမေရိကန် မုန်းတီးရေးစိတ်ဓာတ်ကြီးထွားလာရတဲ့ အကြောင်းကတော့ အမေရိကန်ဦးဆောင်တဲ့ တိုက်ခိုက်မှုတွေမှာ အာဖဂန်အရပ်သားတွေ သေဆုံးမှုများပြားလာတဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။

အမေရိကန်တွေဟာ အာဖဂန်နစ္စတန်နိုင်ငံကို ကျူးကျော်လာခဲ့သည်မှာ ဆယ်စုနှစ် တစ်စုကျော်ခဲ့ပြီဖြစ်ပေမယ့် လုံခြုံရေးကတော့ ဝေးနေဆဲပါ။ အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်ပွားနေဆဲပါ။

တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံအဖြစ်သို့ ပြန်ရောက်ဖို့ ရုန်းကန်ကြိုးစားနေရဆဲ ဖြစ်ပါတယ်။ ဒီအချက်ကို အကြောင်းပြုပြီးတော့လည်း အမေရိကန်တွေ အာဖဂန်နယ်မြေက မထွက်ချင်ကြသေးပါဘူး။

ဒီလိုဖြစ်နေခြင်းရဲ့ အကြောင်းကတော့ အမေရိကန်တွေမှာ ရည်ရွယ်ချက်တစ်ခုခုရှိလို့ ဖြစ်မှာပါ။

အရှေ့အလယ်ပိုင်းဒေသမှာ အမေရိကန်ရဲ့ စစ်ရေးချိန်ခွင်လျှာ ပိုမိုခိုင်မာဖို့လား၊ တကယ်ပဲ အာဖဂန်ရဲ့ လုံခြုံရေးကို ပေးချင်လို့လား ဆိုတာကတော့ မပြောနိုင်သေးပါဘူး။

သံတောင်ကြီးမြို့၌ သန်းခေါင်စာရင်းအကြောင်း ဟောပြော

သံတောင်ကြီး နိုဝင်ဘာ ၂၆

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းအကြောင်း အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက သံတောင်ကြီးမြို့ အမှတ်(၂)ရပ်ကွက် စူပါဝမ်းခန်းမတွင်လည်းကောင်း၊ နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီက အမှတ်(၁)ရပ်ကွက် ဇိုင်းယန်းခန်းမ၌လည်းကောင်း ကျင်းပသည်။

အခမ်းအနားတွင် သံတောင်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဝင်းက အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးမျိုးတင့်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစောတီမသေတို့က သန်းခေါင်စာရင်းဆိုင်ရာအကြောင်း ဟောပြောကြသည်။ဟောပြောပွဲသို့ မြို့နေပြည်သူ ၅၁၀ကျော် တက်ရောက်ခဲ့ပြီး သိလိုသည်များမေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုတီ(သံတောင်)

ဒီးမော့ဆိုမြို့နယ်၌ လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

ဒီးမော့ဆို နိုဝင်ဘာ ၂၆

လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်တွင် နိုဝင်ဘာ ၂၅ ရက် နံနက် ၆ နာရီက ဒီးမော့ဆိုမြို့နယ် အိုကေကျေးရွာအုပ်စု သာရပ်ကျေးရွာတွင် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာကယားပြည်နယ်မူးယစ်(အထူး)မှ တပ်ကြပ်နေမင်းထွန်း၊ တောင်ကြီးမူးယစ်အထူး(လွိုင်ကော်လှုပ်ရှား)မှ ဒုရဲအုပ်နိုင်စိုးနှင့် ဒီးမော့ဆို မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် ဇေယျာလင်းဦးစီးအဖွဲ့တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးသတင်းအရ ဒီးမော့ဆိုမြို့နယ် အိုကေကျေးရွာအုပ်စု သာရပ်ကျေးရွာ အိမ်အမှတ် သ/၄၁ နေ ထွန်းအောင်မျိုး(ခ)ကိုမျိုး(ခ)မောင်အေး၏နေအိမ်သို့ သက်သေများနှင့်အတူဝင်ရောက်ရှာဖွေရာ ထွန်းအောင်မျိုး(ခ) ကိုမျိုး(ခ)မောင်အေးကို တွေ့ရှိရပြီး နေအိမ်ဧည့်ခန်းအတွင်းမှ ၃၈ ဘို့ စပါယ်ရှယ်ကျည်၁၂တောင့်၊ ကာဘိုင်ကျည် ခုနစ်တောင့်၊ ၄၅ ဘို့ကျည်သုံးတောင့်၊ ၃၂ ခြောက်လုံးပြူးကျည် ငါးတောင့်၊ ၄င်းကျည်ကတ်တစ်ခု၊ ကာဘိုင်ကျည်ကတ်တစ်ခု၊ ၂၂ ကျည်ကတ် နှစ်ခု၊ လုပ်သေနတ်တစ်လက်နှင့် နေအိမ်အရှေ့ကားဂိုဒေါင်အတွင်းမှ ၈ခ/---- နံပါတ်ပါ အမျိုးအစား အစိမ်းရောင်ပုပ်လိုင်စင်မဲ့ကားတစ်စီးတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။ အဆိုပါ တရားမဝင်လက်နက်ခဲယမ်းများ ကိုင်ဆောင်ထားပြီး လိုင်စင်မဲ့ကားလက်ဝယ်ထားရှိသူ ထွန်းအောင်မျိုး (ခ)ကိုမျိုး(ခ)မောင်အေး (၃၉ နှစ်) ဒီးမော့ဆို မြို့မရဲစခန်းကအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လဟယ်မြို့တွင် အရန်သားဖွားသင်တန်းဖွင့်

လဟယ် နိုဝင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အရန်သားဖွားသင်တန်း တတိယအကြိမ်မြောက် သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက လဟယ်မြို့ ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

ရှေးဦးစွာ နာဂဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစံကြူးက သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအိန္ဒယ်လှိုင်ပူက သင်တန်းကာလအတွင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် သင်တန်းသူများအား အောင်သီရိရန်ပံ့ငွေမှ ထောက်ပံ့မှုအစီအစဉ်နှင့် သင်တန်းသူများ ကျေးရွာသို့ လက်တွေ့ကွင်းဆင်း ဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ရမည့် အစီအစဉ်များ ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါသင်တန်းသည် လဟယ်မြို့နယ်တွင် သုံးကြိမ်မြောက်ဖွင့်လှစ်နိုင်ခဲ့ပြီး လဟယ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု နယ်မြေအလိုက် ကျန်းမာရေးလုံခြုံမှုရရှိအောင် ဒေသခံများကို သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ခြောက်လကြာဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် အဆိုပါသင်တန်းကာလအတွင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌက သင်တန်းသူများအား ထောက်ပံ့ငွေကျပ်တစ်သိန်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှလည်း သင်တန်းသူများစားစရိတ် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကိုင်းခုတ်ဓားဖြင့် ခုတ်သတ်ပြီး ထွက်ပြေးတိမ်းရှောင်သူ တရားခံအားဖမ်းမိ

ကျောက်တံခါး နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုရဲစခန်းအပိုင်တွင် နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီခန့် က ဂျို့ချောင်းလေးကျေးရွာအုပ်စု ဂျို့ချောင်း လေးကျေးရွာ ဘိုင်းဒါးချောင်းအနီး သဖန်းဆိပ် လယ်ထဲတွင် ဝင်းဆန်း(၃၁ နှစ်)နှင့် လှမြင့်(ခ)ပေါက်ကြီး (၅၀နှစ်) အုတ်ဖိုကျေးရွာ ဝိုင်းကြီးအုပ်စုနေသူတို့ စကားများရန်ဖြစ်ကြပြီး လှမြင့်(ခ)ပေါက်ကြီးက ဝင်းဆန်းအား ကိုင်းခုတ်ဓားဖြင့် လည်ပင်းကို ခုတ်လိုက်ရာ နေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့သဖြင့် လှမြင့်(ခ)ပေါက်ကြီးသည်ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း သိရသည်။

ထွက်ပြေးတိမ်းရှောင်သူ လှမြင့်(ခ)ပေါက်ကြီးအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းညွှန့်၏ စီစဉ်ညွှန်ကြားမှုဖြင့် ဖဒိုရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်ကျော်ဦး၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇေယျာထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးမှူးနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နိုဝင်ဘာ ၂၄ ရက် နံနက် ၇ နာရီက ကျောက်ကြီးမြို့နယ် မုန်းမြို့အနီး လယ်ထဲတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

လက်ကိုင်ဖုန်း ခိုးယူမှု အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၆

နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက မကွေးတိုင်းဒေသကြီး မကွေးမြို့ စိုးကောမင်း ရပ်ကွက်ရှိ ထိန်ထိန်သာ အမျိုးသမီးဘော်ဒါဆောင်ဘုရားခန်းတွင် ငဖဲမြို့နယ်နေ မဇာလီဝင်း(၂၁)နှစ်သည် ဆင်းကတ်ထည့်သွင်းထားသည့် ၄င်းပိုင် ၀၉-- Huawei အမျိုးအစား အနက်ရောင်လက်ကိုင်ဖုန်းကို အားသွင်းထားရာမှ ပျောက်ဆုံးနေကြောင်း သိရှိရသဖြင့် အဆောင်နေသူများနှင့် ဧည့်သည်များကို တစ်ဦးချင်းရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့ရှာဖွေစဉ် ငဖဲမြို့နယ်နေ ဒေါ်အုန်းကြင်(၄၀နှစ်)မှာ ထွက်ပြေးသွားသဖြင့် အဆောင်နေသူများနှင့် ဝိုင်းဝန်းဖမ်းဆီးပြီး ရှာဖွေခဲ့ရာ ၄င်း၏ ထဘီခါးကြားတွင် ပျောက်ဆုံးနေသည့် လက်ကိုင်ဖုန်းကို ပြန်လည်တွေ့ရှိသဖြင့် ဒေါ်အုန်းကြင်ကို မကွေးမြို့မရဲစခန်းက အရေးယူထားကြောင်း သတင်းရရှိသည်။

ကိုရဲ

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး အမျိုးသားရေးအားမာန်ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည်

အမျိုးသားနေ့သည် မြန်မာနိုင်ငံ၏လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစဉ်တွင် မော်ကွန်းဝင်သမိုင်းမှတ်တိုင်တင်ထားသည့် ထူးခြားသည့် နေ့တစ်နေ့ဖြစ်သည်။

အမျိုးသားရေးလှုပ်ရှားမှုသည် နိုင်ငံ၏လွတ်လပ်ရေးကို အရယူနိုင်သည်အထိ အထောက်အပံ့ဖြစ်ခဲ့သည်။ ကိုလိုနီနယ်ချဲ့တို့သည် ၁၈၂၄၊ ၁၈၅၂ နှင့် ၁၈၈၅ ခုနှစ်များတွင် ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး မတရားနယ်ချဲ့ခြင်းဖြင့် မြန်မာနိုင်ငံ၏လွတ်လပ်ရေးကို သိမ်းပိုက်ခဲ့သည်။ မြန်မာတို့သည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးခဲ့ရသော်လည်း တစ်မျိုးသားလုံး၏ ရင်တွင်းဝယ်တူညီသော နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များမှာ ထက်မြက်မြင့်မားစွာ အမြစ်တွယ်ခဲ့သည်။

ထိုအချိန်က နယ်ချဲ့တို့သည် မြန်မာတို့၏မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်တို့ကို ဖိနှိပ်ခဲ့ကြသည်။ နယ်ချဲ့ကိုအကျိုးပြုသော လူနည်းစုအတွက် ရည်ရွယ်သည့် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်၌ ပြဋ္ဌာန်းခဲ့သည်။

ထိုဥပဒေအရ မြန်မာနိုင်ငံတိုင်းရင်းသားလူငယ်အများစုမှာ အဆင့်မြင့်ပညာသင်ယူခွင့်မရှိဘဲ မြန်မာနိုင်ငံကို လက်ဝါးကြီးအုပ်စိုးမိုးနိုင်မည့် ကိုလိုနီပညာရေးကိုသာ အမွေပေးသင်ကြားစေခဲ့သည်။

ထို့ကြောင့် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်မြင့်မားခိုင်မာသည့် မျိုးချစ်လူငယ်များသည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက် (မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့)တွင် အဆိုပါ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်ခဲ့ကြပြီး တိုးတက်ကောင်းမွန်သော တက္ကသိုလ်ပညာရေးစနစ်ကို တောင်းဆိုခဲ့ကြသည်။

ကိုလိုနီနယ်ချဲ့၏ အုပ်ချုပ်စိုးမိုးမှုအောက်မှ ပထမဆုံးစတင်ခဲ့သည့် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှု တစ်ရပ်လည်းဖြစ်သည်။ ထိုကာလများက အမျိုးသားရေးလှုပ်ရှားမှုများတွင် "ကိုလိုနီကျွန်ပညာရေးအလိုမရှိ" ဟူသော ကြွေးကြော်သံနှင့်အတူ "ကိုယ့်အမျိုးကိုချစ်ပါ၊ မြန်မာစာပေကို မြတ်နိုးပါ၊ မြန်မာစကားကိုလေးစားပါ" ဟူသော ကြွေးကြော်သံများသည် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့ခဲ့သည်။ မြန်မာနိုင်ငံအနှံ့ အမျိုးသားကျောင်းများ တည်ထောင်ကာ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်များ အခိုင်အမာထွန်းကားစေခဲ့သည်။ တိုင်းရင်းသားပြည်သူတို့၏ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုမြင့်မားခဲ့သည်။

● မြန်မာနိုင်ငံအနှံ့ အမျိုးသားကျောင်းများ တည်ထောင်ကာ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်များ အခိုင်အမာ ထွန်းကားစေခဲ့။ တိုင်းရင်းသားပြည်သူတို့၏ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုမြင့်မားခဲ့

● အမျိုးသားရေးလှုပ်ရှားမှုကြီးသည် မြန်မာတိုင်းရင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးတိုက်ပွဲအတွက် တပ်လှန့်နှိုးဆော်လိုက်သည့် လှုပ်ရှားမှုကြီးဖြစ်သည့်အတွက် ထိုနေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ်ကျင်းပခဲ့

တင်တင်ဝင်း(မြန်မာ့အလင်း)

အဆိုပါလှုပ်ရှားမှုသည် ကိုလိုနီပညာရေးစနစ်ကို ဆန့်ကျင်တော်လှန်ခြင်းသာမက နယ်ချဲ့အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုများကိုပါ တွန်းလှန်တိုက်ခိုက်နိုင်ခဲ့သည်။ ထို့နောက်တွင် တို့ဗမာအစည်းအရုံးက အမျိုးသားလှုပ်ရှားမှုများကို တိုးမြင့်ဆောင်ရွက်ခဲ့ပြီး လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နိုင်သည်အထိ ထိရောက်နိုင်ခဲ့သည်။

ထို့ကြောင့် အဆိုပါ အမျိုးသားရေးလှုပ်ရှားမှုကြီးသည် မြန်မာတိုင်းရင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးတိုက်ပွဲအတွက် တပ်လှန့်နှိုးဆော်လိုက်သည့် လှုပ်ရှားမှုကြီးဖြစ်သည့်အတွက် ထိုနေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစကာလတွင် တိုင်းရင်းသားအချို့သည် နယ်ချဲ့၏ သွေးခွဲအုပ်ချုပ်မှုစနစ်အရ တစ်ဦးနှင့်တစ်ဦး အမြင်လွဲမှားကာ စည်းလုံးရေးပြိုကွဲခဲ့သည်။ ယခုအခါ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းစွမ်းဆောင်မှုကြောင့် တစ်မျိုးသားလုံးစည်းလုံးညီညွတ်မှု ပြန်လည်ခိုင်မာလာပြီး နိုင်ငံနှင့်အဝန်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးဆီသို့ ဦးတည်နေသည်ကို တွေ့မြင်နိုင်ပြီဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပညာရေးမြှင့်တင်မှုအစီအစဉ်အရ ပညာရေးကဏ္ဍ၊ ဆေးပညာကဏ္ဍနှင့် သိပ္ပံနှင့်နည်းပညာကဏ္ဍတို့တွင် အမျိုးသားပညာရည်မြင့်မားရေး အထူးစီမံကိန်းများကို ချမှတ်ဆောင်ရွက်ခဲ့သည်။

အနှစ် ၃၀ နှစ်ရှည် ပညာရေးစီမံကိန်းလုပ်ငန်းစဉ်များကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးအစီအစဉ်အရ ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ ပိုမိုရခဲ့ပြီးဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့ အခြေခံပညာကျောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

ဆက်သွယ်ရေးဂြိုဟ်တုမှတစ်ဆင့် အချက်အလက်များ ပေးပို့သင်ကြားခြင်း သင်ယူခြင်းပြုလုပ်နိုင်သည့်စနစ် (Electronic Data Bord)ကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်တွင် စတင်ခဲ့ရာ ယခုအခါ အီလက်ထရွန်နစ်သင်ယူမှုဌာနပေါင်းများစွာ ရှိခဲ့ပြီးဖြစ်သည်။

အပြန်အလှန်တုံ့ပြန်သင်ကြားသင်ယူမှုနည်းစနစ် (Interactive System)အသုံးပြုနိုင်သောVSAT-System (Very Small Aperture Terminal System)အခု ၄၀ ကျော်ကို တက္ကသိုလ်နှင့်ကောလိပ်များတွင် တပ်ဆင်ဆောင်ရွက်လျက်ရှိသည်။ ဤသည်မှာ တိုင်းရင်းသားပြည်သူအားလုံးကို အကျိုးပြုမည့် မြန်မာ့အဆင့်မြင့် နည်းပညာကွန်ရက်ကို တည်ထောင်နိုင်ခြင်း ဖြစ်သည်။

ထို့ကြောင့် (၉၃) နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များဖြစ်သည့်

- ❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- ❖ အမျိုးသားပညာရည်မြင့်မားရေး၊
- ❖ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊
- ❖ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

ဟူသည့် ဦးတည်ချက်များနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရင်း နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအားမာန်အပြည့်အဝဖြင့် အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

(၉၃)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ★ အမျိုးသားပညာရည်မြင့်မားရေး၊
- ★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊
- ★ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

(၉၃)နှစ်မြောက် အမျိုးသားနေ့

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်
(၂၇-၁၁-၂၀၁၃)

အမျိုးသားနေ့အောင်ပွဲအကြို စာပေဟောပြောပွဲ ပဲခူးမြို့၌ ကျင်းပ

ပဲခူး နိုဝင်ဘာ ၂၆

(၉၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်စာပေဟောပြောပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ပဲခူးအထက(၃) (ယခင် အမျိုးသားတန်းမြင့်ကျောင်း) ကွင်းပြင်၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဇင်သက်ဦးနှင့် စာပေဟောပြောပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဝတ်ရည်ခင် (ပဲခူး) တို့က နှုတ်ခွန်းဆက်စကား ပြောကြား ကြ သည်။

စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)က "ငှက်တို့၏သမိုင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ချစ်ဦးညိုက "ကျွန်တော့်မှာ မရှိပါ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမျိုးသားရေး၊ မျိုးချစ်စိတ်ဓာတ်နှင့် လူငယ်များနှလုံးသားတွင် စွဲထင်ခံယူရမည့် အမျိုးသားနေ့ဆိုင်ရာ အကြောင်းအရာများကို ဟောပြောကြသည်။

ပေးအပ်

ထို့နောက် ကျောင်းသားဟောင်းကိုကျော်ဌေးက ကျေးဇူးတင်စကား ပြောကြားပြီး ဟောပြောသည့် စာရေးဆရာများအား ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား ကျောင်းသူများ၊ စာပေဝါသနာရှင်များက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

(၁၂၁)

အမျိုးသားနေ့ ဂုဏ်ပြုရှုပေ နှုတ်ခွန်း (ကာချင်း)

» မျိုးမြတ်မွန်သည် မြန်ပြည်လော မြန်ပြည်လော
ဟုတ်တည်း ဖော်ချင်း ဖော်ချင်း
ဟုတ်တည်း နောင်ရင်း နောင်ရင်း
ဟုတ်တည်း- ဆွေရင်း-ဆွေရင်း ။

» မျိုးမြန်မာတို့ရွှေမြေ သာစေ အေးစေ
ရေးတစ်ခေတ်ဆီ၊ ကိုလိုနီတို့
နှိမ်ချိုး တို့တိုင်းပြည်-တို့တိုင်းပြည်။
ပညာရေးနိမ့်ကျ လူမှုဘဝ
များစွာ ဝမ်းနည်းဖွယ်-ဝမ်းနည်းဖွယ် ။

» ကိုလိုနီပညာရေးစနစ်တည့်၊
ဆန့်ကျင်သမိုင်းသိ ရှေးခါဝယ်- ရှေးခါဝယ်
ကောလိပ်ကျောင်းသား သပိတ်လျှင်
စတင်ပေါက်ဖွား၊ ထိုနေ့အား
လေးစားဂုဏ်ပြု၍ အမျိုးသားနေ့
ယနေ့ အခွန့်ရှည်-အခွန့်ရှည် ။

» တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်
အမျိုးသားနေ့၊ မမေ့မော်ကွန်းတည်၊ မော်ကွန်းတည်။

» ပညာရည်မြင့်မား၊ ပြည့်တိုင်းကား
ဆင့်ပွားဂုဏ်တက်ပြီ၊ ဂုဏ်တက်ပြီ
နှစ်စဉ်လေးစား၊ ဦးတည်ချက်များ
ကြိုးစားသတိမူ၊ များပြည်သူ
ကြည်ဖြူ ရည်မှန်းပေ၊ ရည်မှန်းပေ ။

» တို့အမျိုးသားဂုဏ်၊ ဇာတိဂုဏ်
ပြည့်စုံစောင့်ထိန်းဖွယ်၊ စောင့်ထိန်းဖွယ်
စပါးပွင့်ဖုံး၊ တန်ဆောင်မုန်း
ပြည့်အဝန်း မြဆောင်းအေးလေ၊ မြဆောင်းအေးလေ ။

» ခဝဲပွင့်ဝေ၊ ဝါရွှေရည်
မွှေးပေပန်းနံ့မွှန်၊ ပန်းနံ့မွှန် ။

» အမျိုးသားနေ့၊ ဂုဏ်ပြု၍
လှပနှုတ်ခွေ၊ နှုတ်ခွေ
တိုးပွားစေ့ထွေ
ကြိုးစား၍မသွေ
အမျိုးသားနေ့ပေ ။ ။

(၉၃)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုလျက်-

ဌေး (မော်ဝန်း)

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ဩစတြေးလျနိုင်ငံသို့ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၂၆

ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ဩစတြေးလျနိုင်ငံသို့ ထွက်ခွာသွားသည်။

ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်သည် ဆစ်ဒနီမြို့၊ ကင်ဘာရာမြို့၊ မဲလ်ဘုန်းမြို့တို့သို့ သွားရောက်မည်ဖြစ်ပြီး ဩစတြေးလျရောက် မြန်မာမိသားစုများနှင့် တွေ့ဆုံခြင်း၊ ဩစတြေးလျနိုင်ငံဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးတို့နှင့် တွေ့ဆုံခြင်း၊ ဩစတြေးလျတက္ကသိုလ်များ၌ ပညာရေးဆိုင်ရာ လေ့လာဆွေးနွေးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကာ ဒီဇင်ဘာ ၂ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် စစ်တွေအကျဉ်းထောင် စစ်ဆေး

စစ်တွေ နိုဝင်ဘာ ၂၆

ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်သည် နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ပြည်နယ်တရားရေးဦးစီးမှူး ဦးခင်မောင်နှင့် စစ်တွေခရိုင်တရားသူကြီး ဒေါ်အေးသိန်းတို့နှင့်အတူ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေနှင့်အညီ စစ်တွေအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးကြည့်ရှုသည်။

အကျဉ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် စစ်တွေအကျဉ်းထောင် ထောင်မှူးတို့က အကျဉ်းထောင်ရှိ အကျဉ်းသား အကျဉ်းသူများနှင့် အချုပ်တရားခံများ၏ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြည်နယ်တရားသူကြီးချုပ်နှင့် အဖွဲ့သည် အကျဉ်းထောင်ရှိအိပ်ဆောင်များ၊ စားဖိုဆောင်နှင့်ဆေးရုံဆောင်တို့ကိုစစ်ဆေးကြည့်ရှုပြီး အကျဉ်းသား၊ အကျဉ်းသူ အချုပ်တရားခံများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့်ဥပဒေဘောင်အခွင့်အရေးများ ရရှိမှုအခြေအနေများကို စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။ **လ/၀၀၃**

ဆောက်လုပ်ရေး၊ လျှပ်စစ်၊ ရေနှင့် ရေသန့်စင်ရေး အင်ဂျင်နီယာလုပ်ငန်း နိုင်ငံတကာပြပွဲဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၂၆

AMB Events Group, Malaysia နှင့် Care Freight Services Ltd. တို့ပူးပေါင်းစီစဉ်သော မြန်မာ့အကြီးကျယ်ဆုံး ဆောက်လုပ်ရေး၊ လျှပ်စစ်၊ ရေနှင့်ရေသန့်စင်ရေးအင်ဂျင်နီယာလုပ်ငန်းများဆိုင်ရာ နိုင်ငံတကာပြပွဲ (Myanmar's Biggest International Infrastructure Exhibition) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် AMB Events Group, Malaysia ဒါရိုက်တာ Mr.Andrew Siow တို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြခန်းအတွင်း ကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**

ဖွင့်လှစ်ပြသ

ပြပွဲတွင် ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းများ၊ လျှပ်စစ်စွမ်းအားဆိုင်ရာ ပစ္စည်းများ၊ ရေနှင့် ရေသန့်စင်ရေးဆိုင်ရာပစ္စည်းများကို ပြည်တွင်းပြည်ပ ကုမ္ပဏီပေါင်း ၂၅၀ ကျော်မှ ပြခန်းပေါင်း ၁၆၀ ကျော်ဖြင့် နိုဝင်ဘာ ၂၈ ရက်ထိ ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂြိုဟ်တုနည်းပညာဆိုင်ရာမိတ်ဆက်၊ အနာဂတ်မြန်မာနိုင်ငံတွင် ဂြိုဟ်တုနည်းပညာကဏ္ဍ ပိုမိုမြင့်မားတိုးတက်လာစေရန်ရည်ရွယ်

နေပြည်တော် နိုဝင်ဘာ ၂၆

ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာနေသည့် နည်းပညာကဏ္ဍ ပိုမိုတိုးတက်လာစေရန်နှင့် မြန်မာနိုင်ငံအတွင်း ဂြိုဟ်တုမှ သတင်းအချက်အလက်ရယူအသုံးပြုမှုဆိုင်ရာများ ပိုမိုကောင်းမွန်တိုးတက်လာစေရန်ရည်ရွယ်၍ ဂြိုဟ်တုနည်းပညာ မိတ်ဆက်ပွဲအခမ်းအနားတစ်ရပ်ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ရတနာသိယ်ဟိုတယ်၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

မြန်မာနိုင်ငံဘက်မှ SATC ကုမ္ပဏီနှင့်အတူ မိတ်ဖက်ကုမ္ပဏီများဖြစ်သော ဂျပန်နိုင်ငံမှ BIT INC ကုမ္ပဏီ၊ ဂျာမနီနိုင်ငံမှ BLACK BRIDGE ကုမ္ပဏီ၊ ကနေဒါနိုင်ငံအခြေစိုက် EXACT EARTH ကုမ္ပဏီနှင့် URTH CAST တို့ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။အဆိုပါမိတ်ဖက်ကုမ္ပဏီများမှာ နည်းပညာဆိုင်ရာကဏ္ဍများ၌ ကမ္ဘာတွင်ရှေ့တန်းရောက်နေသော ကုမ္ပဏီများဖြစ်ကြသည်။

၎င်းတို့အနေဖြင့် ဌာနအဖွဲ့အစည်းအသီးသီးမှ ပြန့်ကျဲအသုံးပြုနေသော Data Baseများကို တစ်နေရာတည်းတွင် စုစည်းဖြန့်ဝေပေးနိုင်သည့် National Land GIS စနစ်ကို ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့ကမ္ဘာပေါ်တွင် အရှိန်အဟုန်ကောင်းကောင်းဖြင့် ပြောင်းလဲတိုးတက်နေသည့် ဂြိုဟ်တုနည်းပညာများကို မြန်မာပြည်သူများနှင့် မိတ်ဆက်ပေးကာ နည်းပညာကို အခြေခံသော ဝန်ဆောင်မှုများနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ သာယာလှပရေးတို့ကို ဖော် ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးမှုများအနေဖြင့် လိုအပ်သည့် SATELLITE IMAGE DATA များကို တာဝန်ယူပံ့ပိုးပေးခြင်း၊ မြစ်ကြောင်းနှင့်ပင်လယ်သမုဒ္ဒရာများတွင် သွားလာနေသည့် သင်္ဘောများ၏ အသွားအလာဆိုင်ရာ ထိန်းချုပ်မှု၊ ခြေရာခံမှု၊ ရှာဖွေကယ်ဆယ်မှုများကို လုပ်ဆောင်နိုင်သည့် (AUTOMATIC IDENTIFICATION SYSTEM) များကို တာဝန်ယူပံ့ပိုးခြင်း၊ International Space Station မှ ရိုက်ကူးထားသည့် ဗီဒီယိုပုံရိပ်များကို ဌာနဆိုင်ရာများနှင့် ကုမ္ပဏီကြီးများထံ ပေးပို့ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

ယင်းသို့ ဆောင်ရွက်ပေးခြင်းအားဖြင့် တိုင်းပြည်အတွင်းရှိ သစ်တောဧရိယာနှင့် စိုက်ပျိုးမြေများကို စဉ်ဆက်မပြတ် စောင့်ရှောက်ပေးနိုင်ခြင်း၊ နိုင်ငံတော်၏ မြေထု၊ လေထု၊ ရေထုများ၏ လုံခြုံရေးအတွက် ဂြိုဟ်တုမှတစ်ဆင့် သတင်းအချက်အလက်များကို အထောက်အပံ့ပြုပေးနိုင်ခြင်း စသည့်အားသာချက်များကို ကြုံတွေ့ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နည်းပညာများနှင့်ပတ်သက်၍ သိရှိလိုသည်များရှိပါက အမှတ် ၁၇(အေ) ဝေဇယန္တာလမ်း တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့၌ ဖွင့်လှစ်ထားသည့် Operation Center သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့လက်ရွေးစင် ရိုးရာခြင်းလုံးအားကစားသမားများအား ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၆

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်နှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်တို့သည် နေပြည်တော် အားကစားလေ့ကျင့်ရေးခန်းမ (၃)သို့ ယနေ့နံနက် ၈ နာရီခွဲတွင် သွားရောက်၍ မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့အား ထောက်ပံ့ငွေကျပ် သိန်း ၃၀ ကို ပေးအပ်ပြီး **(ယာပုံ)** ပြိုင်ပွဲတွင် အားကစားစိတ်ဓာတ် အပြည့်ဖြင့် တရားမျှတစွာ ယှဉ်ပြိုင်ကြရန် မှာကြားကြသည်။

ကြည့်ရှုအားပေးခဲ့

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံမှ ရိုးရာခြင်းလုံးအားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး မြန်မာ့လက်ရွေးစင် ခြင်းလုံးအားကစားသမားများ ဖွင့်ပွဲအခမ်းအနားတွင် တင်ဆက်မည့် သရုပ်ပြခြင်းလုံး ခတ်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှဆီးဂိမ်းပြိုင်ပွဲနှင့် ပတ်သက်သည့် လှုံ့ဆော်မှုအဖြစ် နေပြည်တော်တိရစ္ဆာန်ဥယျာဉ်တွင် ဆီးဂိမ်းအမှတ်တရ လာဘ်ကောင်ရုပ်ကလေးများနှင့် အာဆီယံနိုင်ငံအလံများကိုစိုက်ထူပြီး လာရောက်လည်ပတ်သူများစိတ်ဝင်စားအောင် လှပစွာပြင်ဆင်ထားသည်ကို နိုဝင်ဘာ ၂၆ ရက်က တွေ့ရစဉ်။

ဓာတ်ပုံ-မောင်လွင်(တပ်ကုန်း)

● ကျောဖုံးမှ

အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိဟု သတ်မှတ်သည်။

သတင်းထုတ်ပြန်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ရှောင်ရှားရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ပြည်တွင်းသတင်း

သမဝါယမလုပ်ငန်းများကို တိုင်းပြည်၏ဒုတိယမဏ္ဍိုင်အဆင့်ဖြစ်အောင် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၆

သမဝါယမ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် နဘဲကွင်းကျေးရွာရှိ ကန် ၁၀၀ ငါးမွေးမြူရေးနှင့် စိုက်ပျိုးရေး ကုန်ထုတ်သမဝါယမအသင်းသို့ သွားရောက်ပြီး ငါးများမွေးမြူထားမှုနှင့် အသင်းပိုင် လယ်ယာစိုက်ပျိုးထုတ်လုပ်မှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကန် ၁၀၀ ငါးမွေးမြူရေးနှင့် စိုက်ပျိုးရေးကုန်ထုတ်သမဝါယမအသင်းရုံးခန်းမ၌ လက်ပံတန်းမြို့နယ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးမွေးမြူရေးနှင့် စိုက်ပျိုးရေး ကုန်ထုတ်သမဝါယမအသင်းမှ အမှုဆောင်အဖွဲ့နှင့် အသင်းသားများအား တွေ့ဆုံရာ အသင်းဥက္ကဋ္ဌက အသင်းပိုင်မြေဧရိယာ ၃၇၀ ဒသမ ၂၉ ဧကပေါ်တွင် ငါးမွေးမြူရေးလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးထုတ်လုပ်မှုနှင့် နှစ်အလိုက် အကျိုးအမြတ်ရရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် သမဝါယမလုပ်ငန်းများကို တိုင်းပြည်၏ ဒုတိယမဏ္ဍိုင်အဆင့်ဖြစ်အောင် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဝန်ကြီးဌာန၏ လုပ်ငန်းစဉ် (၅) ရပ်အနက်မှ ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်အသင်းများ တိုးတက်လာစေရန် ငွေကြေးပံ့ပိုးခြင်း၊ နည်းပညာပံ့ပိုးခြင်း၊ ဈေးကွက် ရှာဖွေခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံအချို့က မိမိနိုင်ငံ၏ သွင်းကုန်အပေါ် အခွန်ကင်းလွတ်ခွင့်ပြုပြီးဖြစ်သဖြင့် ပြည်ပတင်ပို့နိုင်သော သမဝါယမအသင်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် အဏ္ဏဝါဒေဝီငါးကုန်ထုတ်သမဝါယမအသင်းမှ ငါးအသားလွှာများထုပ်ပိုး၍ ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း၊ ထို့အတူ အခြေခံငါးကုန်ထုတ် သမဝါယမအသင်းများကို ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိုးချဲ့ဖွဲ့စည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိကြောင်း၊ နောင်တွင်ငါးကုန်ထုတ် သမဝါယမအသင်းစုချုပ် ဖြစ်ပေါ်လာသည်အထိ ဖွဲ့စည်းပြီး ပြည်ပသို့ တိုက်ရိုက်တင်ပို့နိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အချိန်တွင် အသင်းအနေဖြင့် ရှစ်လတွင် တစ်ကြိမ်သာကုန်ထုတ်ရောင်းချနိုင်သဖြင့် လစဉ်ကုန်ထုတ်ရောင်းချနိုင်သည်အထိ ကန်အလိုက် အထွက်နှုန်းကို တွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ အခြေခိုင်ပြီးသားအသင်းဖြစ်သည့်အတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ပုဂ္ဂလိကငါးမွေးမြူရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း သမဝါယမအသင်းများဖွဲ့စည်း၍ စနစ်တကျ ဆောင်ရွက်လိုကြောင်း၊ တင်ပြခြင်းအပေါ် ကြိုဆိုပါကြောင်း၊ သမဝါယမအသင်း ဖွဲ့စည်းပါက သမဝါယမမူဝါဒ၊ အနှစ်သာရများနှင့်အညီ ဖွဲ့စည်းဆောင်ရွက်စေလိုကြောင်း၊ ငွေကြေး၊ နည်းပညာ၊ ဈေးကွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး ကူညီပံ့ပိုးပေးသွားမည်ဖြစ်သော်လည်း ပံ့ပိုးချေးငွေများအပေါ် မှန်မှန်ကန်ကန် ပေးဆပ်ရန် လိုအပ်သကဲ့သို့ ဝိုင်းကြီးချုပ်စနစ်ဖြင့် စနစ်တကျဆောင်ရွက်စေလိုကြောင်း၊ မြို့နယ်အတွင်းရှိ ငါးလုပ်ငန်းရှင်များ အနေဖြင့် အသင်းဖွဲ့စည်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပြီးပါက လိုအပ်ချက်များအား တင်ပြကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း လက်ပံတန်းမြို့နယ် ကန် ၁၀၀ ငါးမွေးမြူရေးနှင့် စိုက်ပျိုးရေးကုန်ထုတ်သမဝါယမအသင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊လွှတ်တော်ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ကုန်ထုတ်သမဝါယမအသင်းမှ အမှုဆောင်အဖွဲ့နှင့်အသင်းသားများအား တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်များ၏ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်များ၏ လုပ်ငန်းဆိုင်ရာ စည်းဝေး

နေပြည်တော် နိုဝင်ဘာ ၂၆

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါ ဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသော နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်များ၏ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားရာတွင် ကျောင်းသားများအား ဘက်စုံထူးချွန်လာစေရေး၊ အမှန်တကယ် တတ်မြောက်မှု ရှိစေရေးအတွက် ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ကျောင်းများအလိုက် စာတွေ့၊ လက်တွေ့ ထိရောက်စွာ သင်ကြားနိုင်ရေးအတွက် အလေးထား ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် မိမိတို့ ကျောင်းရှိ ပါမောက္ခချုပ်၊ ဌာနမှူးများမှ အဓိက ဆောင်ရွက်ရမည်ဖြစ်၍ ဝန်ကြီးဌာန၏ မူဝါဒနှင့်လုပ်ငန်းစဉ်များကိုသိရှိနိုင်ရန်နှင့် မိမိတို့ တက္ကသိုလ်အလိုက် ရှေ့လုပ်ငန်းစဉ်များကိုညှိနှိုင်း၍ စီမံချက်များ ရေးဆွဲပြီး လုပ်ဆောင်သွားရန် လိုအပ်ကြောင်း။

လေ့ကျင့်သင်ကြား

ဆရာ ဆရာမများအနေဖြင့် သင်ကြားပြသမှုစနစ်တွင် ကျောင်းသား ကျောင်းသူများအား နားလည်ရုံလောက်သာမဟုတ်ဘဲ လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချနိုင်သည့် အဆင့်အထိ သင်ကြားပြသရမည်ဖြစ်ကြောင်း၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံကျောင်းများသည် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိကြောင်း၊ အင်ဂျင်နီယာ ကျွမ်းကျင်သူနှင့် ကျွမ်းကျင်လုပ်သားများရရှိအောင် လေ့ကျင့်သင်ကြားပေးရမှာဖြစ်ကြောင်း၊ စာသင်ခန်း၊ လက်တွေ့ခန်း၊ အလုပ်ရုံများနှင့် e-Learning centreများကို သေချာစွာ ဆောင်ရွက်ထားရှိရန်၊ ကျောင်းသား ကျောင်းသူများအား သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ရေး၊ ဘာသာရပ်များအလိုက် လက်တွေ့ကွင်းဆင်းနိုင်ရေး စီစဉ်ပေးထားရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လုပ်ငန်းခွင် အကြိုသင်တန်းဖွင့်

နေပြည်တော် နိုဝင်ဘာ ၂၆

လူငယ်များ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာမြှင့်တင်ရေး လုပ်ငန်းခွင်အကြိုသင်တန်း (၁/၂၀၁၃)ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါ်ခင်စောမူက သင်တန်းဖွင့် အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဖွင့်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရွယ်မရောက်သေးသည့် မိန်းကလေးငယ်တစ်ဦးအား သားမယားပြုကျင့်သူနှင့် ပြည့်တန်ဆာအဖြစ် ခိုင်းစေခဲ့သူများအား ပြစ်ဒဏ်များအသီးသီးချမှတ်

နေပြည်တော် နိုဝင်ဘာ ၂၆

အရွယ်မရောက်သေးသည့် မိန်းကလေးငယ်တစ်ဦးအား သားမယားအဖြစ်ပြုကျင့်ကာ ပြည့်တန်ဆာအဖြစ် ရောင်းချခဲ့သည့် ပထွေးဖြစ်သူအပါအဝင် ဆက်စပ်ပတ်သက်သူအားလုံးကို ထိရောက်သော ပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ၂၀၁၂ ခုနှစ် ဩဂုတ်လလယ်ခန့်တွင်ဖျာပုံခရိုင်ဘိုကလေးမြို့နေ အသက် ၁၃နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးအား ပထွေးဖြစ်သူ ဦးဝင်းနိုင်က သားမယားအဖြစ်ပြုကျင့်ခဲ့သည့်အပြင် ပြည့်တန်ဆာခေါင်းအိမ်များသို့ ပြည့်တန်ဆာအဖြစ် ရောင်းချခဲ့သဖြင့် တရားဥပဒေအရ ဆောင်ရွက်ပေးပါရန် အုပ်ထိန်းသူအဘွားက ဘိုကလေးမြို့ အမှတ် (၇) ရပ်ကွက် လူထုအခြေပြု ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့သို့ စာဖြင့်ရေးသားအကူအညီတောင်းခံခဲ့မှုအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က စိစစ်ဖော်ထုတ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ဖော်ထုတ်ချက်အရ ပထွေးဖြစ်သူ ဦးဝင်းနိုင်က သားမယားအဖြစ်ပြုကျင့်ခဲ့ပြီး မော်လမြိုင်ကျွန်းမြို့ရှိ ပြည့်တန်ဆာလုပ်ကိုင်သူ သံမဏိ(ခ)ကျော်ချစ်ဦးနှင့်မမေဖူးတို့ထံ ငွေကျပ်နှစ်သောင်းဖြင့်လည်းကောင်း၊ ပုသိမ်မြို့ရှိ ပြည့်တန်ဆာခေါင်း ထွန်းထွန်းနှင့်မဇာလွင်မြင့်တို့ထံ ငွေကျပ် ၃၀၀၀၀ ဖြင့်လည်းကောင်း ရောင်းချခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

ပြစ်မှု ကျူးလွန်သူများအား ထိရောက်သော ပြစ်ဒဏ်ချမှတ်နိုင်ရေးဆောင်ရွက်ခဲ့ရာ တရားခံ ဝင်းနိုင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ အရ တစ်သက်တစ်ကျွန်းပြစ်ဒဏ်နှင့် ပုဒ်မ၃၇၂ အရ ထောင်ဒဏ် ၁၀ နှစ်တို့ကို သီးခြားစီကျခံစေရန် ဖျာပုံခရိုင်တရားရုံးက ဇန်နဝါရီ ၈ ရက်တွင် ပြစ်ဒဏ်ချမှတ်ခဲ့ပြီး သံမဏိ(ခ)ကျော်ချစ်ဦးနှင့်မမေဖူးတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီကို ဩဂုတ် ၉ ရက်တွင် လည်းကောင်း၊ တရားခံထွန်းထွန်းနှင့်မဇာလွင်မြင့်တို့အား ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေ ပုဒ်မ ၈(၁)နှင့် ၅(၁)တို့ဖြင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ်နှစ်စီကို ပုသိမ်မြို့နယ် တရားရုံးက နိုဝင်ဘာ ၅ ရက်တွင်လည်းကောင်း အသီးသီးချမှတ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆော့ဖ်ဝဲလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးညီလာခံကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံ ဆော့ဖ်ဝဲလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကွန်ပျူတာ ပညာရှင်များအကြား အိုင်တီအသိပညာ ဖွံ့ဖြိုးတိုးတက်ရန်၊ အိုင်တီအသုံးချဆော့ဖ်ဝဲကောင်းများ တီထွင်ဖန်တီးရေးသားနိုင်သည့် Developer များ ပေါ်ထွက်လာစေရန်နှင့် ICT Developer ဖြစ်လိုသူများအတွက် နည်းလမ်းကောင်းများ ချမှတ်နိုင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း (MCPA) မှ ကြီးမှူး၍ တတိယအကြိမ် Developer Conference 2013-Yangon ကို နိုဝင်ဘာ ၂၃ ရက်မှ ၂၄ ရက် အထိ MICT Park ၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးရဲရင့်ဝင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF) ဥက္ကဋ္ဌဦးခွန်ဦး၊ Software Industry Development Committee ဥက္ကဋ္ဌ ဒေါက်တာထွန်းသူရသက်တို့က အမှာစကားပြောကြားပြီး ပြည်တွင်းမှ ပညာရှင်များ၊ ပြည်ပရောက်ပညာရှင်များအပြင် Miscro-

soft, Oracle စသည့် ကမ္ဘာ့ထိပ်သီး ဆော့ဖ်ဝဲကုမ္ပဏီမှ ပညာရှင်များနှင့် လုပ်ငန်းရှင်များအပါအဝင် ဟောပြောသူ ၃၀ ကျော် တက်ရောက်ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

Server,Cloud Computing, Mobile Application, Software Quality, Insurence, Web Development နှင့် ပတ်သက်သည့် အကြောင်းအရာများအပြင် Current Industry Trends များ၊ ဆော့ဖ်ဝဲများ တည်ဆောက်ထုတ်လုပ်ပုံ၊ အုပ်ချုပ်ပုံနှင့်အကျိုးကျေးဇူးများကို လက်တွေ့ လုပ်ငန်းခွင်ဝင်နေသူများက ဆွေးနွေးဟောပြောကြသည်။

နိုဝင်ဘာ ၂၄ ရက်တွင် ကွန်ဖရင့်သို့ တက်ရောက်လာကြသူများက သိရှိလိုသည့် အချက်အလက်များကို ကျွမ်းကျင်ပညာရှင်များအား လွတ်လပ်စွာ ဆွေးနွေးမေးမြန်းခဲ့ကြသည်။

အောင်သူရ

ပြည်တွင်းသတင်း

အရှေ့တောင်အာရှ စုပေါင်းဆုတောင်းအစည်းအဝေးဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

(၁၁) ကြိမ်မြောက် အရှေ့တောင်အာရှစုပေါင်းဆုတောင်း အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ည ၈ နာရီက ရန်ကုန်မြို့ Excel Treasure Hotel ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် အရှေ့တောင်အာရှဆုတောင်းရေးရာကောင်စီဥက္ကဋ္ဌ Dr.Iman Santoso တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ယာပုံ) **ယင်းနောက် Myanmar Intercessor' Network & SEAPC မြန်မာဌာနေကိုယ်စားလှယ် ဒေါ်ပက်ကီ(မန်ခန့်ဟောင်ဝ်)က နှုတ်ခွန်းဆက်စကားပြောကြားသည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ဆက်လက်၍ အရှေ့တောင်အာရှဆုတောင်းရေးရာ ကောင်စီဥက္ကဋ္ဌ Dr.Iman Santoso က အမှာစကားပြောကြားပြီး တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေကာ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ အထွေထွေအတွင်းရေးမှူး Rev.Saw Shwe Lin က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာ့ရိုးရာအကဖြင့် ကပြဖျော်ဖြေပြီး မြန်မာနိုင်ငံ ဧဝံဂေလိ ခရစ်ယာန်မိတ်သဟာယအသင်းချုပ်ဥက္ကဋ္ဌ Rev.U Zin Hla က ကောင်းချီးပေးဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တီမော စသည့်အာဆီယံနိုင်ငံများမှ ခရစ်ယာန်ဘာသာဝင်များနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်တို့မှ ခရစ်ယာန်ဘာသာဝင်များနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုဝန်ကြီးဌာနက ယဉ်ကျေးမှုအမွေအနှစ်ဒေသ ၄၆ ခုကို ဇုန်နယ်မြေများ သတ်မှတ်ပြဋ္ဌာန်း၍ ကာကွယ်ထိန်းသိမ်း

နေပြည်တော် နိုဝင်ဘာ ၂၆

အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ၁၉၉၈ ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေနှင့်အညီ ယဉ်ကျေးမှုအမွေအနှစ်ဒေသ ၄၆ ခုကို ရှေးဟောင်းနေရာ တည်ရှိရာဇုန် (AZ)၊ ကာကွယ်ထိန်းသိမ်းထားသောဇုန် (PZ)၊ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် (MZ)ဟူ၍ သတ်မှတ်ပြီး ကာကွယ်ထိန်းသိမ်းလျက်ရှိသည်။

ယဉ်ကျေးမှုအမွေအနှစ်ဒေသ ၄၆ ခု၏ သတ်မှတ်ဇုန်များအတွင်း ယဉ်ကျေးမှုအမွေအနှစ်များကိုထိခိုက်ပျက်စီးစေမည့် ဆောင်ရွက်မှုများဖြစ်သည့် လူနေအိမ်ခြေအပါအဝင် အဆောက်အအုံသစ်များဆောက်လုပ်ခြင်း၊ စက်ရုံအလုပ်ရုံများ၊ ဟိုတယ်များဆောက်လုပ်ခြင်း၊ ခြိစည်းရိုးများကာရံခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ ဆည်မြောင်းကန်များတူးဖော်ခြင်း၊ ဓာတ်တိုင်များနှင့်တာဝါတိုင်များစိုက်ထူခြင်း၊ မြို့ရွာများတိုးချဲ့ခြင်း၊ မြေကွက်များဖော်ထုတ်နေရာချထားခြင်း စသည့်ဆောင်ရွက်မှုမျိုးမပြုလုပ်ရန် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၈၊၁၉၊၂၀၊၂၁၊၂၂၊၂၃အရ တားမြစ်ကန့်သတ်ထားသည်။ အဆိုပါ ယဉ်ကျေးမှုဒေသ ၄၆ ခုအတွင်းတွင် အထက်ပါကိစ္စတစ်ခုခုကိုပြုလုပ်လိုပါက ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသို့ ကြိုတင် တင်ပြညှိနှိုင်း၍ ခွင့်ပြုချက်ရရှိမှဆောင်ရွက်ရမည်ဖြစ်ပြီး ခွင့်ပြုချက်မရှိဘဲဆောင်ရွက်ပါက ဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်သည်-

စဉ်	သတ်မှတ်ဒေသ	သတ်မှတ်ဇုန်အမျိုးအစား	သတ်မှတ်သည့်ခုနှစ်
၁	မန္တလေးတိုင်းဒေသကြီး၊ **ပုဂံညောင်ဦးမြို့နယ်၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ**	MZ ၊AZ ၊ PZ	၁၁-၂-၁၉၉၉
၂	ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ **ကမ္ဘောဇသာဒီနန်းတော်ရာ**	MZ ၊PZ	၁၁-၂-၁၉၉၉
၃	မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများ **(မဟာဝေယံဘုံသာဗားဂရာကျောင်းတော်ကြီး-အမရပူရမြို့နယ်၊ မဟာအတုလဝေယံအတုမရှိကျောင်းတော်ကြီး၊ ရွှေနန်းတော်ကျောင်း၊ နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား၊ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား)**	MZ ၊PZ	၆-၈-၁၉၉၉
၄	မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ **ကျိုက်ထီးရိုးဘုရားနှင့် တောင်ထွတ်နယ်မြေ**	PZ	၁၁-၁၀-၁၉၉၉
၅	ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ **-သရေခေတ္တရာမြို့ဟောင်းနှင့်ပတ်ဝန်းကျင်**	MZ ၊AZ ၊ PZ	၃၁-၁-၂၀၀၁
၆	စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းဒေသရှိ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများ **-မြသိန်းတန်ဘုရား၊ မင်းကွန်းခေါင်းလောင်းရုံ၊ ပုထိုးတော်ကြီး၊ ခြင်္သေ့ကြီးနှစ်ကောင်၊ စက်တော်ရာဘုရား၊ ပုံတော်စေတီ**	MZ	၁၈-၅-၂၀၀၁
၇	မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ **ဗိဿနိုးမြို့ဟောင်း**	MZ၊ AZ၊ PZ	၂၉-၅-၂၀၀၂
၈	မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ **တကောင်းမြို့ဟောင်း**	MZ၊ AZ၊ PZ	၅-၆-၂၀၀၇
၉	မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ **ခရုံဂူ**	MZ၊ PZ	၁၃-၆-၂၀၀၈
၁၀	စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ **ဟန်လင်းမြို့ဟောင်း**	MZ၊ AZ၊ PZ	၁၃-၆-၂၀၀၈
၁၁	မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ **အင်းဝမြို့ဟောင်း**	MZ၊ AZ၊ PZ	၁၃-၆-၂၀၀၈
၁၂	ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ **ရသေ့ပုံဂူ**	MZ၊ PZ	၁၆-၆-၂၀၀၈
၁၃	ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ **ကော့ဂွန်းဂူ**	MZ၊ PZ	၁၆-၆-၂၀၀၈
၁၄	ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ **-ဆူးလေစေတီတော်**	MZ	၄-၇-၂၀၀၈
၁၅	ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ စမ်းရွာ၊ **မောင်းတီးစေတီတော်**	MZ	၄-၇-၂၀၀၈
၁၆	ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ်၊ **ဗိုလ်တထောင်ကျိုက်ဒေးအပ်စေတီတော်**	MZ	၄-၇-၂၀၀၈
၁၇	ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ **ရွှေဘုန်းပွင့်စေတီတော်**	MZ	၄-၇-၂၀၀၈
၁၈	ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ **အတုလမိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား**	MZ	၄-၇-၂၀၀၈
၁၉	ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ **ကျိုက်ကလို့စေတီတော်**	MZ	၄-၇-၂၀၀၈
၂၀	မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ **မြင်စိုင်းမြို့ဟောင်း**	MZ၊ AZ၊ PZ	၂၅-၈-၂၀၀၈
၂၁	မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ **ပင်းယမြို့ဟောင်း**	MZ ၊ AZ ၊ PZ	၂၅-၈-၂၀၀၈
၂၂	မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ **ပလိပ်ဒေသ၊ ရတနာလာဘမုနိဆုတောင်းပြည့်(မြွေ)ဘုရား၊ ဇန်းမော်ကျောင်း၊ ကျိတ်ကုန်းကျောင်း၊ ပါဠိလိကျောင်း၊ ဇောဓိကျောင်း၊ လေးထပ်ကျောင်း၊ နောက်တော်ပါကျောင်း**	MZ ၊ AZ ၊ PZ	၂၅-၈-၂၀၀၈
၂၃	ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ **မြောက်ဦးမြို့ဟောင်း**	MZ	၅-၁၁-၂၀၀၉
၂၄	မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ **စလေဒေသ**	MZ	၅-၁၁-၂၀၀၉
၂၅	ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ **ရွှေတိဂုံစေတီတော်**	MZ ၊ PZ	၅-၁၁-၂၀၀၉
၂၆	ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ **ကျိုက်မှော်ဝန်းစေတီတော်**	MZ	၅-၁၁-၂၀၀၉
၂၇	ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ **ငါးထပ်ကြီးဘုရား**	MZ	၅-၁၁-၂၀၀၉
၂၈	ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ **ခြောက်ထပ်ကြီးဘုရား**	MZ	၅-၁၁-၂၀၀၉
၂၉	ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ **ကျိုက်ကလဲ့စေတီတော်**	MZ	၅-၁၁-၂၀၀၉
၃၀	ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ **ကျိုက်ဝိုင်းစေတီတော်**	MZ	၅-၁၁-၂၀၀၉
၃၁	ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ **ကျိုက္ကစံစေတီတော်**	MZ	၅-၁၁-၂၀၀၉
၃၂	ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ **ရွှေဆံတော်စေတီတော်**	MZ	၅-၁၁-၂၀၀၉
၃၃	ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ပါဒကြီးစံပြကျေးရွာ၊ **ကျိုက်ပါဒကြီးဆံတော်ရှင်စေတီတော်**	MZ	၅-၁၁-၂၀၀၉
၃၄	ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကြီးကျေးရွာအုပ်စု၊ **ကျိုက်ခေါက်စေတီတော်**	MZ	၅-၁၁-၂၀၀၉
၃၅	စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ **ပုလဲမြို့နယ် အတွင်းရှိ ပရိုင်းမိတ်ကျစ်ချောင်ခုနစ်ခု**	PZ	၂၄-၃-၂၀၁၀
၃၆	မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ **မြိုင်မြို့နယ် အတွင်းရှိ ပရိုင်းမိတ်ကျစ်ချောင် ၂၅ ခု**	PZ	၂၄-၃-၂၀၁၀
၃၇	ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်ရှိ **မိုင်းမော-ဝိန်းကျွမ်မြို့ဟောင်း**	AZ	၅-၄-၂၀၁၀
၃၈	တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ မြို့ဟောင်းကျေးရွာအုပ်စု **-သာဂရမြို့ဟောင်း**	AZ ၊PZ	၂-၂-၂၀၁၂
၃၉	ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ **မြောင်းမြမြို့ဟောင်း**	AZ၊ PZ	၂-၂-၂၀၁၂
၄၀	ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ **ဝေသာလီမြို့ဟောင်း**	AZ ၊ PZ	၉-၃-၂၀၁၂
၄၁	ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ **ဓညဝတီမြို့ဟောင်း**	AZ ၊ PZ	၉-၃-၂၀၁၂
၄၂	စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ **အမြင့်ရွာဒေသနှင့်သုံးပန်လု(အနိမ့်)ရွာဒေသ**	PZ	၂-၄-၂၀၁၂
၄၃	ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်ရှိ **ပြဒါးလင်းဂူအမှတ်(၁)၊ ပြဒါးလင်းဂူအမှတ်(၂)**	MZ ၊ PZ	၃-၉-၂၀၁၂
၄၄	စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ **မြေထူးမြို့ဟောင်း**	PZ	၃-၉-၂၀၁၂
၄၅	မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ် ဘုရားကြီးကျေးရွာ **ဝတီးမြို့ဟောင်း**	MZ ၊ PZ	၃-၉-၂၀၁၂
၄၆	မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ မိုင်းမောကျေးရွာ၊ **ပင်လယ်(မိုင်းမော)မြို့ဟောင်း**	MZ၊ PZ	၃-၉-၂၀၁၂

(မြန်မာ့အလင်း)

မီဒီယာဆက်စပ်ပစ္စည်းများနှင့် စာအုပ်စာစောင်များလှူဒါန်း

ကျောက်မဲ နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဆုချီးမြှင့်ပွဲနှင့် မီဒီယာဆက်စပ်ပစ္စည်းများစာအုပ်စာစောင်များ လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က ကျောက်မဲမြို့ အထက(၁)ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က အမှာစကားပြောကြားပြီး နိုဝင်ဘာ ၂၁ ရက်က ကျင်းပခဲ့သော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျပန်း၊ စာစီစာကုံး၊ စာဖတ်စွမ်းရည်နှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ၌ ဆုရရှိကြသော ထက်၊ လယ်၊ မူ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းက လှူဒါန်းသောသုတ၊ ရသစာအုပ်များနှင့် အလှူရှင်များက မီဒီယာဆက်စပ်ပစ္စည်းများ၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့သည်။ **မလတ်(ကျောက်မဲ)**

ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၁၁-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၉)တွင်ဖော်ပြပါရှိသည့် မော်လမြိုင်ကိုယ်ပွားသတင်းစာတိုက်ကို မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်ရှိ မိဘပြည်သူများ ရောင်စုံသတင်းစာများကို နေ့ချင်းဖတ်ရှုနိုင်ရန် သတင်းဆောင်းပါး၏ ကော်လံ (၄)၊ စာကြောင်းရေ (၁၁) ၌ ပါရှိသော နောက်တစ်ခုကတော့ Fly Wheel Earth Station ဆိုတဲ့ ကားတစ်စီးပါ ပါမယ် **အစား** Fly away Earth Station စနစ်တစ်ခု ပါပါမယ်ဟု ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **စာတည်းအဖွဲ့**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ကလေးမြို့၏ ထူးဆန်းအံ့ဩဖွယ် ရေဆန်ကျွန်းမြတ်ဘုရား

ကလေးမြို့နယ်တွင် ရေဆန်ကျွန်းမြတ် ကျွန်းတုံးကြီးများကို နေရဥ္စရာမြစ်အတွင်းမှ ထူးဆန်းအံ့ဩဖွယ်ကောင်းအောင် အချိန်ကာလကွာခြား၍ သုံးကြိမ်တိုင်တိုင်တွေ့ရှိခဲ့ပါသည်။ (၁၃၆၅ ခုနှစ် ပြာသိုလ) ၂၀၀၄ခုနှစ် ဇန်နဝါရီလတွင် တတိယအကြိမ်မြောက် တွေ့ရှိသော ရေဆန်ကျွန်းတုံးကြီးကို ပထမနှင့် ဒုတိယအကြိမ်တွေ့ရှိရသော ကျွန်းတုံးကြီးများထက် အံ့ဩဖွယ်ရာအဖြစ်များနှင့် ကြီးကျယ်မြင့်မြတ်စွာ အဆိုပါ မြစ်အတွင်း၌ ထပ်မံတွေ့ရှိခဲ့သည်။

ယင်းရေဆန်ကျွန်းတုံးကြီးသည် အလျား ၁၆ပေ၊ လုံးပတ် ၁၀ ပေရှိကာ ကုဗပေ ၁၀၁၆၇ပေနှင့် အလေးချိန် ၂ ဒသမ ၀၃၃၄ တန်ရှိပြီး သက်တမ်းနှစ် ကွင်း ၂၀ ခန့်ရှိသဖြင့် ကျွန်းမြတ်ကြီး၏ သက်တမ်းမှာ သင်းသတ်သည့်နှစ်အပါအဝင် နှစ် ၁၂၀ရှိသည်ဟု သစ်တောပညာရှင်များက ခန့်မှန်းထားသည်။

အဆိုပါ ရေဆန်ကျွန်းမြတ်သည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၇ ရက် နံနက် ၇ နာရီတွင် မုဒြာလေးမျိုးဖြင့် မြတ်စွာဘုရား၏ရုပ်ပွားတော်လေးဆူကို စတင်ထုလုပ်ပြီး ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီးသော ဘုရားရှင်လေးဆူတို့၏ အထက်အဆင့်ပတ်လည်တွင် ရုပ်ပွားတော်မြတ် ၁၀ဆူ၊ ထိုအထက် အလယ်ဆင့်တွင် ရုပ်ပွားတော်မြတ် ရှစ်ဆူနှင့် အထက်ဆုံးအဆင့်တွင် ရုပ်ပွားတော်မြတ် ခြောက်ဆူတို့ကို ထုလုပ်ပူဇော်ထားသည်။

ယင်း နှစ်ကျိပ်ရှစ်ဆူဘုရားရှင်တို့၏ အထက်တွင် စေတီအထွတ်တင်၍ ထီးတော်ပူဇော်ထားပြီး ရေဆန်ကျွန်းမြတ်ရုပ်ပွားတော်၏ ဉဏ်တော်မှာ ပလ္လင်မှ ထီးတော်အထိ ၁၉ ပေရှိကာ ၄၁ ရက်ကြာ ထုလုပ်ပြီးမှ ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၁၆ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ပြီးစီးသည်။

အဆိုပါ မဟာသာကပဋိမာ ရေဆန်ကျွန်းမြတ် ဗုဒ္ဓရုပ်ပွားတော်သည် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမ၊ ကလေး၊ တမူး၊ ကလေးဝမြို့များဆုံရာ၊ ကျီကုန်းကျေးရွာ တြိဂံလမ်းဆုံ၏ အနောက်ဘက်ဘေးရှိ ရှားပါးသော ရှေးဟောင်းထောင်ပြည့်စေတီ နှစ်ဆူတည်ထားရာ ရာဇဂီရိကုန်းတော်ပေါ်ရှိ ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။

ရာဇဂီရိကုန်းတော်ပေါ်တွင် ကိန်းဝပ်စံပယ်တော်မူသော ရေဆန်ကျွန်းမြတ်ရုပ်ပွားတော်အား ခရီးသွားဧည့်သည်များ၊ ပြည်သူများအတွက် ဘုရားဖူးမြော်ကြည်ညိုနိုင်သည့် သာသနာ့နယ်မြေဌာန တစ်ခုအဖြစ် သာမက လေ့လာစရာ မြန်မာမှုအနုပညာလက်ရာများ၊ ကြည်နူးစရာရှုခင်းများ၊ တောင်မှမြောက်သို့ စီးဆင်းသည့် မြစ်သာမြစ်အလှအပများကိုလည်း ကြည့်ရှုခံစားရင်း အပန်းဖြေနိုင်သော နေရာအဖြစ်လည်း ဂုဏ်ယူဖွယ်တည်ရှိနေပါသည်။ **(အပေါ်ပုံ)**

ဂျူနိုင်း

ဆီးဂိမ်းကာလအတွင်း ပုဂံ-ညောင်ဦးဒေသသို့ နိုင်ငံခြားခရီးသွားဧည့်သည် ပိုမိုများပြားစွာဝင်ရောက်နိုင်

မိတ္ထီလာ နိုဝင်ဘာ ၂၆

ဒီဇင်ဘာလတွင် စတင်ကျင်းပမည့် ဆီးဂိမ်းကာလအတွင်း ရှေးဟောင်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များရှိရာ ပုဂံ-ညောင်ဦးဒေသသို့ နိုင်ငံခြားခရီးသွားဧည့်သည်များ ပိုမိုများပြားစွာ ဝင်ရောက်လာနိုင်ကြောင်း ပြည်တွင်းဧည့်လမ်းညွှန်များက ဆိုသည်။ **(အပေါ်ပုံ)**

"နိုဝင်ဘာမတိုင်ခင် အောက်တိုဘာအတွင်း အာရှဒေသက နိုင်ငံခြားခရီးသွားဧည့်သည် တော်တော်များများ မြန်မာနိုင်ငံကို လာရောက်လေ့လာကြတယ်။ အထူးသဖြင့် ပုဂံ-ညောင်ဦးဒေသပေါ့။ နိုဝင်ဘာလအတွင်းမှာ ယူရိုပီယံ(ဥရောပနိုင်ငံများ) နိုင်ငံခြားခရီးသွားဧည့်သည်တွေ ဝင်ရောက်လာကြတယ်။ ဆွစ်ဇာလန်၊ ပြင်သစ်၊ ဂျာမနီအများဆုံးလာကြတယ်။ သူတို့တွေကလည်း ရန်ကုန်၊ မန္တလေးပြီးရင် ပုဂံ-ညောင်ဦးဒေသကို လာရောက်လေ့လာကြတယ်။ မြန်မာနိုင်ငံကို လာရောက်လည်ပတ်လေ့လာတဲ့ နိုင်ငံခြားခရီးသွားဧည့်သည်တိုင်းရဲ့ ခရီးစဉ်မှာ ပုဂံ-ညောင်ဦးဒေသခရီးစဉ် မပါဘူးဆိုတာမျိုးက ရှားတယ်။ သူတို့ခရီးသွားတွေကြားမှာက ပုဂံ-ညောင်ဦးဒေသကို မရောက်ဖူးရင် မြန်မာနိုင်ငံကို မရောက်ဖူးဘူးလို့ ဆိုကြတယ် ပြောတယ်။ သာမန်အချိန်မျိုးမှာတောင် ပုဂံ-ညောင်ဦးဒေသက နိုင်ငံခြားခရီးသွားဧည့်သည်တွေ စည်စည်ကားကား ဝင်ထွက်လေ့လာလည်ပတ်ရာဒေသဖြစ်တာမို့ ဆီးဂိမ်းကာလမှာ ပိုမိုများပြားစွာ ဝင်ရောက်လာနိုင်ဖို့ရှိတယ်" ဟု ရန်ကုန်မြို့ ပြည်တွင်းဧည့်လမ်းညွှန် အေဂျင်စီတစ်ခုတွင် ဧည့်လမ်းညွှန်အဖြစ် ဆောင်ရွက်နေသူ အမျိုးသားတစ်ဦးက ပြောသည်။

ပုဂံ-ညောင်ဦးဒေသသည် ပထမမြန်မာနိုင်ငံတော်ကို စတင်တည်ထောင်ခဲ့သည့် အနော်ရထာဘုရင် ထီးနန်းစိုက်ရာ နေပြည်တော်ဖြစ်သကဲ့သို့ ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ အမြောက်အမြားကို ထိန်းသိမ်းထားရှိရာ ဒေသဖြစ်သောကြောင့် နိုင်ငံခြားခရီးသွားဧည့်သည်များအတွက် စိတ်ဝင်စားဆုံး ပြည်တွင်းခရီးသွားဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ဆီးဂိမ်းအကြိုဂုဏ်ပြု မြန်မာ့ရိုးရာ အားကစားနည်းများဖြင့် ဧည့်ခံပြသ

မြစ်ကြီးနား နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပမည့် ဆီးဂိမ်းပွဲတော်ကြီးအား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာ့ရိုးရာ အားကစားနည်းများ သရုပ်ပြဧည့်ခံပြသခြင်းကို နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ အောင်နန်းရိပ်သာရပ်ကွက် တပင်ရွှေထီးလမ်းရှိ အောင်နန်းရိပ်သာဝိုင်းခြင်းကလပ်၌ ကျင်းပသည်။

ဧည့်ခံအားကစားနည်းများတွင် မြန်မာနိုင်ငံ ဒိုင်အဖွဲ့ချုပ်အဖွဲ့ဝင်၊ ကချင်ပြည်နယ် မြန်မာ့သိုင်းကော်မတီမှ မြန်မာ့သိုင်းပညာရှင်ဆရာကြီး ဦးချစ်သူ(မနောမြေမှဓားဘုရင်) က အရှေ့တောင်အာရှနိုင်ငံများ၏ အလံငယ်များကို ရေအိုးတွင်တပ်ဆင်ကာ ရေအိုးအလယ်၌ မြန်မာနိုင်ငံအလံလွှင့်ထူ၍ ရေအိုးကိုက်ဓားနှစ်လက် စွမ်းရည်ပြသခြင်း၊ မြန်မာ့ဓားရေးစွမ်းရည်ပြသခြင်းတို့ကိုလည်းကောင်း၊ အသက် ၆၅ နှစ်ရှိပြီဖြစ်သော ဦးအေးသန်းနှင့် သက်ကြီးပြည်နယ်လက်ရွေးစင် ခြင်းခတ်အားကစားသမား ၃၀နှင့် ကျောင်းသားအားကစားပွဲ၌ ရွေးချယ်ခံထားရသော ကျောင်းသားခြောက်ဦးတို့က အခြေခံခြင်းခတ်ကွက်နှင့် ခြင်းကြီး ၁၀ မျိုး၊ ခြင်းလတ် ကိုးမျိုး၊ ခေတ်ဆန်းခြင်း ၂၀၀ ကျော်ခတ်ကွက်များကို ဝိုင်းခြင်းတွင် သရုပ်ဖော်ကစားပြခဲ့ရာ ဒေသခံပြည်သူများ လာရောက်ကြည့်ရှုအားပေးသူများနှင့် စည်ကားကြောင်း သိရသည်။

မိုးယံကျ(မြစ်ကြီးနား)

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကွင်းဆင်းဟောပြော

ဟိုပန် နိုဝင်ဘာ ၂၆

စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ သိကောင်းစရာများ ကွင်းဆင်းဟောပြောပွဲကို 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်တွင် နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီက နောင်မိုကျေးရွာ အလင်းသစ်စာကြည့်တိုက်၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးစိုင်းဆာထွန်းက ကျေးရွာစာကြည့်တိုက်သည် ကျေးလက်နေပြည်သူများ အသိပညာတိုးပွားရေးအတွက် တည်ထောင်ပေးထားခြင်းဖြစ်၍ ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်းကြရန်၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဒုတိယလဝကမှူး ဒေါ်နန်းခင်နှင်းအေးက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း ရည်ရွယ်ချက်နှင့် မေးခွန်းတို့ကို ပြည်သူတို့က မှန်ကန်စွာဖြေဆိုပေးနိုင်ကြရန် ရှင်းလင်းဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

စာဆိုတော်နေ့အကြို စာပေဟောပြော

မြင်းမူ နိုဝင်ဘာ ၂၆

မြင်းမူမြို့ အထကခန်းမဆောင်၌ နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် မြင်းမူမြို့နယ် စာရေးဆရာများအသင်းနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသော စာဆိုတော်နေ့အကြို စာပေဆုပေးပွဲနှင့် စာပေဟောပြောပွဲအခမ်းအနားကျင်းပခဲ့ရာ ကျောင်းဆရာမကြီးနှင့် ဆရာ ဆရာမများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စာရေးဆရာများအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာပေဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။ အဆိုပါအခမ်းအနားတွင် အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများထဲမှ စာပေဖတ်/မှတ်စွမ်းရည်ပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ခြင်းနှင့် စာရေးဆရာ ဦးကိုလေး(အင်းဝဂုဏ်ရည်)နှင့် စာရေးဆရာမ ဒေါ်ယဉ်ယဉ်နု(မန္တလေး)တို့က ကျောင်းသား ကျောင်းသူများအား အနာဂတ်တွင် တိုင်းပြည်အတွက် အရေးပါအရာရောက်သော လူငယ်များဖြစ်ရေးတို့ကို ဟောပြောခဲ့ကြောင်း သိရသည်။

ကိုကိုနိုင်(မြင်းမူ)

သင်ထောက်ကူပစ္စည်းများပေးအပ်လှူဒါန်း

မန္တလေး နိုဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး ပညာရေးဝန်ကြီးဌာနနှင့် United Pacific Co., Ltd. Advanced Myanmar Star Co.,Ltd. တို့ ပူးပေါင်းကျင်းပသော အောင်မြေသာစံမြို့နယ်အတွင်းမှ အခြေခံပညာမူလတန်းကျောင်းများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲက အောင်မြေသာစံမြို့နယ် အမှတ်(၂၁)အခြေခံပညာမူလတန်းကျောင်း ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က အမှာစကားပြောကြားပြီး ယူနိုက်တက်ပစိဖိတ်ကုမ္ပဏီလီမိတက် Advanced Myanmar Star Co.,Ltd. မှ ဒေါ်အေးမိစံက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့်ဇနီးက အမက(၂၁) ကျောင်းဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ငွေကျပ်ငါးသိန်းကို ကျောင်းအုပ်ကြီး ဦးမောင်ထွန်းထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကုမ္ပဏီဒါရိုက်တာ ဦးဇော်ဝင်းထွန်းက မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ဆူးရစ်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်ရေးအတွက် ငွေကျပ် ၁၅ သိန်းကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဗိုလ်သန်းသို့ ပေးအပ်လှူဒါန်းပြီး တိုင်းဒေသကြီးလူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက အောင်မြေသာစံမြို့နယ်အတွင်းမှ အခြေခံပညာမူလတန်းကျောင်း ၃၉ ကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၉၄၃၇ ဦးအတွက် မူလတန်းကျောင်းအုပ်ကြီးများထံသို့ သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(ဝ၄ဝ)

ခင်ဦးမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲကျင်းပ

ခင်ဦး နိုဝင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ကျေးရွာပြည်သူများ၊ စာပေဗဟုသုတတိုးပွားရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက် မွန်းတည့် ၁၂ နာရီက ကုန်းကြီးကျေးရွာ ပညာရောင်ခြည်စာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ဆန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်ရေး၊ စာပေဖတ်ရှုလေ့လာခြင်းဖြင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ စံ(၅)ချက်ညီ စာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ စာပေဖတ်ရှုလေ့လာရေးတို့ကို တိုက်တွန်းဆွေးနွေးသည်။ ဆက်လက်၍ ပညာရောင်ခြည်စာကြည့်တိုက်သို့ သုတရသစာအုပ်များလှူဒါန်းပြီး ဟောပြောပွဲကို ဆက်လက်ကျင်းပရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးရွာအထောက်အကူပြုအဖွဲ့နှင့် စာကြည့်တိုက်ကော်မတီများ တက်ရောက်ကြကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

မွေးဇာတိမြေ စာပေနှင့်ဘဝခေါင်းစဉ်ဖြင့် စာပေပြိုင်ပွဲများ ကျင်းပ

မြန်အောင် နိုဝင်ဘာ ၂၆

မြန်အောင်မြို့နယ် စာရေးဆရာအသင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ဦးဆောင်၍ စာဆိုတော်နေ့အကြို မွေးဇာတိမြေ စာပေနှင့် ဘဝခေါင်းစဉ်ဖြင့် ကဗျာ၊ စာစီစာကုံးပြိုင်ပွဲကို မြန်အောင်မြို့ အထက၌ နိုဝင်ဘာ ၂၄ ရက်ကကျင်းပရာ မြန်အောင်မြို့နယ်ရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် မြန်အောင်မြို့နယ်မှ ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာဂုဏ်ထူးဆုရရှိသော ကျောင်းသား ကျောင်းသူ ၁၄ ဦးကို မြို့နယ်စာရေးဆရာအသင်းက ကြီးမှူးကျင်းပသော စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲတွင် ဆုများချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို မြို့နယ်စာရေးဆရာအသင်းက ဒီဇင်ဘာ ၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး စာရေးဆရာညီမင်းညိုနှင့် စာရေးဆရာမင်းခိုက်စိုးစန်တို့က စာပေသုတ၊ ရသများကို ဟောပြောမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ဝန်ဆောင်မှု

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဦးအောင်မော်
ဦးဆောင်
ညွှန်ကြားရေးမှူး
(မြန်မာ့ဆက်သွယ်
ရေးလုပ်ငန်း)

ဦးဆောင်ညွှန်ကြားရေးမှူး

မေး ။ အမည်နှင့်ရာထူးသိပါရစေ။

ဖြေ ။ ဦးအောင်မော်ဖြစ်ပါတယ်။ ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဖြစ်ပါတယ်။

မေး ။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ဘာတွေဆောင်ရွက်ပေးထားပါသလဲ။

ဖြေ ။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ တယ်လီဖုန်းများ တပ်ဆင်ပေးခြင်း၊ အင်တာနက်လိုင်းများတပ်ဆင်ပေးခြင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာနက တိုက်ရိုက်ထုတ်လွှင့်မည့်အစီအစဉ်များအတွက် ဖိုင်ဘာကေဘယ်လ်များ သွယ်တန်းပေးခြင်းနဲ့ နေပြည်တော် အားကစားရွာနဲ့ အားကစားကွင်းတွေမှာ ကေဘယ်လ်တီဗွီ တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးထားပါတယ်။

မေး ။ အခြားဝန်ဆောင်မှုအနေနဲ့ရော ဘာတွေများပေးဖို့ရှိပါသလဲ။

ဖြေ ။ ဝန်ဆောင်မှုပိုင်းအနေနဲ့ WiFi Free ပေးသုံးဖို့ စီစဉ်ထားပါတယ်။ အားကစားကွင်းများနဲ့ အားကစားရွာတွေမှာ WiFi စနစ်တပ်ဆင်ပေးထားပါတယ်။ အခုသုံးလည်း သုံးနေကြပါပြီ။ ပြီးတော့ IC Chip ကတ်သုံး Pay Phone / Card Phone စနစ် တပ်ဆင်ပေးထားပါတယ်။

မေး ။ WiFi စနစ်ကို Password (လျှို့ဝှက်နံပါတ်) ထည့်ထားပါသလား။

ဖြေ ။ Passward မထည့်ထားပါဘူး။ သုံးစွဲသူအနေနဲ့ အလွယ်တကူသုံးနိုင်အောင်စီစဉ်ထားပါတယ်။

မေး ။ Pay Phone/Card Phone စနစ်အကြောင်းသိပါရစေ။

ဖြေ ။ ယခင်သုံးခဲ့ဖူးတဲ့ Card Phone စနစ်နဲ့မတူဘဲ IC Chip ကတ်ကိုသာ အသုံးပြုရုံနဲ့ပြောလို့ရအောင် ဆောင်ရွက်ပေးထားပါတယ်။ GSM Card Phone စနစ်နဲ့ Wire Card Phone စနစ်နှစ်မျိုး စီစဉ်ထားပါတယ်။ ကြိုးဖုန်းတပ်ဆင်ဖို့ ခက်ခဲတဲ့နေရာတွေမှာ GSM Card Phone စနစ်ကို တပ်ဆင်ပေးထားပါတယ်။ ဥပမာ-ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းတစ်လျှောက် အရေးပေါ်ကျန်းမာရေးဝန်ဆောင်မှုစခန်းတွေနားမှာ GSM Card Phone ၁၀ စခန်းတပ်ဆင်ပေးထားပါတယ်။ Solar Power စနစ်ကို အသုံးပြုထားပါတယ်။

မေး ။ WiFi စနစ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကပဲ တာဝန်ယူဆောင်ရွက်ပါသလား၊ တခြားကုမ္ပဏီတွေက ဆောင်ရွက်ပေးတာရှိပါသလား။

ဖြေ ။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ နေပြည်တော်မှာရှိတဲ့ အားကစားရွာနဲ့ အားကစားကွင်းများရှိ ရုံးခန်းတွေမှာ အင်တာနက်စနစ်ကို ကြိုးနဲ့ရော WiFi စနစ်ကိုပါ တည်ဆောက်ပေးထားပါတယ်။ ဧည့်ပရိသတ်တွေအတွက်ကိုတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက တင်ဒါခေါ်ရာမှာ Red Link ကုမ္ပဏီနဲ့ Global Telephone (SKY Net) နှစ်ခုက Sponsor ပေးတဲ့အတွက် အထက်မြန်မာပြည်မှာ (နေပြည်တော်/မန္တလေး) Global Telephone ကို တာဝန်ပေးထားပြီး အောက်မြန်မာပြည်မှာ (ရန်ကုန်/ငွေဆောင်) Red Link ကို တာဝန်ပေးထားပါတယ်။ ဒါ့အပြင် LTE (Long Term Evolution) စနစ်သုံး WiFi ဝန်ဆောင်မှုကိုတော့ အရေးကြီးပုဂ္ဂိုလ်များနှင့်သတင်းမီဒီယာအတွက် အသုံးပြုနိုင်ရန် စီစဉ်ထားရှိပါတယ်။

မေး ။ LTE စနစ်ကို ဘယ်နိုင်ငံက နည်းပညာယူထားပါသလဲ။

ဖြေ ။ ဂျပန်နိုင်ငံ JICA အဖွဲ့အစည်း၏ အကူအညီအထောက်အပံ့နှင့် eNode B (၅၀)ကို တပ်ဆင်ထားရှိပါတယ်။ နေပြည်တော်မှာ ၂၈ စခန်း၊ ရန်ကုန်မှာ (၁၇)စခန်း၊ ငွေဆောင်မှာ (၁)စခန်းနှင့် မန္တလေးမှာ(၄)စခန်း တပ်ဆင်ပြီးဖြစ်ပါတယ်။

မေး ။ အင်တာနက်စနစ် WiFi ကို အခမဲ့သုံးစွဲခွင့်ပေးမယ်ဆိုတော့ မြန်နှုန်းမြှင့်ဖို့ ဆောင်ရွက်ထားတာရှိပါသလား။

ဖြေ ။ ရှိပါတယ်။ အင်တာနက်နဲ့ချိတ်ဆက်ထားတဲ့ Band Width ကိုပြည်သူတွေ သုံးစွဲနေတဲ့အပေါ် အခြေခံပြီး တိုးချဲ့ဆောင်ရွက်ထားပါတယ်။ ယခင်က 12.Giga bit ရှိရာက အောက်တိုဘာလကုန်မှာ 16.0 Giga bit အထိ တိုးချဲ့ပြီးပါပြီ။ နိုဝင်ဘာလကုန်မှာ 20.0 Giga bit အထိ တိုးချဲ့ပြီးမှာဖြစ်ပါတယ်။ ယခင်က ရန်ကုန်မှာ ISP တစ်ခုတည်းရှိပါတယ်။ ယခုနေပြည်တော်နဲ့ မန္တလေးမှာ ISP အသစ်တစ်လုံး ထပ်မံတပ်ဆင်နေပါတယ်။ ပြီးစီးနေပြီဖြစ်ပါတယ်။ ဒါ့အပြင် နေပြည်တော်မှာ IXP လို့ ခေါ်တဲ့ အင်တာနက် Gate Way အိတ်ချိန်း အသစ်တစ်လုံးတပ်ဆင်ပြီး ဖြစ်ပါတယ်။

မေး ။ အဝေးဆက်သွယ်ရေးစနစ်အနေနဲ့ရော တိုးချဲ့တာရှိပါသလား။

ဖြေ ။ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ အသုံးပြုဖို့ ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းရဲ့ အကူအညီနဲ့ သီးခြားဆောင်ရွက်ထားပါတယ်။ ရန်ကုန်-နေပြည်တော်-မန္တလေး ဖိုင်ဘာဆက်ကြောင်းမှာ 10 Gx 3ٳ=30G တပ်ဆင်ထားပါတယ်။ ရန်ကုန်-ပုသိမ်-ငွေဆောင်ဆက်ကြောင်းမှာ 300 Mega bit ပမာဏရှိသော Band Width ပေးထားပါတယ်။

အထွေထွေမန်နေဂျာ

မေး ။ အမည်နှင့်ရာထူးသိပါရစေ။

ဖြေ ။ ဦးကျော်စိုးဝင်းပါ။ အထွေထွေမန်နေဂျာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဖြစ်ပါတယ်။

မေး ။ တယ်လီဖုန်းတွေ တပ်ဆင်ပေးရတယ်ဆိုတော့ နေပြည်တော်မှာ တယ်လီဖုန်းအိတ်ချိန်းတွေ တိုးချဲ့တည်ဆောက်ရတာရှိပါသလား။

ဖြေ ။ ရှိပါတယ်။ အားကစားရွာအနီးမှာ လိုင်း ၁၀၀၀ ပါတဲ့ Remote Exchange တစ်လုံး၊ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းအနီးမှာ လိုင်း ၅၀၀ ပါတဲ့ Remote Exchange တစ်လုံးနဲ့ ဇေယျာသီရိဘောလုံးကွင်းအတွက် လိုင်း ၂၄၀ တပ်ဆင်နိုင်တဲ့ Remote Exchange တစ်လုံး တပ်ဆင်ထားပါတယ်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မေး ။ နိုင်ငံတကာကလာတဲ့ အားကစားသမားများ၊ အရေးကြီးပုဂ္ဂိုလ်များ၊ ဒိုင်လူကြီးများ၊ အားကစားအဖွဲ့ခေါင်းဆောင်များသုံးဖို့ GSM SIM ကတ်အခမဲ့ထောက်ပံ့မယ်လို့ ကြားပါတယ်၊ ဟုတ်ပါသလား။

ဖြေ ။ ဟုတ်ပါတယ်။ GSM SIM ကတ် ၃၀၀၀၀ ကို နိုဝင်ဘာ ၁ ရက် ကတည်းက မြန်မာနိုင်ငံအိုလံပစ်ကော်မတီကို လွှဲပေးပြီးပါပြီ။ ငွေဖြည့်ကတ်ကိုတော့ ဝယ်ယူသုံးစွဲရမှာဖြစ်ပါတယ်။ ပြီးတော့ ဒီ SIM ကတ်က ၂၀၁၃ ခုနှစ် နိုဝင်ဘာ၊ ဒီဇင်ဘာနဲ့ ၂၀၁၄ ခုနှစ် ဇန်နဝါရီအထိ သုံးလသုံးလို့ရမှာဖြစ်ပါတယ်။ ဇန်နဝါရီလမှာလုပ်မယ့် ၂၀၁၄ မသန်စွမ်းအားကစားပြိုင်ပွဲအတွက်ကိုပါ ရည်ရွယ်ထားပါတယ်။

မေး ။ နိုင်ငံခြားဧည့်သည်တွေအတွက် ၂၀၀၀၀ တန် GSM တစ်ခါသုံး SIM ကတ်ရောင်းပေးမယ်လို့ သိရပါတယ်။

ဖြေ ။ ဟုတ်ပါတယ်။ နိုင်ငံခြားဧည့်သည်တွေအနေနဲ့ မြန်မာနိုင်ငံကို ရောက်တာနဲ့မိမိနိုင်ငံကို ပြန်ခေါ်နိုင်ဖို့အတွက် တစ်ခါသုံးတစ်လသက်တမ်းရှိတဲ့ ငွေကျပ် ၂၀၀၀၀ GSM SIM ကတ် ရောင်းပေးမှာဖြစ်ပါတယ်။ ရန်ကုန်၊ နေပြည်တော်နဲ့ မန္တလေးလေဆိပ်တွေမှာ ရောင်းပေးပါမယ်။ အားကစားကွင်းတွေမှာရှိတဲ့ Social Zone တွေမှာလည်း ရောင်းဖို့စီစဉ်ထားပါတယ်။

မေး ။ တစ်လအတွင်းမှာ ၂၀၀၀၀ ကုန်သွားရင်ကော ငွေထပ်ဖြည့်လို့ရပါသလား။

ဦးကျော်စိုးဝင်း
အထွေထွေ
မန်နေဂျာ
(မြန်မာ့ဆက်သွယ်ရေး
လုပ်ငန်း)

ဖြေ ။ ရပါတယ်။ သက်တမ်းတစ်လအတွင်းမှာ ငွေကုန်သွားရင် Top Up ကတ် (ငွေဖြည့်ကတ်) ဝယ်ယူဖြည့်တင်းလို့ရပါတယ်။ ရအောင်စီစဉ်ပေးထားပါတယ်။

မေး ။ နိုင်ငံခြားက ဧည့်သည်တွေ အဝင်များမှာဆိုတော့ နိုင်ငံခြားခေါ်ဆိုတဲ့ တယ်လီဖုန်းလိုင်းတွေရော တိုးချဲ့ထားပါသလား။

ဖြေ ။ တိုးချဲ့နေပါတယ်။ အရင်က အင်တာနေရှင်နယ်အိတ်ချိန်းနှစ်ခုမှာ International Trunk လိုင်း ၁၁၇၉၀ သာရှိခဲ့ရာမှ အခု အင်တာနေရှင်နယ်အိတ်ချိန်းအသစ်တစ်လုံး ထပ်မံတပ်ဆင်နေပြီး ထရန့်လိုင်း ၉၀၀၀ ထပ်ချဲ့နေပါတယ်။ နိုဝင်ဘာလ နောက်ဆုံးပတ်အပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။ အခုစက်ပစ္စည်းတွေကို စမ်းသပ်နေပါပြီ။

ဒုတိယအထွေထွေမန်နေဂျာ

မေး ။ အမည်နှင့်ရာထူးသိပါရစေ။

ဖြေ ။ ဦးသိန်းဟုတ်ပါ။ ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း နေပြည်တော်ကောင်စီနယ်မြေဖြစ်ပါတယ်။

မေး ။ ဘယ်လိုတာဝန်တွေယူပြီး လုပ်ဆောင်နေပါသလဲ။

ဖြေ ။ MD/ GM တို့ အမိန့်ရှိသလို အဓိကဖိုင်ဘာကေဘယ်လ်တည်ဆောက်ခြင်းလုပ်ငန်း၊ကော့ပါးကေဘယ်လ်တည်ဆောက်ခြင်းလုပ်ငန်း၊ အိတ်ချိန်းတပ်ဆင်ခြင်းလုပ်ငန်းအပြင်InternetWiFiတပ်ဆင်ခြင်းနဲ့ *စာမျက်နှာ-၁၂သို့*

ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၁၁-၂၀၁၃ရက်ထုတ် ဤသတင်းစာကြော်ငြာအချပ်ပို စာမျက်နှာ(၂)ပါ ဒေါ်တင်တင်လှိုင်(တရားလွှတ်တော်ရှေ့နေ)နှင့် ဦးမိုးမင်းဆွေ (အထက်တန်းရှေ့နေ)တို့၏ အများသိစေရန်ကြေညာချက်ကြော်ငြာတွင်၂-၅-၂၀၁၃ရက်အစား ၂-၅-၂၀၀၃ရက်စွဲဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဣန္ဒာ(၈)လမ်း၊ မြေကွက်အမှတ် ၁၁၂၇^၁/၂၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ နှစ် ၆၀ ဂရန်၊ အကျယ်အဝန်းပေ(၂၀×၆၀)၊ မြေနှင့်တိုက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ဒေါ်အေး ၁၂/ဥကမ(နိုင်)၀၃၁၅၅၇ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးနေဝင်း ၁၂/ဥကမ(နိုင်)၁၀၄၁၉၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်တိုက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းကို	ဒေါ်စန်းစန်းဝင်း B.A (Law)LL.B
စဉ်-၄၁၈၈၀	စဉ်-၂၉၈၆
အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ
ဒေါ်စန်းသုမာ	တိုက် ၁၊ အခန်း ၄၀၄၊ ရတနာမွန်အိမ်ရာ၊
စဉ်-၃၃၈၁၁	လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
အထက်တန်းရှေ့နေ	ဖုန်း-၀၉-၅၀၅၉၉၈၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မေတ္တာညွန့်တာမွေ၊ ဒဂုံလွင်လမ်း၊ အမှတ် ၀၀၁၊ တိုက် (၇)နေ ဒေါက်တာသိန်းဆွေ AF-၀၆၁၃၄၅ အမည်ပေါက်ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၁၊ မြေကွက်အမှတ် ၅၈၃၊ မြေအကျယ်အဝန်းပေ (၄၀×၆၀)မြေကွက်အား ဒေါက်တာသိန်းဆွေထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမိုးဇေယျာကျော် ၁၂/ခရန(နိုင်)၀၁၀၁၂၁
ဖုန်း-၀၉-၇၃၁၉၉၃၇၆

ဦးကျော်ဝင်း၊ ဒေါ်မာလာစိုးသိရှိရန်

ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်စိုးနှင့် ဦးစိုးထွဋ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ အမှတ် (၁၇-က)သာယာဝတီလမ်းနေ ဦးကျော်ဝင်းနှင့် ဒေါ်မာလာစိုး(ယခုနေရပ်လိပ်စာမသိ) သိရှိစေရန်။

ဦးမြင့်စိုး၊ ဒေါ်မာလာစိုး၊ ဦးစိုးထွဋ်နှင့် ဦးကျော်ကျော်စိုးတို့သည် ဦးဘစိုး(ကွယ်လွန်)နှင့် ဒေါ်ခင်ကြည်တို့၏ သားသမီး အရင်းများဖြစ်ကြသည်။ ဦးဘစိုး ကွယ်လွန်စဉ် ကျန်ခဲ့သည့် အမွေပစ္စည်းများနှင့် ပတ်သက်သည့် အမွေမှုပြီးပြတ်ပြီးနောက် ဦးကျော်ဝင်းနှင့် ဒေါ်မာလာစိုးတို့သည် မိခင်ဒေါ်ခင်ကြည်နှင့် ၄င်းပိုင်ပစ္စည်းများကိုပါ ယူဆောင်လျက် ရန်ကုန်မြို့အတွင်း နေရပ်လိပ်စာ အမျိုးမျိုးပြောင်း၍ ခေါ်ယူထားကြောင်း သိရပါသည်။ မိခင်ဒေါ်ခင်ကြည်ကို ကျွန်ုပ်၏မိတ်ဆွေများက စဉ်ဆက်မပြတ် ပြုလုပ်နေကျအတိုင်း ဂါရဝပြုကန်တော့နိုင်ရန် အကြိမ်ကြိမ် ကြိုးစားသော်လည်း လူကြီးမင်းတို့က အတွေ့မခံသည့်အပြင် နေရပ်လိပ်စာကိုပင် စုံစမ်းမရကြောင်း သိရပါသည်။ မိခင်ဒေါ်ခင်ကြည်သည် အသက်(၉၄)နှစ်ကျော် အိုမင်းမစွမ်းသည့်အပြင် အောက်ပိုင်းမသန်စွမ်းနေသည့် ဒုက္ခိတဖြစ်၍ မိခင်၏ အသက်အန္တရာယ်နှင့် ကိုယ်စိတ်နှစ်ပါးကျန်းမာရေးကို ကျွန်ုပ်မိတ်ဆွေများက လွန်စွာစိုးရိမ်လျက်ရှိပါသည်။ သို့ဖြစ်၍ ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ကျွန်ုပ်မိတ်ဆွေများကို တွေ့ဆုံဂါရဝပြုခွင့်ရရန် စီစဉ်ပေးစေလိုပါသည်။ ဆောင်ရွက်ပေးခြင်းမရှိပါက ဗုဒ္ဓဘာသာ သားသမီးများ၏ အခြေခံရပိုင်ခွင့်နှင့် ပုဂ္ဂလိကအခွင့်အရေးကို လူကြီးမင်းတို့က ချိုးဖောက်သည်ဟု မှတ်ယူမည်ဖြစ်ကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဥမ္မာခင်
တရားလွှတ်တော်ရှေ့နေ(၆၁၂၃)
အမှတ် (၅)၊ စုပေါင်းရုံး(၃)လမ်း၊ ရွှေတောင်မြို့

ကန့်ကွက်ကြောင်း ပြန်လည်ကြေညာခြင်း

၂၄-၁၁-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်သက်သက်မာနှင့် ဒေါ်ဇင်မာထိန်ဝင်းတို့၏ ကြေညာချက်ပါ ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ ကွင်းအကွက်အမှတ်နှင့်အမည် ၁၅ဘီ၊ ရုံးကြီးရပ်၊ ဦးပိုင်အမှတ် ၂၅၊ ဧရိယာ ၀ဒသမ၀၉၀ ဧကရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံနှင့်တကွ သုံးစွဲပိုင်ခွင့်အားလုံးသည် ဦးအောင်ထွန်းနှင့်ဒေါ်သိန်းမြိုင်တို့ဘိုးဘွားပိုင် ပစ္စည်းဖြစ်ပါသည်။ ဦးအောင်ထွန်းနှင့် ဒေါ်သိန်းမြိုင်တို့တွင် အမွေဆက်ခံခွင့်သား/သမီး ခြောက်ဦးမွေးဖွားခဲ့ရာ (၁)နော်ဒေါရစ်ထွန်း၊ (၂)ဦးဝယ်လစ်စတန်ထွန်း၊ (၃)ဦးနယ်လဆန်းထွန်း၊ (၄)ဦးစောဂျင်မီထွန်း၊ (၅)နော်ဂျူးထွန်း၊ (၆)ဦးမောင်မောင်(ခ)ဦးဟေဇယ်လ်ထွန်းတို့နှင့် သက်ဆိုင်သည့်အမွေဆိုင်ပစ္စည်းများဖြစ်ပါသည်။ မိဘနှစ်ပါး သေဆုံးပြီးနောက်တွင် အမွေခွဲဝေသည့် သေတမ်းစာထားရစ်ခဲ့ခြင်း မရှိပါ။ အမွေခွဲဝေခဲ့ခြင်းလည်း မရှိပါ၊ လက်ရှိတွင် အထက်ဖော်ပြပါစဉ်(၁)(၂)(၃)တို့မှာ ကွယ်လွန်သွားခဲ့ပြီ ဖြစ်သော်လည်း ၄င်းတို့၏သားသမီးများ အသီးသီးကျန်ရစ်ခဲ့ပါသည်။ စဉ်(၄)နှင့် (၅)တို့မှာ သက်ရှိထင်ရှားရှိနေပြီး စဉ်(၄)ဦးစောဂျင်မီထွန်းတစ်ဦးတည်း အမည်ဖြင့်တရားဝင်အမည်ပေါက် ပိုင်ဆိုင်သည်ဆိုသည်မှာ ၂၄-၁၁-၂၀၁၃ရက်စွဲပါ ကန့်ကွက်နိုင်ကြောင်း ကြေညာမှသာလျှင် အမွေဆိုင်စဉ်(၅)နော်ဂျူးထွန်းက သိရှိရခြင်းဖြစ်သလို စဉ်(၁)(၂)(၃)တို့မှ ဆင်းသက်လာသော ကျန်အမွေဆိုင်များလည်း သိရှိရခြင်းဖြစ်ပါသည်။ ဦးစောဂျင်မီထွန်းအမည်ပေါက် ပြောင်းလဲလျှောက်ထားခြင်းကို တရားဝင်ကြေညာခဲ့ခြင်း မရှိပါ။ ယနေ့အချိန်အထိ အမွေဆိုင်များ ဆက်လက်နေထိုင်နေပါသည်။ ဖော်ပြပါမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ၄င်းတစ်ဦးတည်းဆန္ဒဖြင့် ရောင်းချပိုင်ခွင့်မရှိပါ။ ၄င်းတစ်ဦးတည်း အမည်ပေါက် ပိုင်ဆိုင်ခြင်းဆိုသည်မှာလည်း တစ်ခုခုလွဲမှားနေခြင်းသာဖြစ်ပါသည်။ ကျန်အမွေဆိုင်များတွင် တရားဝင်စာချုပ်စာတမ်းများ လက်ဝယ်ပိုင်ဆိုင်မှုရှိပြီး အထက်ဖော်ပြပါ အဆောက်အအုံ၏ အိမ်ခွန်၊ မီတာခများကို ယနေ့အချိန်အထိ အမွေရှင်ဒေါ်သိန်းမြိုင် အမည်ဖြင့် နိုင်ငံတော်သို့ အခွန်ပေးဆောင်နေဆဲဖြစ်ပါသည်။ သို့ပါ၍ ၂၁-၁၁-၂၀၁၃ရက်ထုတ် သတင်းစာပါ ကြေညာချက်အား အမွေရှင်၏ သမီးနော်ဂျူးထွန်းက အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

နော်ဂျူးထွန်း(ဘ)ဦးအောင်ထွန်း
၁၂/မဘန(နိုင်)၀၂၃၇၉၉

ပြည်တွင်းသတင်း

ဦးသိန်းဟုတ်
ဒုတိယအထွေထွေ
မန်နေဂျာ
(မြန်မာ့ ဆက်
သွယ်ရေး
လုပ်ငန်း)

စာမျက်နှာ ၁၁ မှအဆက်

CATV တပ်ဆင်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပေးရပါတယ်။ သက်ဆိုင်ရာ အင်ဂျင်နီယာချုပ်တွေနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် အားကစားကွင်း/အားကစားရွာတွေမှာ GSM စနစ် ဖြည့်ဆည်း တည်ဆောက်ရာမှာ အင်ဂျင်နီယာချုပ် မိုဘိုင်းနဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

မေး။ ငွေဆောင်၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးစတဲ့ အားကစားပွဲကျင်းပမည့် လေးနေရာစလုံးမှာ ဆောင်ရွက်ထားပါသလား။

ဖြေ။ ဟုတ်ပါတယ်။ ငွေဆောင်ဆိုရင် ဧရာဝတီတိုင်းဒေသကြီးမန်နေဂျာနဲ့ ညှိနှိုင်းဆောင်ရွက်ပါတယ်။ ရန်ကုန်ဆိုရင် အင်ဂျင်နီယာချုပ် (အော်တိုဖုန်း/ IT)တို့နဲ့ ညှိနှိုင်းဆောင်ရွက်ပါတယ်။ မန္တလေးမှာဆိုရင် တိုင်းမန်နေဂျာမန္တလေးနဲ့ ညှိနှိုင်းဆောင်ရွက်ပါတယ်။

မေး။ နေပြည်တော်မှာ ဆောင်ရွက်မှုအပိုင်းလေး ဖြေကြားပေးပါ။

ဖြေ။ နေပြည်တော်မှာ အားကစားရွာ၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၊ ဇေယျာသီရိ အားကစားကွင်း၊ ငလိုက်ဆည်၊ လယ်ဝေးလေ့ကျင့်ရေးစခန်း၊ ရွာတော်တည်းခိုရေးစခန်း၊ Mount Pleasant ရှိ BMX အားကစားကွင်းတို့မှာ တယ်လီဖုန်းနဲ့ အင်တာနက်စနစ်တွေ တပ်ဆင်ပေးထားရပါတယ်။ အဓိကကတော့ အားကစားပွဲတွေ ကျင်းပတဲ့နေရာတိုင်းမှာ ဖိုင်ဘာကေဘယ်လ်ရောက်အောင် သွယ်တန်းပေးရပါတယ်။ မြန်မာ့အသံက တိုက်ရိုက်လွှင့်ဖို့အတွက်ရယ်၊Delay လွှင့်ဖို့၊ ရုပ်သံပို့ဖို့အတွက်ရယ် ဖိုင်ဘာကေဘယ်လ်သွယ်တန်းပေးရခြင်း ဖြစ်ပါတယ်။ အဲ့ဒီပြိုင်ပွဲကျင်းပတဲ့နေရာကနေပြီး IBC ခေါ်တဲ့ International Broadcasting Center (မဏိရတနာ ကျောက်စိမ်းခန်းမ) အရောက် ဖိုင်ဘာတွေပေးပို့ရပါတယ်။

မေး။ ဝန်ဆောင်မှုအပိုင်းအနေနဲ့ ဘာတွေလုပ်ရပါသေးလဲ။

ဖြေ။ အားကစားရွာမှာ Cluster ၁၀ ခု ရှိပါတယ်။ Cluster တစ်ခုမှာ လေးခန်းတွဲ နှစ်ထပ်အဆောက်အအုံ ၁၀ လုံးရှိပါတယ်။ ဒါကြောင့် အဆောက်အအုံအလုံး ၁၀၀ မှာ တယ်လီဖုန်း၊ CATV၊ WiFi အင်တာနက်နဲ့ ကတ်ဖုန်း၊ Pay Phone တွေကို တပ်ဆင်ပေးရပါတယ်။ အားကစားရွာ၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနဲ့ ဇေယျာသီရိအားကစားကွင်းတွေမှာ Social Zone တွေ ရှိပါတယ်။ အဲ့ဒီနေရာတွေမှာ PAC (Public Access Center) ဖွင့်မှာဖြစ်ပါတယ်။ PAC မှာ IDD ဖုန်း၊ IDD Fax ၊ နိုင်ငံခြားသားဧည့်သည်တွေအတွက် နှစ်သောင်းတန် တစ်ခါသုံး SIM ကတ်၊ ငွေဖြည့်ကတ်၊ WiFi Free Service ၊ အထိမ်းအမှတ်တံဆိပ်ခေါင်းများ ရောင်းပေးမှာဖြစ်ပြီး အခမဲ့အင်တာနက်အသုံးပြုနိုင်ဖို့ ကွန်ပျူတာအလုံး ၂၀ စီ တပ်ဆင်ပေးထားပါမယ်။ ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone အနီးမှာ GSM Mobile မော်တော်ယာဉ်တစ်စီး ထားရှိပါတယ်။ ပရိသတ်များလာရင် GSM ကောင်းမွန်စွာ ပြောနိုင်ဖို့ စီစဉ်ထားရှိပါတယ်။ ရေပူစမ်းနဲ့ လိန်းလီကျေးရွာတို့မှာလည်း GSM စခန်းတွေ တည်ဆောက်ပြီးဖြစ်ပါတယ်။

မေး။ Call Center ဖွင့်မယ်လို့ ကြားသိရပါတယ်။ အခြေအနေသိပါရစေခင်ဗျာ။

ဖြေ။ မှန်ပါတယ်။ နေပြည်တော်မှာ Call Center လို့ခေါ်တဲ့ Information Center ကို ဖွင့်မှာဖြစ်ပါတယ်။ စက်ပစ္စည်းများ တပ်ဆင်လျက်ရှိပြီး စမ်းသပ်ဆဲဖြစ်ပါတယ်။ ရည်ရွယ်တာကတော့ အချိန်နှင့် တစ်ပြေးညီသတင်းရရှိစေဖို့ဖြစ်ပါတယ်။ တစ်ဖန် ကျန်းမာရေးနှင့်ပတ်သက်သော ဆေးရုံ၊ ဆေးခန်း၊ အရေးပေါ်လူနာတင်ဝန်ဆောင်မှုများ၏ လိပ်စာတွေ၊ စားသောက်ဆိုင်လိပ်စာတွေ၊ လေယာဉ်လက်မှတ်များ၊ ကစားကွင်းများ တည်ရှိမည့်နေရာတွေ၊ အငှားယာဉ်လိုင်းများ၊ အဝေးပြေးယာဉ်လိုင်းများစသည်တို့ကို တရားဝင်သတင်းအချက်အလက်ရယူ၍ ဖြေကြားပေးမှာ ဖြစ်ပါတယ်။

နေပြည်တော် Call Center က မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖြေကြားပေးမှာဖြစ်ပြီး ထိုင်း၊ မလေးရှား၊ တရုတ်နှင့် ဂျပန်ဘာသာစကားများဖြင့် မေးမြန်းလိုပါက ရန်ကုန် Call Center နှင့် ချိတ်ဆက်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

မေး။ အရေးပေါ် ကယ်ဆယ်ရေးစခန်းများအတွက်ကိုရော ဘယ်လိုဆက်သွယ်မှုစနစ် ပေးထားပါသလဲ။

ဖြေ။ အရေးပေါ်လူနာတင်ယာဉ်နှင့် ကုသရေးဌာနအတွက် တယ်လီဖုန်းနံပါတ် ၁၉၂ ကို နေပြည်တော်ခုတင် (၁၀၀၀)ဆေးရုံမှာ လည်းကောင်း၊ မီးသတ်အရေးပေါ်တယ်လီဖုန်းနံပါတ် ၁၉၁ ကို နေပြည်တော် ဇဗ္ဗူမီးသတ်မှာလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရေးပေါ်တယ်လီဖုန်းနံပါတ် ၁၉၉ ကို နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရုံးမှာလည်းကောင်း၊ နေပြည်တော်ကောင်စီ အရေးပေါ်တယ်လီဖုန်းနံပါတ် ၁၉၃ ကို နေပြည်တော်ကောင်စီမှာလည်းကောင်း တပ်ဆင်ပေးထားပြီးဖြစ်ပါတယ်။

၄င်းတယ်လီဖုန်းနံပါတ်များကို နေပြည်တော်ကောင်စီနယ်မြေရှိ GSM မိုဘိုင်းဖုန်းများနှင့် အော်တိုတယ်လီဖုန်းများမှ ဆက်သွယ်ခေါ်ယူနိုင်မှာ ဖြစ်ပါတယ်။

မေး။ IBC (International Broadcasting Center) မှာလည်း ဘယ်လိုဝန်ဆောင်မှုတွေ ပေးထားပါသလဲ။

ဖြေ။ IBC မှာ Broadcaster Booth ၂၀ ရှိပါတယ်။ Booth တစ်ခုမှာ တယ်လီဖုန်း နှစ်လိုင်း၊ Data တစ်လိုင်းတပ်ဆင်ပေးထားပါတယ်။ တယ်လီဖုန်းကို ယာယီတယ်လီဖုန်းတပ်ဆင်ခ ၂၀၀၀၀ နဲ့ တစ်ရက် ၃၀၀၀ နှုန်းနဲ့ တပ်ပေးမှာဖြစ်ပါတယ်။ နေပြည်တော် ကောင်စီနယ်မြေအတွင်း ကြိုက်သလောက် ပြောနိုင်ပါမယ်။ ရန်ကုန်/မန္တလေး နယ်ဝေးခေါ်ဆိုလိုလျှင် သီးခြားခေါ်ဆိုခပေးရမှာဖြစ်ပါတယ်။ နိုင်ငံခြားခေါ်ဆိုလိုလျှင်လည်း သီးခြားခေါ်ဆိုခ ပေးရမှာဖြစ်ပါတယ်။ ။

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၆-၁၁-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၆၆၅၀၀-၆၂၅၉၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၆၅၀၀၀-၆၃၇၆၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅-၉၈၉	ကျပ်
ဥရောပ	တစ်ယူရို	၁၃၁၇-၁၃၃၄	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၈-၇၈၈	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၇-၃၀.၉၈	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၈-၁၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၉-၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၅-၃၃၃	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၄၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၄၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၇၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၅၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၈၀၀-၂၅၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၁၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၈၈၀၀
၂။ ပေါ်ကျွဲ	တစ်အိတ်	၂၂၀၀၀
၃။ပေါ်ဆန်းယဉ်(အသစ်)	တစ်အိတ်	၂၁၀၀၀-၂၄၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၆၁၀
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၇၅-၉၇၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၇၅-၁၂၀၀
၉။ အာလူး (ဟဲဟိုး)	တစ်ပိဿာ	၃၉၀-၆၃၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၄၀၀-၂၄၅၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၈၀၀-၃၃၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၀၀-၁၀၇၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

လူကုန်ကူးမှု တိုက်ဖျက်ရေး တို့တွေ ပါဝင်ကူညီပေး

ဦးခင်မောင်ထွန်း ၈/ခမန(နိုင်)၀၁၀၂၅၂၊ ဦးစိုးဝင်းမြ ၉/ညဥန(နိုင်)၀၁၇၁၉၂၊ ဒေါ်ခင်ချိုမြ(ခ)ဒေါ်ချိုချိုမြ ၁၂/ကမရ(နိုင်)၀၃၈၁၃၄၊ ဒေါ်သီသီမြ ၁၂/ကမရ(နိုင်)၀၃၈၁၃၅ တို့နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ မြို့မကွက်သစ်ရပ်နေ ဦးဇော်ဝင်းမြ ၉/မရမ(နိုင်)၀၃၀၆၀၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဇော်ဝင်းမြ၏ ညီအစ်ကိုမောင်နှမများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ မြို့မကွက်သစ်ရပ်တွင် နေထိုင်ခဲ့သော ဦးမြမောင်(ကွယ်လွန်)၊ ဒေါ်သန်းသန်း (ကွယ်လွန်)တို့တွင် သားသမီးငါးဦးရှိရာ ၄င်းတို့မှာ (၁)ဒေါ်ခင်မာမြ၊ (၂)ဒေါ်ချိုချိုမြ(ခ)ဒေါ်ခင်ချိုမြ၊ (၃)ဒေါ်သီသီမြ၊ (၄) ဦးဇော်ဝင်းမြ၊ (၅)ဦးစိုးဝင်းမြတို့ ဖြစ်ပါသည်။

ဦးမြမောင်(ကွယ်လွန်)၊ ဒေါ်သန်းသန်း(ကွယ်လွန်)တို့၏ ကျန်ရစ်ခဲ့သော မခွဲမစိတ်ရသေးသော အမွေပစ္စည်းမှာ(၁)ညောင်ဦးမြို့နယ်တွင် မေခလာတည်းခိုခန်း၊ (၂)ညောင်ဦးမြို့နယ်ရှိ သစ်ဝါးလုပ်ငန်း၊ (၃)ညောင်ဦးမြို့နယ်၊ မြို့မကွက်သစ်ရှိမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်တစ်လုံး၊ (၄)ညောင်ဦးမြို့နယ် မြို့မကွက်သစ်ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သစ်စက်တစ်လုံး၊ (၅)ညောင်ဦးမြို့နယ်၊ မြို့မကွက်သစ်ရှိ သစ်စက်နှင့်ကပ်လျက် မြေကွက်တစ်ကွက်၊ (၆)ညောင်ဦးမြို့နယ်၊ မြို့မကွက်သစ်ရှိ သစ်စက်နှင့်ကပ်လျက် မြေကွက်နှစ်ကွက်ပေါ်တွင် ဆောက်လုပ်ထားသော ဂိုဒေါင်နှစ်လုံး၊ (၇)ညောင်ဦးမြို့နယ်၊ မြို့မကွက်သစ်ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အုတ်တိုက်တစ်ထပ်တိုက်တစ်လုံး၊ (၈)ညောင်ဦးမြို့နယ်၊ မြို့မကွက်သစ်ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံး၊(၉)ညောင်ဦးမြို့နယ်၊ ရွာသစ်ရပ် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်တစ်လုံး၊ (၁၀)ညောင်ဦးမြို့နယ်၊ မကျည်းတောရပ်ရှိ မြေကွက်တစ်ကွက်၊ (၁၁) ဦးပိုင်အမှတ် ၆၄၊ ဧရိယာ ၀ ဒသမ ၁၄၇ ဧက၊ မြေအမျိုးအစား၊ မြို့မြေ၊ (၁၂) ဦးပိုင်အမှတ် ၆၅ ဧရိယာ ၀ ဒသမ ၁၄၇ဧက၊ မြေအမျိုးအစား မြို့မြေ၊ (၁၃) ဦးပိုင်အမှတ် ၆၇ ဧရိယာ ၀ ဒသမ ၁၄၉ ဧက၊ မြေအမျိုးအစားမြို့မြေ၊ (၁၄)ဦးပိုင်အမှတ် ၇၅၊ ဧရိယာ ၀ ဒသမ ၁၁၈ ဧက၊ (၁၅)ရှမ်းပြည်နယ်၊ ကလောမြို့နယ်ရှိ ပေ(၄၀×၆၀)မြေကွက်ပေါ်တွင် တစ်ထပ်အိမ်တစ်လုံး၊ (၁၆)ဆ/၅၆၉၅၊ ဘီအမ်အမျိုးအစား ညောင်ဦးသားကား၊ (၁၇) ၈ည/၇၀၉၉ Hi Ace အမျိုးအစားကားတို့သည် ဖခင်ဦးမြမောင်နှင့် မိခင်ဒေါ်သန်းသန်းတို့ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိခဲ့သော ပစ္စည်းများဖြစ်ပြီး ယခုအခါ မိဘနှစ်ပါးကွယ်လွန်ခဲ့ပြီဖြစ်ပြီး အထက်ဖော်ပြပါ ကျန်ရစ်သည့်ပစ္စည်းများမှာလည်း အမွေခွဲဝေခြင်းမပြုရသေးသည့် အမွေပုံစံပစ္စည်းများဖြစ်ပါသောကြောင့် အဆိုပါပစ္စည်းများနှင့်ပတ်သက်၍ ဦးမြမောင်(ကွယ်လွန်)၊ ဒေါ်သန်းသန်း(ကွယ်လွန်)တို့၏ အမွေစားအမွေခံသားသမီးအရင်းငါးဦးအနက်မှ တစ်ဦးဖြစ်သူ ဦးဇော်ဝင်းမြမသိရှိဘဲ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အခြားသူတစ်ဦးတစ်ယောက်သို့ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ အမည်ပြောင်းခြင်းစသည်တို့ကို မပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်ခဲ့ပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သဇင်ငြိမ်း LL.B **(စဉ်-၇၄၅၅)**
တရားလွှတ်တော်ရှေ့နေ
အမှတ် ၈၉၈၊ စာဂလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၅၀၀၁၇၉၃၊ ၅၇၂၆၉၀

ရုံးခန်းနေရာ ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

DYNAMIC ENGINEERING AND GENERAL TRADING CO., LTD.

ရုံးခန်းကို No.242၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မှ No. 123/133၊ အခန်း (4-B) လေးလွှာ၊ PANSODAN BUSINESS TOWER **အနော်ရထာလမ်းနှင့် ပန်းဆိုးတန်း လမ်းထောင့်သို့ ပြောင်းရွှေ့ဖွင့်လှစ်ကြောင်း အသိပေးအပ်ပါသည်။**

ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၁-၃၈၁၂၂၈၊ ၀၁-၃၈၁၂၂၉

Email:dynamicenegineering1@gmail.com

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဘားအံမြို့၊ အမှတ်(၅)ရပ်ကွက်၊ ဘားအံ-လမ်းဂွနေ ဦးစန်းလှိုင်-ဒေါ်ခိုင်ခိုင်ဝင်း တို့၏သမီး နန်းစမ်းပပအောင် ၃/ဘအန(နိုင်)၂၇၄၅၆၀ သည် မိဘများကို အကြိမ်ကြိမ်စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်အောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီးဖြစ်ကြောင်း၊ နောက်နောင်တွင် ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးစန်းလှိုင်-ဒေါ်ခိုင်ခိုင်ဝင်း

အမည်ဖြည့်စွက်ခေါ်ပါရန်

လားရှိုးမြို့နေ ဦးဇော်နော်၏သား မောင်ဇော်ခွန်နော်၁၃/ကမန(နိုင်)၀၇၈၄၇၈ အား ယနေ့မှစ၍ မောင်ဇော်ခွန်နော်(Zaw Khun Naw) (ခ) မောင်ဇော်ခွန်နော်ဖုန်ဂန် (Zaw Khun Naw Hpunggan) ဟု ဖြည့်စွက်ခေါ်ပါရန်။

မောင်ဇော်ခွန်နော်(ခ)
မောင်ဇော်ခွန်နော်ဖုန်ဂန်

အလိမ္မာ စာမှာရှိ

၁၃ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

ခြေစမ်းပွဲများ အောင်မြင်မှုနည်းသော်လည်း ဘောလုံးရွှေမျှော်မှန်း

နေပြည်တော် နိုဝင်ဘာ ၂၆

ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအမျိုးသား ဘောလုံးအသင်းအနေဖြင့် အကြိုခြေစမ်းပွဲများ အောင်မြင်မှုနည်းသော်လည်း ရွှေတံဆိပ်ဆုမျှော်မှန်း ကစားသွားမည်ဖြစ်ကြောင်း မြန်မာအသင်းနည်းပြ ပတ်ဆောင်ဟွာက မကြာမီက ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားလိုက်သည်။

"ဒီဆီးဂိမ်းပြိုင်ပွဲမှာ မြန်မာပရိသတ်တွေက ဘောလုံးနဲ့ရွှေရဖို့ မျှော်လင့်နေတာ ကျွန်တော်သိပါတယ်။ ပြီးခဲ့တဲ့ ခြေစမ်းပွဲတွေကတော့ မြန်မာယူ-၂၃ အသင်းအနေနဲ့ ကိုယ့်ထက်သာလွန်တဲ့ ကိုရီးယားနဲ့ ဂျပန်အသင်းတွေနဲ့ကစားခဲ့တာပါ။ ဒီလိုကစားလို့ ရလာတဲ့ အတွေ့အကြုံကောင်းတွေက လာမယ့်ဆီးဂိမ်းမှာ အထောက်အပံ့ကောင်းတွေဖြစ်လာမှာပါ။ အကြိုခြေစမ်းပွဲတွေ အောင်မြင်မှုနည်းပေမယ့် တကယ့်ဆီးဂိမ်းမှာ အောင်မြင်မှုနည်းလိမ့်မယ်လို့ တွက်လို့မရပါဘူး။ အကြိုခြေစမ်းပွဲတွေဟာ ကိုယ့်ထက်ခြေစွမ်းသာတဲ့အသင်းတွေနဲ့ ကစားခဲ့တဲ့အတွက် အောင်မြင်မှုနည်းတာဖြစ်ပါတယ်"ဟု ကိုရီးယားနိုင်ငံသား မစ္စတာ ပတ်ဆောင်ဟွာက ပြောသည်။

စိုးရိမ်ပူပန်

မြန်မာယူ-၂၃ ဘောလုံးအသင်းသည် ဆီးဂိမ်းမတိုင်မီ ကိုရီးယား၊ ဂျပန်အသင်းများအပါအဝင် ခြေစမ်းပွဲ ၂၀ ယှဉ်ပြိုင်ခဲ့ရာတွင် နိုင်ပွဲ ငါးပွဲသာရခဲ့ပြီး ၁၅ ပွဲရှုံးနိမ့်ခဲ့ရသည်။ ယင်းအတွက် မြန်မာပရိသတ်များ စိုးရိမ်ပူပန်လျက်ရှိသည်။

မြန်မာယူ-၂၃ အသင်းသည် လာမည့်ဆီးဂိမ်းတွင် အုပ်စု(ခ)တွင် ပါဝင်နေပြီး အုပ်စုပွဲစဉ်များအဖြစ် ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ တီမောလစ်တေအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုအဖွင့်ပွဲအဖြစ် ကမ္ဘောဒီးယားအသင်းနှင့် ကစားရမည်ဖြစ်သည်။ အုပ်စုဒုတိယပွဲစဉ်အဖြစ် ဒီဇင်ဘာ ၉ ရက်တွင် တီမောလစ်တေအသင်းနှင့် တွေ့မည်ဖြစ်သည်။ အုပ်စုအဖွင့်ပွဲနှစ်ပွဲ မြန်မာအသင်း ရလဒ်ကောင်းများရပြီး ပရိသတ်အားပေးမှု၊ ကစားသမားများ၏ ကြိုးစားအားထုတ်မှုဖြင့် နောက်ဆုံးအုပ်စုပွဲ နှစ်ပွဲဖြစ်သည့် ထိုင်းနှင့် အင်ဒိုနီးရှားတို့ကို ကျော်ဖြတ်နိုင်က အုပ်စုတက်နိုင်မည်ဖြစ်သည်။

ယှဉ်ပြိုင်မည်

မြန်မာယူ-၂၃ အသင်းအနေဖြင့် ပြိုင်ပွဲမစတင်မီ ပြည်ပအတွေ့အကြုံကောင်းများရရှိထားပြီဖြစ်၍ လာမည့်ဆီးဂိမ်းတွင် ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်မည့် အခွင့်အလမ်းကောင်းများစွာ ရှိနေသည်။

ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်းပါဝင်သော အုပ်စု(ခ)ပွဲစဉ်များကို ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ဒီဇင်ဘာ ၇ ရက်မှ စတင်ကစားမည်ဖြစ်ပြီး မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအိုနှင့် ဘရူနိုင်းတို့ပါဝင်သော အုပ်စု(က)ပွဲစဉ်များကို ဒီဇင်ဘာ ၈ ရက်မှစတင်ကာ နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

မောင်ရွှေရိုး

မြန်မာဘောလုံးအသင်း၏ ပြည်တွင်းခြေစမ်းပွဲ ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။

ဆီးဂိမ်းပြိုင်ပွဲဝင်မည့် နိုင်ငံအလိုက်ကစားသမားများအတွက် အားကစားရွာတွင် အဆောင်အစုဖွဲ့များ ပြုလုပ်နိုင်ခဲ့ပြီ

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး
(မြန်မာ့အလင်း)

နေပြည်တော် နိုဝင်ဘာ ၂၆

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်တွင် ပါဝင်ဆင်နွှဲမည့် အာဆီယံနိုင်ငံများမှ အားကစားသမားနေထိုင်မည့် အဆောက်အအုံများကို နေပြည်တော်ရှိ အားကစားရွာတွင် နိုင်ငံအလိုက် သတ်မှတ်ထားပြီဖြစ်သည်။ **(အပေါ်ပုံ)**

အားကစားရွာ အတွင်းရှိ အဆောင်အစု (၁) Cluster (၁) တွင် ထိုင်းနိုင်ငံကိုယ်စားပြုအားကစားအဖွဲ့များတည်းခိုနေထိုင်ရန် စီစဉ်ထားပြီဖြစ်သည်။ အားကစားသမားများ တည်းခိုနေထိုင်မည့် အခန်းများတွင် လေအေးစက်များ၊ ရုပ်မြင်သံကြားစက်များတပ်ဆင်ထားပြီး အကူအညီပေးရေးဝန်ထမ်းများလည်း ထားရှိပေးသွားမည်ဖြစ်သည်။

တစ်ဖန် အဆောင်အစု (၂) တွင် ထိုင်း၊ ဗီယက်နမ်၊ အရှေ့တီမောတို့မှ အားကစားသမားများကို စုစည်းထားရှိမည်ဖြစ်သည်။ ထိုင်းအားကစားသမားများမှာ ဝင်ရောက်ယှဉ်ပြိုင်ရန် စိတ်အား ထက်သန်နေကြသူများဖြစ်သည်။ အဆောင်အစု (၃)တွင် ဖိလစ်ပိုင်မှ အားကစားသမားများကို ထားရှိမည်ဖြစ်ပြီး အဆောင်အစု (၄) တွင် စင်ကာပူနှင့်လာအိုနိုင်ငံမှ ကစားသမားများကို ထားရှိရန်ပြင်ဆင်ထားပြီဖြစ်သည်။

ဆက်လက်ပြီး အဆောင်အစု(၅) တွင် အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားနိုင်ငံမှလာရောက်မည့် အားကစားသမားများကို ထားရှိသွားရန်စီစဉ်ထားပြီဖြစ်သည်။ အဆောင်အစု(၇) တွင် မလေးရှားနှင့်ဘရူနိုင်းနိုင်ငံမှ ကစားသမားများကို ထားရှိရန်ပြင်ဆင်ထားသည်။

တစ်ဖန် အဆောင်(၆)၊ အဆောင်(၈)၊ အဆောင်(၉) နှင့်အဆောင် (၁၀) တို့တွင် မြန်မာအားကစားအဖွဲ့ကိုထားရှိမည်ဖြစ်သည်။ အားကစားသမားများ နေထိုင်ရာ အဆောင်အစုတိုင်းတွင် လေအေးစက်များတပ်ဆင်ထားပြီး အဆောင်အစုတိုင်း၌ လူ ၃၀၀ တစ်ပြိုင်တည်းစားနိုင်သော ထမင်းစားဆောင်များလည်း ပြီးစီးနေပြီဖြစ်သည်။

(၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်မြန်မာတို့က အောင်မြင်စွာကျင်းပနိုင်ရန်ကဏ္ဍစုံမှ ကြိုတင်ပြင်ဆင်ထားပြီဖြစ်သည်။

✻ ကျောဖုံးမှ

နီးကပ်လျက်ရှိသဖြင့် လာရောက်လေ့ကျင့်ရန် အဆင်ပြေစွာ ဆောင်ရွက်ပေးထားခြင်းဖြစ်သည်။ ခန်းမအတွင်း "နည်းပြများ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ပါ" ဟူသောသတိပေးစာတန်းကပ်ထားသည်ကို တွေ့ရသည်။

အားကစားသမားများ အနေဖြင့် ကိုယ်ကာယကြံ့ခိုင်မှုနှင့် သက်လုံကောင်းမွန်မှုတို့အတွက် ခေတ်မီအထောက်အကူပြု ကိရိယာများဖြင့် လေ့ကျင့်ရာတွင် သတ်မှတ်အချိန်၊ စည်းကမ်းများဖြင့် မပြုလုပ်ပါက မိမိ၏ ကြံ့ခိုင်မှုကို ထိခိုက်နိုင်သည်ဖြစ်ရာ သတိပေးထားခြင်းဖြစ်သည်။

နေပြည်တော်အားကစားရွာတွင် GYM & FITNESS CENTRE ကို နိုဝင်ဘာ ၂၄ ရက်က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ရာ အားကစားသမားများ လေ့ကျင့်မှုများ ပြုလုပ်နေကြပြီဖြစ်သည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၉၊ မြေကွက်အမှတ် ၉၃၉၊ ဧရိယာပေ(၄၀×၆၀) ဝ ဒသမ ဝ၅၅ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၇၉)ရပ်ကွက်၊ ပဲခူးမြစ်လမ်း၊ အမှတ် ၉၃၉ ဟုခေါ်တွင်သော မြေကွက်နှင့်နေအိမ်အဆောက်အအုံအပါအဝင် တွပ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဦးကျင်အေးလှိုင် ၁၂/လမတ(နိုင်)၀၃၀၆၁၈ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B, D.B.L, D.M.L,D.I.L,D.L.P,WIPO(Switzerland)
ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)
B.Sc, Hon(IC), H.G.P, R.L,D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၇၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၈၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ လမ်း ၁၂၀၊ အမှတ် ၆၂၊ တတိယထပ်ကို အမွေဆက်ခံသားသမီးများဖြစ်ကြသော ဒေါ်သီသီ K/RGN-၀၀၃၂၅၉၊ မောင်လှသိန်း၊ မောင်စိုးသိန်း၊ မောင်ဘသိန်း၊ မသီတာရီ၊ မစန္ဒာ၊ အိုင်ရှာဘီ အပါအဝင် အမွေဆက်ခံပိုင်ဆိုင်သူများထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B, D.B.L, D.M.L,D.I.L,D.L.P,WIPO(Switzerland)
ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)
B.Sc, Hon(IC), H.G.P, R.L,D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၇၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
ဟသ်ာတခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်- ၁၁

ဦးဇော်ဝင်းထွဋ် ပါ (၂၃)ဦး နှင့် **၁။ ဦးသိန်းထွန်း**
၂။ ဦးနိုင်ဝင်း
တရားလိုများ **တရားပြိုင်များ**

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ပန်းတောကြီးကျေးရွာအုပ်စု၊ လယ်တန်ငယ်ကျေးရွာနေ စဉ်(၂)တရားပြိုင် ဦးနိုင်ဝင်း၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြေစာရင်းဦးစီးဌာန(ယခုနေရပ်လိပ်စာမသိသူ) သိစေအပ်ပါသည်။

သင့်အပေါ်၌ ဦးဇော်ဝင်းထွဋ် ပါ(၂၃)ဦးက သီးခြားသက်သာခွင့်ဥပဒေပုဒ်မ-၄၂အရ တရားလိုတို့၏ မူလလက်ငုတ် စိုက်ပျိုးမြေများဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေ (သို့တည်းမဟုတ်) ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၆ ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်တကွ ယူဆောင်လာရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြင့်မြင့်စိန်)
ခရိုင်တရားသူကြီး
ဟသ်ာတခရိုင်တရားရုံး

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင် ခရိုင်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၂၁၀

ကွယ်လွန်သူ ဒေါ်စောမြင့်၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဒေါ်အေးမိ အမှတ် ၂၀၅၊ အခန်း ၃(က)(ယာ)၊ ၂၈လမ်း၊
(၅)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ် **လျှောက်သူ**

အမှတ် ၂၀၅၊ အခန်း ၃(က)(ယာ)၊ ၂၈လမ်း၊ (၅)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်နေ ဒေါ်အေးမိက ကွယ်လွန်သူ ဒေါ်စောမြင့်၏ညီမဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၄င်းကွယ်လွန်သူ ဒေါ်စောမြင့်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဒေါ်စောမြင့်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၉ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်)တွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်သူ ဒေါ်အေးမိ၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မိမိမော်
ဒုတိယခရိုင်တရားသူကြီး(၇)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ကြီးပွားရေး(တောင်)ရပ်ကွက်၊ အောင်သပြေ ၂ လမ်း၊ အမှတ် ၄၈၇/က၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ ဒေါ်တင်မာအေး MTNT-၀၀၇၁၈၁ အမည်ပေါက် (မြေချပါမစ်မြေကွက်+နေအိမ်)တို့နှင့် ပတ်သက်၍

အသိပေးကြေညာခြင်း

အထက်လိပ်စာဖြစ်သည့် မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ဒေါ်တင်မာအေးထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရောက်ရရှိပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသူ ဒေါ်စိုးစိုးဦး ၁၂/သဃက(နိုင်)၁၆၀၅၉၃ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင် LL.B (စဉ်-၂၂၇၄၇) ဒေါ်နှင်းပွင့်သန်း LL.B (စဉ်-၂၇၀၇၅)
လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင်အထက်တန်းရှေ့နေများ
အမှတ် ၅/၁၁၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၁၀၅၅၃၄၇

နိုင်ငံတကာအားကစားသတင်း

သောကများရဦးမယ့် မန်ယူနဲ့ ရတက်ပွေရမယ့် ရီးရဲမက်ဒရစ်

ချန်ပီယံလိဂ်အုပ်စု ပွဲစဉ်(၅)ကို နိုဝင်ဘာ ၂၇ ရက် (ကြာသပတေးနေ့) နံနက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ မန်ယူက အဝေးကွင်းမှာ သွားကစားရမှာဖြစ်လို့ မလွယ်ကူပေမယ့် မန်စီးတီးကတော့ အိမ်ကွင်းမှာ ဧည့်ခံရမှာမို့ အခြေအနေကောင်းနဲ့ ကြုံတွေ့ရနိုင်ပါတယ်။

လေဗာကူဆင်နှင့် မန်ယူ

ပြည်တွင်းလိဂ်မှာ ခြေမာတဲ့ လေဗာကူဆင်ကို မန်ယူတို့ ခက်ခက်ခဲခဲနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ လေဗာကူဆင်ဟာ အသင်းလိုက်ကစားအားကောင်းမွန်ပြီး တိုက်စစ်၊ ခံစစ် မျှတတဲ့အသင်းဖြစ်ပါတယ်။ မန်ယူတို့ကတော့ ပွဲတိုင်းအားသွန်ကစားနေရတာမို့ ပွဲပန်းမှု ရှိနေပါတယ်။ မန်ယူက တိုက်စစ်ရော ခံစစ်ပါ အကောင်းဆုံးအနေအထားရှိနေပေမယ့် လေဗာကူဆင်ရဲ့ စွမ်းဆောင်နိုင်မှုကလည်း ပီပြင်လွန်းနေပါတယ်။ ဒီပွဲမှာ မန်ယူကို နှစ်သက်ပေမယ့် ရလဒ်ကောင်းကတော့ လေဗာကူဆင်လို့ ထင်မှတ်ထားပါတယ်။

မန်စီးတီးနှင့် ပါလ်ဇန်

မန်စီးတီးဟာ ပရီမီယာလိဂ်ပွဲစဉ် ယှဉ်ပြိုင်ကစားဖို့ရှိနေပြီး အနိုင်ရအောင်လည်း ကြိုးစားကစားပါလိမ့်မယ်။ ပါလ်ဇန်နဲ့ဆုံတိုင်း ရလဒ်ကောင်းလေ့ရှိတာမို့ မန်စီးတီးဟာ အိမ်ကွင်းမှာနိုင်ပွဲရအောင် ကစားပါလိမ့်မယ်။ ပါလ်ဇန်တို့ကတော့ မန်စီးတီးကို ဟန့်တားထိန်းချုပ်ပြီး ဂိုးများများမပေးရရေး ဆောင်ရွက်ပါလိမ့်မယ်။ ဒီပွဲစဉ်မှာ အိမ်ရှင်တို့နိုင်ပွဲရရှိအောင် အစွမ်းကုန်ကြိုးစားအားထုတ်ဖို့ရှိနေပြီး ဝေဖန်ဖိအားပေးမှုတွေအောက်က ရုန်းထွက်ပါလိမ့်မယ်။

ရီးရဲမက်ဒရစ်နှင့် ဂါလာတာစာရေး

ရီးရဲမက်ဒရစ် တိုက်စစ်မှူးတွေ ခြေစွမ်းပြနေတာမို့ အိမ်ကွင်း ဘာနေဗျူးမှာ စီရော်နယ်ဒိုတို့ အုပ်စုအနိုင်ရလဒ်ကို သိမ်းပိုက်ဖို့ကြိုးစားပါလိမ့်မယ်။ နိုင်ပွဲတွေဆက်တိုက် ရယူပြီး ဂိုးတွေသွင်းနိုင်နေတဲ့ ရီးရဲမက်ဒရစ် တိုက်စစ်အဖွဲ့ဟာ ဂါလာတာစာရေးကို ချေမှုန်းဖို့ကြိုးစားပါလိမ့်မယ်။ ဒရော့ဘာဦးဆောင်မယ့် ဂါလာတာစာရေးဟာ အသင်းကြီးတွေကို ပြင်းပြင်းထန်ထန် တုံ့ပြန်ကစားတတ်တာမို့ ရီးရဲမက်ဒရစ်တို့ သတိထားရမှာဖြစ်ပေမယ့် ဒီပွဲအနိုင်က အိမ်ရှင်တို့ပါပဲ။

ပီအက်စ်ဂျီနှင့် အိုလံပီယာကို့စ်

ပီအက်စ်ဂျီအတွက် ဒီပွဲဟာ ခက်ခဲပါဦးမယ်။ အိုလံပီယာကို့စ်ဟာ မထင်မှတ်ဘဲ ခြေစွမ်းပြနိုင်ခဲ့ရင် ထိန်းချုပ်ဟန့်တားရခက်ခဲတဲ့ အသင်းဖြစ်တာမို့ ပီအက်စ်ဂျီတို့ အိမ်ကွင်းဆိုပေမယ့် စိတ်အေးဖွယ်တော့ မရှိပါဘူး။ ဒါပေမယ့် ပီအက်စ်ဂျီဟာ စိတ်ဓာတ်ပြင်းထန်တာမို့ ဒီပွဲမှာ အိုလံပီယာကို့စ်ကို အမှတ်ဗလာနဲ့ အိမ်ပြန်လွှတ်မှာ သေချာပါတယ်။

မိုးမြင့်လင်းလက်

ဝက်စ်ဘရွန်းအိမ်ကွင်းတစ်မှတ်သာရယူနိုင်

ပရီမီယာလိဂ်ပွဲစဉ် (၁၂) လက်ကျန်ပွဲအဖြစ် အက်စ်တွန်ဗီလာနှင့် ဝက်စ်ဘရွန်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့သည်။ အိမ်ရှင်ဝက်စ်ဘရွန်းတို့ ရှိန်းလောင်း၏ ပထမပိုင်း ၁၁ မိနစ်အတွင်း နှစ်ဂိုးသွင်းယူပြီး ဦးဆောင်ကစားခဲ့သည်။ ဝက်စ်ဘရွန်းတို့ ယင်းနှစ်ဂိုးဖြင့် ပထမပိုင်းပြီးသည်အထိ အက်စ်တွန်ဗီလာအသင်းကို ထိန်းချုပ်ကစားခဲ့သည်။ သို့ရာတွင် အက်စ်တွန်ဗီလာက ဒုတိယပိုင်းတွင် လူစားသုံးဦးလဲပြီး ပြန်လည်တိုက်စစ်ဆင်ကစားခဲ့ရာ အာမာဒီနှင့်ဝက်စ်ဝုဒ်တို့က ချေပဂိုးများသွင်းယူခဲ့သဖြင့် အိမ်ရှင်ဝက်စ်ဘရွန်းတို့ သရေပွဲနှင့် ကျေနပ်ခဲ့ရသည်။

ကောင်းမြတ်သူ-စုစည်းသည်

ရိုးမားနေရာ ဂျူဗင်တပ်စ်တက်ပြီ

အီတလီစီးရီးအေ လက်ကျန်ပွဲအဖြစ် ရိုးမားနှင့် ကက်ဂလီယာရီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေကျခဲ့သည်။ ရိုးမားတို့ အခွင့်အလမ်းများကို ဖြုန်းတီးပစ်၍ ထိပ်ဆုံးနေရာနှင့် လွဲချော်ခဲ့ရသည်။ ရိုးမားတို့ အကြိတ်အနယ်ကစားခဲ့သော်လည်း ကက်ဂလီယာရီ ဂိုးသမား အဗရာမိုကို မကျော်နိုင်ဘဲဖြစ်ခဲ့ရသည်။ ဂါဗင်ညို၊ မိုလ်ကွန်းနှင့် ဖလော်ရီဇီတို့၏ အပိုင်ကန်သွင်းချက်များကို ကက်ဂလီယာရီ ဂိုးသမား အဗရာမို ကာကွယ်နိုင်ခဲ့သည်။ ရိုးမားနည်းပြ ရူဒီဂါစီယာသတိပေးစည်းကို ကျော်ခဲ့သဖြင့် ပြိုင်ပွဲအတွင်း ကြီးကြပ်ခြင်းမှ ထုတ်ပယ်ခံရသည်။ ယင်းရလဒ်ကြောင့် ယမန်နေ့က ဂျူဗင်တပ်စ်က လီဗော်နိုကို နှစ်ဂိုးပြတ်ဖြင့် နိုင်ထား၍ ဂျူဗင်တပ်စ်ထိပ်ဆုံးနေရာ ရောက်ရှိသွားသည်။

ပတ်ကွီအိုက မေဝဲသားကိုစိန်ခေါ်

ဖိလစ်ပိုင်နာမည်ကြီးလက်ဝှေ့သမား မန်နီပတ်ကွီအိုက ၎င်းအနေဖြင့် အမေရိကန်လက်ဝှေ့သမား မေဝဲသားနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် အသင့်ရှိကြောင်း ပြောကြားလိုက်သည်။ ပတ်ကွီအိုသည် စနေနေ့က ဘရန်ဒန်ရီးယော့စ်အား အမှတ်ဖြင့် အနိုင်ယူပြီး နှစ်နှစ်တာအတွင်း ပထမဆုံးအကြိမ်အဖြစ် ဒဗလျူဘီအို ဝယ်တာဝိတ်တန်းချန်ပီယံဆုကို ရယူလိုက်သည်။ "ကျွန်တော့်အလုပ်က တိုက်ခိုက်သတ်ပုတ်ရေးအလုပ်ဆိုတော့ အမြဲတမ်းတစ်ပွဲပြီးတစ်ပွဲ တိုက်ခိုက်ကစားဖို့ ပြင်ထားပါတယ်"ဟု ပတ်ကွီအိုက ပြောသည်။

ချန်ပီယံလိဂ်ပွဲစဉ်နှင့် နိုင်ငံတကာဘောလုံးပွဲရလဒ်များ (သီဟ)

ချန်ပီယံလိဂ် ပွဲစဉ်-၅ နိုဝင်ဘာ ၂၇/၂၈

CSKA မော်စကို	-	ဘိုင်ယန်မြူးနစ်	ည ၁၁း၃၀	(ပကျော့ ၀-၃)
ရှက်တာဒိုးနက်စ်	-	ဆိုစီဒက်	နံနက် ၂း၁၅	(ပကျော့ ၂-၀)
ရီးရဲမက်ဒရစ်	-	ဂါလာတာစာရေး	နံနက် ၂း၁၅	(ပကျော့ ၆-၁)
ဂျူဗင်တပ်စ်	-	ကိုပင်ဟေဂင်	နံနက် ၂း၁၅	(ပကျော့ ၁-၁)
အန်ဒါလက်ချ်	-	ဘင်ဖီကာ	နံနက် ၂း၁၅	(ပကျော့ ၀-၂)
ပီအက်စ်ဂျီ	-	အိုလံပီယာကော့စ်	နံနက် ၂း၁၅	(ပကျော့ ၄-၁)
လေဗာကူဆင်	-	မန်ယူ	နံနက် ၂း၁၅	(ပကျော့ ၂-၄)
မန်စီးတီး	-	ပါလ်ဇန်	နံနက် ၂း၁၅	(ပကျော့ ၃-၀)

ဂျူဗင်တပ်စ် Vs ကိုပင်ဟေဂင်

ဂျူဗင်တပ်စ်အသင်းသည် ရမှတ်သုံးမှတ်နဲ့ အဆင့်လေးမှာရှိနေပြီး ကိုပင်ဟေဂင်ဟာ တစ်မှတ်အသာနဲ့ အဆင့်သုံးမှာ ရှိနေပါတယ်။ ဒီအုပ်စုမှာ အောက်သုံးသင်းဟာ အမှတ်မကွာတာကြောင့် ကြည့်ကောင်းမယ့် အုပ်စုပါပဲ။ ဂျူဗင်တပ်စ်တို့ အိမ်ကွင်းမှာ ဂိုးပြတ်သွင်းနိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။

ရှက်တာဒိုးနက်စ် Vs ဆိုစီဒက်

ပွဲစဉ်-၄အပြီး ရှက်တာအသင်းသည် ရမှတ်ငါးမှတ်နဲ့ အဆင့်သုံးမှာ ရှိနေပြီး အဆင့်နှစ် လေဗာကူဆင်နှင့် နှစ်မှတ်သာကွာပါတယ်။ ဆိုစီဒက်အသင်းဟာ ရမှတ်တစ်မှတ်နဲ့ ဇယားအောက်ဆုံးမှာ ရှိနေပါတယ်။ ရှက်တာအသင်းသည် အိမ်ကွင်းမာကျောမှုရှိတာကြောင့် ဒီပွဲမှာ အမှတ်ပြည့်ယူသွားနိုင်မှာပါ။

CSKAမော်စကို Vs ဘိုင်ယန်မြူးနစ်

ပွဲစဉ်-၄ အပြီး မော်စကိုအသင်းသည် ရမှတ်သုံးမှတ်နဲ့ အဆင့်သုံးမှာ ရှိနေပြီး ဘိုင်ယန်အသင်းဟာ ရမှတ်၁၂မှတ်နဲ့ ဇယားထိပ်ဆုံးမှာရပ်တည်နေပါတယ်။ ဒီပွဲဟာ သိက္ခာအရကန်မယ့်ပွဲပါ။ ဘိုင်ယန်အသင်းဟာ အဆင့်တစ်မှာ ဆက်လက်ရပ်တည်ဖို့ သရေတစ်မှတ်တော့ ယူထားမှရမှာပါ။ အမှတ်မလိုတော့တဲ့ အိမ်ရှင်တို့ သိက္ခာအရ ရှုံးကြွေးပြန်ဆပ်နိုင်ဖို့ ပွဲကြမ်းပြီး ကြည့်ကောင်းမယ့်ပွဲပါပဲ။

ချစ်အစ်ကိုကြီး "ကိုစည်သူထွန်း" အတွက် မွေးနေ့မင်္ဂလာဆုတောင်း

မွေးနေ့ရက်မြတ် ၂၇-၁၁-၂၀၁၃ ရက်မှသည် နောင်မွေးရက်များစွာကို စိတ်ကျန်းမာကိုယ်ချမ်းသာလျက် ချစ်သောမေမေ၊ ချစ်ညီလေး၊ ချစ်ညီမလေးတို့နှင့်အတူ သာယာဖြောင့်ဖြူးစွာ ဖြတ်သန်းနိုင်ပါစေ-

ချစ်မေမေ - ဒေါ်နန်းခင်အုန်း

ချစ်ညီလေး - ဗိုလ်ကြီးချမ်းမြေ့ထွန်းနှင့် မခတ္တာဖူးအောင်

ချစ်ညီမလေး- ဗိုလ်မှူး/ဗိုလ်ကြီးဇေယျာမြင့်သိန်းနှင့် မဝင့်မွန်ထွန်း





DIAMOND LAMP
Car Rental

ဖုန်း - ၀၉-၄၂၀၁၃၆၀၂၇၊
၀၁-၈၅၀၀၃၈၃

မြို့တွင်း၊ မြို့ပြင်ငှားသည်။

ကရင်ပြည်နယ်ဥပဒေချုပ်ရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကရင်ပြည်နယ် ဖာပွန်ခရိုင်နှင့် မြို့နယ်ဥပဒေရုံး၊ ဝန်ထမ်းနေအိမ်များဆောက်လုပ်မည့် အလျား ၇၄ပေ×အနံ၅၄ပေ R.C.C နှစ်ထပ်အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါကို အောက်ဖော်ပြပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့်အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(က) **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၂၇-၁၁-၂၀၁၃ ရက်မှ ၆-၁၁-၂၀၁၃ ရက်အထိ

(ခ) **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၆-၁၁-၂၀၁၃ ရက် ညနေ ၄း၃၀နာရီ

(ဂ) **အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ** - ကရင်ပြည်နယ်ဥပဒေချုပ်ရုံး၊ ဘားအံမြို့။

တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ် ၂၇၊ အကျယ်အဝန်းပေ(၄၀×၆၀) နှစ် ၆၀ ဂရန် မြေကွက်နှင့်ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာထည့်သည့်ရက်မှ ၁၀ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ **ဦးသော်သော်ထိုက်**

ဆက်သွယ်ရန်လိပ်စာ-အမှတ် ၂၆၄၊ (၄၇) ရပ်ကွက်၊ ရွှေဟင်္သာလမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၅၀၁၈၃၅၄၊ ၀၉-၇၃၀၈၁၁၁၂၊ ၀၉-၄၉၃၃၇၈၂၈၊ ၀၉-၄၂၀၀၆၆၆၈၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကာလ ဝဏ္ဏသိဒ္ဓိ Sport Complex အတွင်း ကုန်ပစ္စည်းကြော်ငြာများ ထည့်သွင်းရန်အတွက် ဖိတ်ခေါ်ခြင်း

၁။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ငွေဆောင်ကမ်းခြေတို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် ဝဏ္ဏသိဒ္ဓိ Sport Complex အတွင်းတွင် ကုန်ပစ္စည်းကြော်ငြာများ ထည့်သွင်းလိုသူများကို ကြော်ငြာခွင့် စိစစ်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၂။ စိတ်ပါဝင်စားလိုသူများအနေဖြင့် နေပြည်တော်၊ အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားကွင်း/အားကစားရုံဌာနခွဲ(ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းအတွင်း D-23)၊ ဖုန်း-၀၆၇-၄၁၃၈၃၅၊ ၀၉-၄၂၀၇၀၅၄၇၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း ထပ်မံ အသိပေးကြေညာအပ်ပါသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ကျွန်းတောလမ်းမကြီးပေါ်ရှိ ၁၂ပေခွဲ ၅၀၊ ငါးလွှာ (A) ခြေရင်း ဝရန်တာဆန်းရှိတ်၊ အခန်းတစ်ခန်းဖွဲ့၊ မီးဖိုချောင်၊ရေချိုးခန်း၊ အိမ်သာ ကြွေပြားကပ်ပြီး

ညှိနှိုင်းဈေး ကျပ်သိန်း ၃၇၀။

ဆက်သွယ်ရန်ဖုန်း- ၀၉-၇၃၁၆၄၄၃၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရှမ်းချောင်း၊ မြေကွက်အမှတ် ၁၀၄ ပါမစ်အမည်ပေါက် ဦးခင်လှိုင် ISN-၀၈၆၉၀၅ နှင့် မြေကွက်အမှတ် ၁၀၅ ပါမစ်အမည်ပေါက် ဦးဝင်းဌေး N/OKA-၀၁၆၁၇၃၊ ဦးတိုး YDN-၀၅၄၇၆၅ မြေကွက်အကျယ် တစ်ကွက်လျှင်(အလျားပေ၄၀×အနံပေ ၆၀)စီရှိ ပါမစ်မြေကွက်နှစ်ကွက်နှင့် ယခုအခေါ် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရှမ်းချောင်းရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ် ၅၇၊ ၅၈ ဟုခေါ်တွင်သည့် မြေကွက်နှစ်ကွက်နှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးခေါဘီအာမက်(ခ)ဦးကျော်အေး AI-၁၄၂၀၈၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှစ်ကွက် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြလှဲ့ဝင်း LL.B, D.B.L အထက်တန်းရှေ့နေ

အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊

Fax-၉၆၆၉၀၀၄၊ ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၁၉+၂၀/ခ၊ ဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ၎င်းပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များကို အမည်ပေါက်ပိုင်ရှင် ဗိုလ်ကြီးကြည်အောင် ကြည်း-၂၁၀၈၈၊ ၁၃/မပန(နိုင်)၀၁၃၄၃၃ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်အကြောင်းရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းဖြင့် ဤကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးညီညီကျော်လွင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးသန့် B.A(Law), LL.B	**ဒေါ်ရီ** LL.B	**ဒေါ်ဝင်းဝင်းထက်** LL.B,LL.M
စဉ်-၁၅၇၆	**စဉ်-၃၈၈၁**	**စဉ်-၃၁၈၄၆**
တရားလွှတ်တော်ရှေ့နေများ		**အထက်တန်းရှေ့နေ**

အမှတ် ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၆၄၅၄၅၊ ၀၉-၅၀၈၃၅၀၅၊ ၀၉-၄၂၀၀၁၁၅၇၆

ကင်ဆာဖြစ်ပွားမှုမြင့်တက်ခြင်းမှ ကာကွယ်ရန်လိုအပ်နေ

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (W.H.O)၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ကင်ဆာအဖြစ်ဆုံး ၁၀ နိုင်ငံအတွင်း မြန်မာနိုင်ငံသည် အမှတ်စဉ်နှစ် နေရာ ရောက်ရှိလျက်ရှိပါသည်။

ကင်ဆာရောဂါဖြစ်စေနိုင်သည့် အဓိက အကြောင်းအရင်းများကို ဆေးသိပ္ပံပညာရှင်များ အဖြေရှာကြရာတွင်-

ကင်ဆာကြောက်ရင် ပလတ်စတစ်နှင့် ဖော့ဘူးရှောင်

ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်များသုံးစွဲခြင်းဖြင့် ပလတ်စတစ်ဖိုက်ဘာဓာတ်နှင့် စတိုင်းရင်း (Styzene) ဓာတုပစ္စည်းများမှတစ်ဆင့် အန္တရာယ်ဖြစ်စေပါသည်။ ကလေးနို့ဘူး၊ PVC ပလတ်စတစ်နှင့် ရေပိုက်များအတွင်း မိုနိုမာ (Monomer) အဆိပ်ပြင်းဓာတ်ပါဝင်ပြီး ဒံပေါက်ဆိုင်သုံး ဖော့ဘူးသည် စတိုင်းရင်း Styzene ဓာတ်ပါဝင်ခြင်းကြောင့် ဆိုးရွားသည့် ကင်ဆာရောဂါများ ဖြစ်ပွားစေနိုင်သည်။

အချဉ်ရည်နှင့် ကင်ဆာရောဂါ

လက်သုပ်စုံ၊ အကြော်၊ ထုံချိုင်း၊ အကင်၊ တုတ်ထိုးဆိုင်သုံး တားမြစ်ဆိုးဆေးများသည် ကင်ဆာရောဂါဖြစ်စေတတ်သော ဓာတုတာရှည်ခံဆေးများဖြစ်ပြီး အစာအိမ်အူလမ်းကြောင်း ကင်ဆာဖြစ်စေနိုင်သည့် ဆာလ်ဖျူရစ် အက်စစ်ပြင်း $(H_2\ SO_1)$ ရောစပ်ထားသည့် အဆိပ်ရည်များဖြစ်ကြောင်း၊ ဆာလ်ဖျူရစ်အက်စစ်သည် ဘက်ထရီအိုးသုံး အက်စစ်ဖြစ်ပြီး ရေရှည်စားသုံးပါက အစာအိမ်အူလမ်းကြောင်း၊ အူမကြီး၊ အသည်း ကင်ဆာရောဂါများ ကျိန်းသေဖြစ်ပွားနိုင်ကြောင်း သိရသည်။

နှာခေါင်း၊ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းကင်ဆာ ဖြစ်စေသော ခြင်ဆေးခွေ

ဓာတုပိုးသတ်ဆေးများအတွင်း အပြင်းထန်ဆုံး သတ်မှတ်ထားသည့် S.2 ပိုးသတ်ဆေး၊ လွှစာမှုန့်၊ မိုင်ဒါကော်၊ ဆိုးဆေးနှင့် ဓာတုပစ္စည်း အမွှေးအကြိုင်များအနက် ခြင်ဆေးခွေပါဝင်ပြီး ပြင်းထန်သော အဆိပ်တစ်မျိုး ဖြစ်သည့် Benzene (ဘန်ဇိုင်း) ကာစီနိုဂျင်သည် အာရုံကြောမှ ရိုးတွင်းချဉ်ဆီအထိ အဆိပ်ဖြစ်စေသည်။ ခြင်ဆေးခွေတစ်ခွေမှ အဆိပ်ဓာတ်သည် စီးကရက်အလိပ်ပေါင်း ၁၃၇ လိပ်မှ ထွက်သော အဆိပ်မှုန့် ပမာဏနှင့်ညီမျှ၍ ရှောင်သင့်သည့် အရာတစ်ခုဖြစ်သည်။

သတိထားသင့်သောအသီးအနှံများ

ဓာတုဟော်မုန်းဆေးများသုံးစွဲ၍ အဆမတန်ကြီးထွားနေသော မုန်လာဥအဖြူများ၊ ပဲပင်ပေါက်များ၊ ပိုးသတ်ဆေးအပြင်းစားသုံးထားသည့် ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်၊ ဆေးစိမ်ဖျန်းထားခြင်းဖြင့် မှည့်ဝင်းနေသော သရက်သီး၊ လိမ္မော်သီး၊ ပန်းသီး၊ ငှက်ပျောသီးများသည်လည်း ကင်ဆာဖြစ်စေနိုင်သည်။

ထို့အပြင် မပုပ်အောင်အသုံးပြုသည့် ဖော်မလင် သုံးစွဲထားသော ပဲပြား၊ မဲနယ်ဆိုး ပုစွန်၊ ပလတ်စတစ်အိတ်လှလှ တံဆိပ်မျိုးစုံထုတ်လုပ်ထားသော ငါးမုန့်ကြော်၊ အာလူးကြော်၊ တို့ဟူးကြော်၊ ကြက်သွန်ကြော်များသည် အာဟာရဓာတ်လုံးဝ မရှိသည့်အပြင် ကင်ဆာရောဂါဖြစ်ပွားစေသည်။

ပဲဆီ၊ နှမ်းဆီအတုများ

စားအုန်းဆီ အနည်ကျအောင် ဆပ်ပြာမှုန့်၊ ဆပ်ပြာထည့်ကာ ဆပ်ပြာတွင်ပါဝင်သော ဟိုက်ဒရောဆိုက်ဓာတုပစ္စည်းသည် ခဲစေတတ်သော အနည်များကို အောက်ကျသွားစေပြီးနောက် ကျပ် ၂၅၀တန် ပဲဆီအနံ့၊ နှမ်းဆီအနံ့၊ ဓာတုဆေးရည်ထည့်ခြင်းဖြင့် ပဲဆီ၊ နှမ်းဆီအစစ်ထက်မွှေးရာ စားသုံးသူတွေအတွက် ကင်ဆာရောဂါဖြစ်စေသည်။

အချိုမှုန့်နှင့် ကြက်သားမှုန့်

အချိုမှုန့်တွင်ပါဝင်သော ဓာတုပစ္စည်းများသည် ဦးနှောက်နှင့် အာရုံကြောထိခိုက်စေ၍ လေဖြတ် လေငန်း၊ လေးဖက်နာ၊ နှလုံး၊ ကျောက်ကပ်ရောဂါများဖြစ်စေပြီး ကြက်သားမှုန့်တွင်လည်း အချိုမှုန့်နှင့် တာရှည်ခံမှိုသတ်ဆေး၊ ဓာတုပစ္စည်းများပါဝင်သည့်အတွက် ချင့်ချိန်စားသုံးသင့်ပါသည်။

အချိုရည်နှင့် ဂျယ်လီများ

အချိုရည်ဘူးများတွင် တားမြစ်ဆိုးဆေး၊ ကင်ဆာဖြစ်စေသော တာရှည်ခံဆေး၊ သကြားထက် အဆ ၂၀၀ ပိုချိုသော ပါဝါသကြား၊ ကာဗွန်ဒိုင်အောက်ဆိုက် ကဖိန်းဓာတ်ပါဝင်၍ ခံတွင်းကင်ဆာ၊ ကျောက်ကပ်၊ ဆီးချို၊ အဝလွန်ရောဂါ၊ အသည်းကင်ဆာရောဂါများ ဖြစ်နိုင်သည်။ ဂျယ်လီဘူးများ၌ ဂျယ်လီပေါင်ဒါ၊ ဆီထရစ်အက်ဆစ်၊ Sodium Benzozate ခေါ် တာရှည်ခံဆေးပါဝင်ပြီး ကင်ဆာရောဂါဖြစ်ပွားသည့်အတွက် ကလေးငယ်များကို လုံးဝ မကျွေးသင့်၊ မရောင်းသင့်ပါ။

မယ်လမင်း(ဖိုက်ဘာ)ပစ္စည်းများ

ယင်းပစ္စည်းများသည် အပူနှင့်ထိတွေ့လျှင် ဓာတ်ပြု၍ ကျောက်ကပ်ပျက်စီးခြင်းနှင့် ကင်ဆာရောဂါ ဖြစ်ပွားနိုင်သည်။

နို့မှုန့်အတုနှင့်ယင်းနှင့် ပြုလုပ်သော မုန့်များ

မယ်လမင်းပါဝင်သည့် နို့မှုန့်အတုများသည်ခွေး၊ ကြောင်ပေါက်စများကို တိုက်ကျွေးရာတွင် အကြောဆွဲ၍ သေဆုံးမှုများရှိခြင်းကြောင့် နို့မှုန့်အတုမျိုးစုံနှင့် မုန့်ပဲသရေစာများ ကလေးများကို လုံးဝကျွေးရန်မသင့်ပါ။

ကော်ဖီမစ်များ

ကဖိန်းတာရှည်ခံ ဓာတုဆေး ကော်ဖီအနံ့၊ အုန်းသီးခွံအမှုန့်များ၊ သကြား၊ အခြားကုန်ကြမ်းများပါဝင်သော ရယ်ဒီမိတ်ကော်ဖီမစ်များ သောက်သုံးပါက ဆီးချို၊ သွေးတိုး၊ ကျောက်ကပ်ပျက်စီးခြင်း၊ နှလုံး၊ သွေးတိုး၊ စိတ်ကျခြင်း၊ ရင်သားကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ ပန်ကရိယကင်ဆာ၊ အမျိုးသမီးများ ကိုယ်ဝန်မဆောင်နိုင်ခြင်း၊ ကိုယ်ဝန်ပျက်ခြင်း ရောဂါများကို ရရှိစေသည်။

အရောင်ဆိုးဆေးများနှင့် အစားအသောက်များ

တားမြစ်အန္တရာယ်ရှိ ဆိုးဆေးများသုံးထားသော မှျစ်နီ၊ မှျစ်ဝါ၊ ပုစွန်ချဉ်နီနီ၊ အဝါရောင်ဆိုးထားသော ငါးပုဏ္ဏား၊ ငါးမြွေထိုး၊ ရွှေငါး၊ ကြက်သားများနှင့် အနီရောင်ငရုတ်သီးမှုန့်၊ ပုစွန်ခြောက်၊ ပတ္တမြားပြောင်းဖူး၊ ငါးပိ၊ ပဲနီလေး၊ ပဲဝါလေး၊ မက်မန်းသီး၊ ဆီးထုပ်တို့သည် အသည်းကင်ဆာ ဖြစ်ပွားစေသည်။

အဆိုပါ အစားအသောက်များကို သတိပြုရှောင်ကြဉ်ရန်အတွက် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်း(Consumer Protection Association (Myanmar)) က နှိုးဆော်ထားကြောင်း ကျန်းမာရေးဗဟုသုတအဖြစ် တင်ပြရင်း ကင်ဆာရောဂါ အသီးသီးအတွက် ကြိုတင်ကာကွယ်နိုင်စေရေး အလေးထားသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ခင်မောင်သော်(ကမာရွတ်)

ဆောင်းပါးနှင့် နယ်သတင်း

မီးမျှောပွဲနှင့်အားကစားပြိုင်ပွဲများ မဒေါက်၌ ကျင်းပ

မဒေါက် နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ တန်ဆောင်တိုင်မီးမျှောပွဲတော်ကို နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့ပြီး မဒေါက်မြို့ စစ်တောင်းမြစ်ကမ်းနံဘေးဗဟိုမဏ္ဍပ်၌ ညောင်လေးပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုးနှင့် ပွဲတော်ကျင်းပရေးကော်မတီဝင်များ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြသည်။

ယခုနှစ် မီးမျှောပွဲတော်၌ ဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲ **(အပေါ်ပုံ)**၊ လက်မောင်းလှဲပြိုင်ပွဲ၊ မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ မြန်မာ့ရိုးရာ ခြင်းအလှခတ် အားကစားပွဲများ ထည့်သွင်းယှဉ်ပြိုင်မှု ကျင်းပခဲ့သည့်အပြင် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် ရှင်ဥပဂုတ္တမထေရ်မြတ်အား စစ်တောင်းမြစ်အတွင်း လှည့်လည်အပူဇော်ခံမည့် အစီအစဉ် မကျင်းပမီ မွန်းလွဲ ၁ နာရီကျော်ခန့်က စတင်ကာ စစ်တောင်းမြစ်အတွင်း၌ ယိမ်းအကအဖွဲ့ ၁၃ ဖွဲ့က ယိမ်းအကများ ပါဝင်ဖျော်ဖြေယှဉ်ပြိုင်မှုများဖြင့်လည်း ကျင်းပနိုင်ခဲ့သည်။

ဝင်ရောက်ယှဉ်ပြိုင်သည့် အားကစားပွဲများတွင် ရွေးချယ်ဆုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး ယိမ်းအကအဖွဲ့ယှဉ်ပြိုင်မှုများထဲမှ ဆုရရှိသည့်အဖွဲ့များကိုလည်း ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆုငွေကျပ် လေးသိန်း၊ တတိယဆု ငွေကျပ်သုံးသိန်းနှင့် နှစ်သိမ့်ဆုများကို တာဝန်ရှိသူများနှင့် ပွဲတော်ကျင်းပရေးကော်မတီများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ နိုဝင်ဘာ ၁၈ ရက် ညနေ ၆ နာရီတွင် ရှင်ဥပဂုတ္တမထေရ်မြတ်အား ရောင်စုံမီးကြာခွက်များဖြင့် မီးမျှောပူဇော်ရာ ဒေသခံပြည်သူများ၊ ပွဲတော်လာပရိသတ်များက တပျော်တပါး မီးမျှောပူဇော်ကြပြီး ည ၈ နာရီတွင် မီးမျှောပူဇော်ပွဲကျင်းပပြီးစီးခဲ့သည်။

အဆိုပါ မဒေါက်ဒေသ တန်ဆောင်တိုင်မီးမျှောပွဲတော်ကို နှစ်စဉ် ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် မဒေါက်မြို့၌ ကျင်းပလျက်ရှိပြီး ယခုနှစ် နိုဝင်ဘာလတွင် နှစ်ပေါင်း ၄၁ နှစ်ရှိပြီဖြစ်သည်။

ပိန်းဇလုပ်-သိန်းညွန့်

ကလေးဗဟိုပြု သရုပ်ပြသင်ကြားခြင်းဆွေးနွေး

ပွင့်ဖြူ နိုဝင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် သခင်ဖိုးလှကြီး အုပ်စု အခြေခံပညာမူလတန်းလွန်ကျောင်း ကျွဲတိတွင် ဒုတိယအကြိမ်မြောက် ကလေးဗဟိုပြု (CCA) သရုပ်ပြသင်ကြားခြင်းနှင့် ကျောင်းမိသားစုဆွေးနွေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၃ ရက်က ကျင်းပရာ ပွင့်ဖြူမြို့နယ် လက်ထောက်ပညာရေးမှူး ဒေါ်သန်းနွဲ့က အမှာစကားပြောကြားပြီး သက်ဆိုင်ရာ ကျောင်းများမှ ဆရာ/ဆရာမများက ကလေးဗဟိုပြု (CCA) သင်ကြားနည်းဖြင့် သရုပ်ပြသင်ကြားခဲ့ကြပြီး သခင်ဖိုးလှကြီး အုပ်စုခေါင်းဆောင် ဦးမောင်မောင်အေးနှင့် အုပ်စုအဖွဲ့ဝင် အ.မ.က ကျောင်းခြောက်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် လက်ထောက်ဆရာ ဆရာမများ စုစုပေါင်း ၅၄ ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေ့ပြောင်းသွားလာဘေးကင်းကွာ သိမှတ်စရာ ကြိုတင်လေ့လာပါ

GOLDEN WEDDING ANNIVERSARY WISHES TO THE WORLD'S MOST LOVING COUPLE "KO GYI U TUN MRA & MA MA MAI BELLE"

MAY YOUR WONDERFUL LIFE TOGETHER CONTINUE IN MARITAL BLISS FOR MANY YEARS TO COME.

"MRA" BROTHERS, SISTERS & FAMILIES

ဖိတ်ကြားစာ

(SAWMNA)

HLCA, Yangon ၏ Tin Jubliee, Christmas အကြိုနှင့် မျက်နှာစုံညီပွဲကို ၃၀-၁၁-၂၀၁၃ ရက် နံနက် ၉ နာရီ၌ အမှတ် ၁၄၄/၁၄၅၊ ကာယ ၆ လမ်း၊ ပုလဲမြို့သစ်ရှိ UBS Campus တွင်ကျင်းပမည်ဖြစ်၍ အသင်းဝင်အားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ နံနက် ၈ နာရီမှ လက်ဖက်ရည်၊ နေ့လယ်စာဖြင့်ဧည့်ခံပါမည်။

အလုပ်အမှုဆောင်အဖွဲ့

သတ္တုတွင်းဝန်ကြီးဌာန

ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက် တန်ဖိုး (DDP နေပြည်တော်/ရန်ကုန်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) **လွန်တူးလုပ်ငန်းသုံးပစ္စည်း** ၂၃ မျိုး

(ခ) **လျှပ်စစ်လုပ်ငန်းသုံးပစ္စည်း** ၃၅ မျိုး

၂။ တင်ဒါတင်သွင်းခြင်းကို ၂၄-၁၁-၂၀၁၃ ရက်မှ ၂၃-၁၂-၂၀၁၃ ရက် ၁၂:၀၀ နာရီအတွင်း မည်သူမဆိုလွတ်လပ်စွာ တင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု

ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊

နေပြည်တော်

ဖုန်း-၀၆၇-၄၁၄၀၇၉

ရတနာကျော်စိုး

လက်တွေ့သရုပ်ဆောင်သင်တန်း

ဤသင်တန်းသည် ဝါသနာနဲ့လက်တွေ့ပေါင်းကူးပေးသော အခြေခံလက်တွေ့သရုပ်ဆောင်သင်တန်းဖြစ်ပြီး ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ဝါသနာပါသူများအတွက် သရုပ်ဆောင်သင်တန်းကို စာတွေ့လက်တွေ့ စနစ်တကျတတ်မြောက်အောင် သင်ကြားပေးပါမည်။

သရုပ်ဆောင်ဒါရိုက်တာ ထူးသာနှင့် ဒါရိုက်တာသီဟကျော်စိုး(ဂျက်မ)တို့ ဦးစီးသင်ကြားပေးမည်ဖြစ်ပါသည်။

ဖုန်း-၀၉-၅၀၃၆၄၀၇၊ ၀၉-၅၁၇၆၄၃၂၊

အမှတ်(၂၄၄/၃)၊ ၃၆လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံးတော်၌

၂၀၁၃ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၂၁၆

ကွယ်လွန်သူ ဒေါ်တင်သန်းဇင်၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ငွေပုလဲလမ်း၊ အိမ်အမှတ် ၆၈၃ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူဒေါ်တင်သန်းဇင်၏ သေတမ်းစာပူးတွဲလျက် ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ငွေပုလဲလမ်း၊ အိမ်အမှတ် ၆၈၃ နေ ဒေါ်ညိုမီမီဇင်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၀ရက် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဒေါ်တင်သန်းဇင်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထား ဆိုင်ဆိုရန်သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၀ရက် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာပူးတွဲလျက် အမွေထိန်းလက်မှတ်မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဒေါ်ညိုမီမီဇင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စိုးဟန်)

တွဲဖက်ခရိုင်တရားသူကြီး(၁)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၂၅၅/က၊ မြေကွက်တည်နေရာအမှတ် ၂၅၅/က၊ ၂လမ်း၊(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးလှသိန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးလှသိန်းကွယ်လွန်သဖြင့် ဒေါ်ခင်ကြည် ၁၂/ဥကတ(နိုင်)၁၁၀၃၄၇က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကုသိုလ်ဖြစ်ဆောင်ရွက်ပေးနေသည့် တောင်ကြီးမြို့ မေတ္တာရှင် နာ/မှုကူညီရေး

တောင်ကြီး နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ် တောင်ကြီးမြို့ နဂါးပတ်ကျောင်းဝင်းအတွင်းရှိ မေတ္တာရှင်နာ/မှုကူညီရေးအသင်းနှင့် ကုသိုလ်ဖြစ်ဆေးခန်းကို၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး လူမျိုး၊ ဘာသာ၊ ဆင်းရဲ ချမ်းသာမရွေး မည်သည့် လူနာမဆို ကုသိုလ်ဖြစ်(အခမဲ့) ဆေးကုသပေးလျက်ရှိရာ နိုဝင်ဘာ ၂၂ ရက်က မျက်စိခွဲစိတ်/ပြန်ပြလူနာ ၄၁ ဦးကို စစ်ကိုင်းမြို့ ဇီဝိတဒါနသံဃာ့ဆေးရုံ(ဝါးချက်တောင်ရိုး)တွင် ရောက်ရှိနေသော နိုင်ငံခြားမှ မျက်စိဆရာဝန်များထံ မျက်စိခွဲစိတ်ကုသမှုခံယူနိုင်ရေးအတွက် မေတ္တာရှင်အသင်းမှ အခမဲ့ပို့ဆောင်စီစဉ်ပေးလျက်ရှိကြောင်း သိရသည်။

မေတ္တာရှင်ကုသိုလ်ဖြစ်ဆေးခန်းစတင်ဖွင့်လှစ်သည့်နေ့မှစ၍ အထွေထွေရောဂါရှင် လူနာပေါင်း ၁၃၀၆၄၂ ဦး၊ မွေးရာပါနှုတ်ခမ်းကွဲ/အာခေါင်ကွဲလူနာ ၁၁၈ ဦး၊ မျက်စိလူနာ ၂၆၄ ဦးနှင့် နှမ်းပါးသည့်လူနာ ဆေးကုသခွဲစိတ်ထောက်ပံ့မှု ၇၁ ဦးတို့ကို တာဝန်ယူကုသပေးနိုင်ခဲ့ပြီး သဘာဝဘေးအန္တရာယ်များ၊ ငွေကြေးမတတ်နိုင်၍ အသက်မွေးဝမ်းကျောင်းပညာမသင်ယူနိုင်သည့် ကျောင်းသား ကျောင်းသူ၊ သက်ကြီးရွယ်အိုများအတွက် အိမ်တိုင်ရာရောက်ပြုစုစောင့်ရှောက်ပေးခြင်းလုပ်ငန်းများ စသည့်ကုသိုလ်ဖြစ်ပရဟိတလုပ်ငန်းများကို ထိထိရောက်ရောက်နှင့် ကျယ်ကျယ်ပြန့်ပြန့်ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကုသိုလ်ဖြစ်(အခမဲ့) ခုတင် (၁၀၀) အထွေထွေရောဂါကုဆေးရုံကြီး ဆောက်လုပ်လျက်ရှိပြီး ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကာ အများပြည်သူအလှူရှင်များထည့်ဝင်လှူဒါန်းငွေဖြင့် ဆောက်လုပ်လျက်ရှိသည့်အတွက် အလှူငွေများထည့်ဝင်နိုင်ပါကြောင်း၊ ယခုအချိန်တွင် အရေးပေါ်လူနာတင်ယာဉ်၊ ဆရာဝန်အကြို/အပို့ မော်တော်ယာဉ်၊ နာရေးမော်တော်ယာဉ် ၁၄ စီးဖြင့် ကုသိုလ်ဖြစ် လုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရသည်။ **တင်ဦး(ရမည်းသင်း)**

ရှာငံမြို့နယ်၌ ဓမ္မစကူးလ်ဖွင့်လှစ်နိုင်ရေးဆွေးနွေး

ရှာငံ နိုဝင်ဘာ ၂၆

ဗုဒ္ဓသာသနာဖြစ်ထွန်းပေါ်ပေါက် ပြန့်ပွားလာခြင်းနှင့်စပ်လျဉ်းသည့် ဗုဒ္ဓဝင်၊ သာသနာဝင်၊ သမိုင်းဝင်အဖြစ်အပျက်များ၊ ပုဂ္ဂိုလ်ထူးများအကြောင်းကိုသိရှိပြီး ဗုဒ္ဓ၊ ဓမ္မနှင့် သံဃာတည်းဟူသော ရတနာသုံးပါးကို ပိုမိုသက်ဝင်ယုံကြည် လေးစားကြည်ညိုလာစေရန်ရည်ရွယ်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ်လုံးဆိုင်ရာဓမ္မစကူးလ်များ ဖွင့်လှစ်နိုင်ရေးဆွေးနွေးပွဲကို နိုဝင်ဘာ ၂၁ရက် ညနေ ၅နာရီက ရှာငံမြို့ အောင်မြေသာစည်ဓမ္မာရုံအတွင်း၌ ကျင်းပသည်။ အခမ်းအနားတွင် နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ကာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသာသနထံမှ သြဝါဒခံယူပြီး အမျိုးဘာသာ သာသနာ ထွန်းကားရေးဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဇောတထံမှ ဓမ္မစကူးလ်များ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ အရှင်စန္ဒော ဘာသက သင်ရိုးညွှန်းတမ်းနှင့်ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းစသည့် ဓမ္မစကူးလ် ကျောင်းသား ကျောင်းသူများ သင်ကြားရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါ ဓမ္မစကူးလ်ကို နိုဝင်ဘာ ၃၀ ရက်တွင် မြို့ဦးမင်္ဂလာ ကျောင်းကြီးနှင့် ရွှေပေါက်ကျွန်းပရိယတ္တိစာသင်တိုက်တို့တွင် ရာသက်ပန်ဖွင့်လှစ်သွားမည် ဖြစ်ပြီး ဓမ္မစကူးလ်ကော်မတီများနှင့် တက်ရောက်လာသော ဒါယကာ ဒါယိကာမများက ရာသက်ပန်အသင်းဝင်ခြင်းနှင့် ငွေပဒေသာပင်အတွက် အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဝင်း(ရှာငံ)**

စဉ့်ကိုင်မြို့တွင် စာပေရေချမ်းစင်၌ စာအုပ်အသစ်များ ထပ်မံဖြည့်တင်း

စဉ့်ကိုင် နိုဝင်ဘာ ၂၆

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ စာဖတ်လိုစိတ်ရှိပြီး စာပေများအလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန်အတွက် ကျေးရွာစာကြည့်တိုက်များ သန့်ရှင်းဖွံ့ဖြိုးအောင် ကွင်းဆင်းဆောင်ရွက်ခြင်း၊ နယ်လှည့်စာကြည့်တိုက်များကို လူစည်ကားသော ဈေး၊ ဆေးရုံ၊ စက်ရုံ၊ ကျောင်းများ၊ အကျဉ်းထောင်များတွင် ဆောင်ရွက်ခြင်း၊ လူစည်ကားသော နေရာများတွင် စာပေရေချမ်းစင်များထားရှိကာ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၈ ရက်က အတွဲ (၁) အမှတ်(၁၅)စာအုပ်အသစ်များ ထပ်မံဖြည့်တင်းခဲ့သည်။

ယခုအပတ် အတွဲ(၁)အမှတ်(၅)တွင် ကလေးသူငယ်ဆိုင်ရာ စာစဉ်တစ်မျိုး ထပ်တိုးလာပြီး စုစုပေါင်း စာစဉ်၁၃ မျိုးဖြစ်သည်။ စဉ့်ကိုင်မြို့တွင် Mini Book Corner ကို ရုံးပေါင်းစုံဝင်းအတွင်း ထားရှိပေးထားပြီး တစ်ခုတည်းသာရှိသေးကာ အလှူရှင်ဖြင့် တစ်နှစ်စာ လှူဒါန်းထားခြင်းဖြစ်ပြီး Mini Book Corner အသစ်များ တိုးချဲ့ထားရှိနိုင်ရေး အလှူရှင်များ ရှာဖွေဆောင်ရွက်လျက်ရှိသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

ဆီဆိုင်မြို့နယ်၌ သန်းခေါင်စာရင်း ရှင်းလင်းပွဲကျင်းပ

ဆီဆိုင် နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းအသိပညာပေးမြို့နယ်အဆင့် ရှင်းလင်းပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချစ်ထွန်းက သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများနှင့် ကောက်ယူမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်ကျော်သိန်းက သန်းခေါင်စာရင်း ကော်မတီအဆင့်ဆင့်နှင့် တာဝန်များ၊ အထောက်အကူပြုအဖွဲ့ဖွဲ့စည်းခြင်းကို လည်းကောင်း ဒုတိယလဝကမှူး ဒေါ်အမာရွှေက သန်းခေါင်စာရင်းအကြောင်းနှင့်ဥပဒေများကိုဖတ်ကြား ရှင်းလင်းကြသည်။

(မြို့နယ် ပြန်/ဆက်)

သန်းခေါင်စာရင်းကောက်ယူရေးရှင်းလင်းဆွေးနွေး

မောက်မယ် နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် ဈေးတန်းရပ်ကွက် မြို့လယ်ဓမ္မာရုံ၌ နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပသည်။

ထိုဆွေးနွေးပွဲတွင် ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းက အမှာစကားပြောကြားပြီးနောက် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်၍ လင်းခေးခရိုင် သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးမောင်မောင်သက်က ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်ကွက်ပြည်သူများက ၎င်းတို့ သိလိုသော၊ သိသင့်သိထိုက်သောအချက်များကို မေးမြန်းရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်လူဝင်မှုကြီးကြပ်ရေးမှူး ဦးစိုင်းမြစိုးလှိုင်က အသေးစိတ်ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဂန့်ဂေါမြို့မဈေး၌ မီးဘေးကာကွယ်ရေးဟောပြော

ဂန့်ဂေါ နိုဝင်ဘာ ၂၆

မီးဘေးကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ဂန့်ဂေါမြို့ မြို့မဈေးရှေ့ကွင်းပြင်၌ နိုဝင်ဘာ ၂၁ ရက် နံနက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကမ်ဒိုလျန်တို့က မီးဘေးကာကွယ်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဟောပြောကြသည်။

ထို့နောက် ဆီမီးငြှိမ်းသတ်ခြင်းနှင့် အဆောက်အအုံမီးငြှိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြရှင်းလင်းသည်။ **(အောက်ပုံ)**

အဆိုပါဟောပြောပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်အောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးနိုင်ဦး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းမြို့၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ဖိတ်ကြားထားသူများနှင့်ဈေးသူဈေးသားများ တက်ရောက်ကြသည်။ **(၁၀၁)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း
မြစ်ကြီးနားမြို့
ပရိဘောဂဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း(မြစ်ကြီးနား)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Computer Table	အလုံး ၃၀

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(မြစ်ကြီးနား)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၆-၁၂-၂၀၁၃ရက် ၁၃:၀၀နာရီနောက်ဆုံးထား၍ အစိုးရနည်းပညာအထက်တန်းကျောင်း (မြစ်ကြီးနား)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
အစိုးရနည်းပညာအထက်တန်းကျောင်း
မြစ်ကြီးနားမြို့
ဖုန်း-၀၇၄-၂၉၃၈၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၈၀၆၄၃ Feiling 110, M/C ယာဉ်လက်ဝယ်ရှိသူ Myanmar La Warso Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)မှ အောက်ကျုံးဓာတ်မြေသြဇာ ၆၅ တန်နှင့် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)တို့မှ အောက်ကျုံးဓာတ်မြေသြဇာ ၄၂ တန် စုစုပေါင်း ၁၀၇ တန်အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၁၁-၂၀၁၃ရက်မှ ၃၁-၁၂-၂၀၁၃ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ် ၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၃၁-၁၂-၂၀၁၃ ရက် (အင်္ဂါနေ့)
အချိန်နှင့်နေရာ - ၁၂:၃၀ နာရီ၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန် - ၃၁-၁၂-၂၀၁၃ ရက် ၁၃:၀၀ နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၁၉၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်

တစ်ဦးတည်း ဖြစ်ပါကြောင်း

ကျွန်မ မခင်မီမီကို(ခ)မခင်မိမိမော် ၁၂/ဥကတ(နိုင်)၀၈၇၁၉၂သည် အမည်နှစ်မျိုးဖြစ်သော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ချိပ်ပိတ်တင်ဒါဈေးနှုန်းလွှာများခေါ်ယူခြင်း

၁။ မန္တလေးစက်မှုဇုန် လျှပ်စစ်ဓာတ်အားတိုးချဲ့ရေးလုပ်ငန်းကော်မတီသည် (၁၁)ကေဗွီ ဓာတ်အားလိုင်းဖီဒါအသစ်တိုးချဲ့တပ်ဆင်ခြင်းနှင့် လက်ရှိဖီဒါများရှိ ဓာတ်အားခွဲရုံလျှပ်စစ်ပစ္စည်းများ အသစ်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများအတွက် လုပ်ငန်းသုံးလျှပ်စစ်ပစ္စည်းများကို ကော်မတီ၏ လုပ်ငန်းခွင်ဓာတ်အားခွဲရုံများသို့အရောက် (ကျပ်ငွေဖြင့်)ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၆-၁၂-၂၀၁၃ရက် မွန်းတည့် ၁၂:၀၀နာရီဖြစ်ပြီး ယင်းနေ့ညနေ ၅:၀၀နာရီတွင် ချိပ်ပိတ်တင်ဒါများအား တင်ဒါဖွင့်ဖောက်စစ်ဆေးရေးအဖွဲ့မှ ဖွင့်လှစ်မည်ဖြစ်ပါသည်။

ဈေးနှုန်းလွှာတစ်စုံလျှင် ကျပ် ၃၀၀၀ိ/နှုန်းဖြင့် ရုံးအဖွဲ့မှူး၊ မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ၊ ကနောင်ခန်းမထံတွင် ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၂-၅၁၅၄၆၅၆၊ ၀၂-၅၁၅၄၆၁၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
မန္တလေးစက်မှုဇုန်လျှပ်စစ်ဓာတ်အားတိုးချဲ့ရေးလုပ်ငန်းကော်မတီ

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ၁)၊ မြေကွက်အမှတ်(၄/၇၂)၊ (အလျား ၇၅ပေ×အနံပေ ၁၀၀)ရှိ ပါမစ်မြေအမျိုးအစား မြေကွက်တည်ရာ အမှတ်(၄/၇၂)၊ ကာယ ၉ လမ်း၊ သဃ်န်းကျွန်းကြီးကျေးရွာဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်များကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်လှလှမြေး ၁၂/လသန(နိုင်)၀၀၇၇၅၀ ထံမှ ကျွန်မ၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့် ကျွန်မထံ လူကိုယ်တိုင် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်တင်ဝင်းမြင့် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၄၂)
အမှတ်(၁၆)၊ အနော်ရထာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉- ၅၁၂၀၈၅၈

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အောင်လံမြို့၌ ဗိုလ်ကုန်းစာကြည့်တိုက်ဖွင့်

အောင်လံ နိုဝင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၌ ပြည်သူအများ စာပေဗဟုသုတတိုးပွားရရှိရေးအတွက် ရည်ရွယ်ပြီး သရက်တောရပ်ကွက် ပြည်ခိုင်ဖြိုးလမ်းတွင် နိုဝင်ဘာ ၂၀ ရက် နံနက်က ဗိုလ်ကုန်းစာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများတက်ရောက်ကြသည်။

အခမ်းအနားတွင် သရက်တောရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဌေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စာအုပ်စာစောင်များ လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ/ရသ စာအုပ် ၁၅၀၊ ပြည်ခိုင်ဖြိုးအကျိုးဆောင်အဖွဲ့က စာအုပ်စာစောင် ၂၀၀ တို့ကို ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက်အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးသွင်လေးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ယင်းစာကြည့်တိုက်အဆောက်အအုံသည် အုတ်ပတ်ကား၊ သွပ်မိုး၊ သမံတလင်းခင်းဖြစ်ပြီးအလျား၁၈ပေ၊ အနံ၁၈ပေ၊ အမြင့်၁၂ပေရှိပြီး စေတနာရှင်ပြည်သူများထည့်ဝင်ငွေဖြင့် ဆောက်လုပ်ခဲ့ရာ ငွေကျပ် ၃၅သိန်းခန့်ကုန်ကျခဲ့ပြီး စာကြည့်တိုက်မီးလင်းရေးအတွက် မီတာဘောက် ကုန်ကျငွေ ၁၅၀၀၀၀ ကို သရက်တောရပ်ကွက် စေတနာရှင်များက လှူဒါန်းခဲ့သည်။ စာကြည့်တိုက်အတွင်း နံရံကပ် ဗီရိုနှစ်လုံး၊ စားပွဲ နှစ်လုံး၊ မှန်ဗီရို နှစ်လုံး၊ ထိုင်ခုံ ၁၀လုံးရှိပြီး စာကြည့်တိုက်ကို တစ်ပတ်လျှင် တနင်္ဂနွေနေ့မှ သောကြာနေ့အထိ နံနက် ၁၀နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပုသိမ်မြို့ အထက(၃) (ယခင် ABM,BBM) ကျောင်းအုပ် ဆရာမကြီး ဒေါ်စန်းစန်းနွယ်အမှူးပြု၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က စုပေါင်း မဟာဘုံကထိန်ပွဲတော်ကျင်းပရာ နိုဝင်ဘာ ၁၅ ရက်က မြို့အတွင်း လှည့်လည်စဉ်။

ပုသိမ်လှကြည်

လူကုန်ကူးမှု ပပျောက်ဖို့

တစ်မျိုးသားလုံး ပါဝင်ကြပါစို့

မော်လမြိုင်မြို့ရှိ ဘိုးဘွားရိပ်သာ ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်း

မော်လမြိုင် နိုဝင်ဘာ ၂၆

ရန်ကုန်မြို့နေ အလှူရှင် ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)၊ ဇနီးဒေါ်ဥမ္မာ (ကမ္ဘာရတနာဘဏ်) ဦးဆောင်ညွှန်ကြားရေးမှူးနှင့်မိသားစုတို့က နှစ်စဉ်လှူဒါန်းလျက်ရှိသည့် မော်လမြိုင် တောင်ဝိုင်းဘိုးဘွားရိပ်သာအတွက် ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၄ ရက်က ရိပ်သာဓမ္မာရုံ၌ ကျင်းပသည်။

ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ အလှူရှင် ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)က ရှင်းလင်းတင်ပြပြီး ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များက လက်ခံယူပြီး အဖွဲ့ဥက္ကဋ္ဌ ဦးခင်အောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အလှူရှင်မိသားစုတို့အား ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။ဆက်လက်၍အလှူရှင်မိသားစုက ဘိုးဘွားရိပ်သာတွင် နေထိုင်သည့် သက်ကြီးဘိုးဘွား ၅၂ ဦးအတွက် အသုံးအဆောင်ပစ္စည်းများဖြစ်သော ဆပ်ပြာ ၁၂၄တုံး၊ စောင် ၄၉ ထည်၊ မျက်နှာသုတ်ပဝါ ၇၁ ထည်၊ လုံချည် ၃၅ ထည်၊ ပုဆိုးအထည် ၂၀ တို့ကို လှူဒါန်းခဲ့ပြီး အလှူရှင်မိသားစုတို့ကဘိုးဘွားရိပ်သာအတွက် ယနေ့အထိ ငွေပဒေသာပင် စုစုပေါင်း အလှူငွေကျပ် ၄၃ သိန်းလှူဒါန်းခဲ့ပြီး ဖြစ်သည်။

အလှူရှင် မိသားစုတို့က ရိပ်သာအဆောင်တွင် နေထိုင်သော အဘိုးအဘွားများကို တစ်ဦးချင်း လိုက်လံကန်တော့ပြီး အသုံးအဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့သည်။

မော်လမြိုင် တောင်ဝိုင်းဘိုးဘွားရိပ်သာတွင် စောင့်ရှောက်ထားသော သက်ကြီးဘိုးဘွား ၅၂ ဦးအတွက် လှူဒါန်းလိုသည့် စေတနာရှင်များ၊ အလှူရှင်များ၊ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့အစည်းများမှ လှူဒါန်းလိုပါက ဖုန်း-၀၅၇-၂၇၂၆၃၊ ၀၉-၄၉၈၀၅၈၃၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။**ကျော်သန်း(မော်လမြိုင်)**

ကလေးမြို့ဆိပ်ကမ်းသာတံတားကျောင်းသားကျောင်းသူများအတွက် အဆင်ပြေ

ကလေး နိုဝင်ဘာ ၂၆

ကလေးမြို့ ပင်လုံရပ်ကွက်ရှိ ဗိုလ်ချုပ်လမ်းမနှင့် ချမ်းမြေ့အောင်စည်ရပ်ကွက်ရှိ ပင်လုံလမ်းမတော်ကို ဆက်သွယ်ပေးထားသည့် ဥပုတ်ချောင်းကိုဖြတ်၍ တည်ဆောက်ထားသော ဆိပ်ကမ်းသာတံတားသည် ချောင်းရေကြီးမှုကြောင့် တံတား၏ မြောက်ဘက်ခြမ်း ထက်ဝက်ကျော် ကျိုးပျက်သွားသည့်နေရာကို သစ်သားတံတားအဖြစ်ပြုပြင်ခဲ့ရာ ယာယီပြီးစီးသွားပြီ ဖြစ်သည်။ **(အပေါ်ပုံ)**

အဆိုပါ တံတားသည် အမှတ်(၃)အထကကျောင်းသို့ သွားရာတွင် ကျောင်းသားအများစုအသုံးပြုသည့် တံတားဖြစ်ပြီး ယခုအချိန်တွင် ကျောင်းသား ကျောင်းသူများ ကျောင်းတက်ကျောင်းဆင်း ပြန်လည်အဆင်ပြေလာပြီ ဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများနှင့် မိဘဆရာများ စိတ်အေးချမ်းသာကြပြီး အလွန်ဝမ်းမြောက်ကြကြောင်းနှင့် ပြုပြင်ဆောင်ရွက်ပေးသော တာဝန်ရှိသူများနှင့်အလှူရှင်များအပေါ်တွင်လည်း ကျေးဇူးတင်ကြကြောင်း သိရသည်။

ဂျူနိုင်း

တာဝန်ထမ်းဆောင်ရင်းအသက်ပေးသွားရသော စည်ပင်ဝန်ထမ်း၏ မိသားစုအား ကူညီထောက်ပံ့

နမ့်ခမ်း နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးဌာနမှ သန့်ရှင်းရေးဝန်ထမ်းဦးဝင်းကိုသည် အောက်တိုဘာ ၁၇ ရက် နံနက် ၇ နာရီက တာဝန်ထမ်းဆောင်ရင်း ဖုံးထိမှန်သေဆုံးခဲ့ရသည်။ ကျန်ရစ်သူမိသားစုအားစာနာထောက်ထားသောအားဖြင့် တပ်မတော်သား၊ အငြိမ်းစားတပ်မတော်သားမိသားစုဝင်များနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၂၈ သိန်း တစ်သောင်း ရှစ်ရာကျပ် ကူညီထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက်က မြို့နယ်စည်ပင်သာယာရေးဌာနရုံးအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်အေးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် ဝန်ထမ်းများတက်ရောက်ကြသည်။

နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး)ဦးတင်ကိုကိုက ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အလှူရှင်များကိုယ်စား ဦးဝင်းကို၏ဇနီး ဒေါ်အေးအေးဝင်း မိသားစုထံ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ အောက်တိုဘာ ၂၅ ရက်က ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ် စည်ပင်သာယာရေးမှ ငွေကျပ် ၁၆၇၀၀၀၀၊ နမ့်ခမ်းမြို့နယ် ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများ၊ ဈေးသူဈေးသားများက ကျပ်သိန်း ၂၀ နှင့် ယနေ့လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၅၆၈၈၀၀၀ ဖြစ်ပြီး ဒေါ်အေးအေးဝင်းနှင့်သမီးငယ်အား မြို့နယ်စည်ပင်သာယာရေးဌာန၊ အမှုဆောင်အရာရှိနှင့်ရုံးဝန်ထမ်းများက ကြည့်ရှုစောင့်ရှောက်ထားကြောင်း သိရသည်။

"ကျွန်မအမျိုးသားက အလုပ်အလွန်ကြိုးစားတယ်။ အမြင်မတော်တာ အကုန်လုပ်တယ်။ အခုသမီးလေးဆိုရင် နှစ်နှစ်နဲ့ငါးလရှိပြီ။ သူ့အဖေအကြောင်းပြောရင် ငိုတယ်။ ဘယ်သွားလဲမေးတယ်။ သူ့အဖေတခြားမှာအလုပ်သွားလုပ်တယ်လို့ပြောထားရတယ်။ အခုလိုအားကိုးရာမဲ့တဲ့အချိန်မှာ ကျွန်မတို့မိသားစုကို ကူညီထောက်ပံ့ပေးတဲ့ လူကြီးတွေ၊ ကြည့်ရှုစောင့်ရှောက်ပေးတဲ့ စည်ပင်သာယာရေးဌာနကို အများကြီးကျေးဇူးတင်ပါတယ်"ဟု ဒေါ်အေးအေးဝင်းက ပြောကြားသည်။

ဉာဏ်မင်း(နမ့်ခမ်း)

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးဦးစီးဌာန

အထွေထွေရောဂါကုဆေးရုံကြီး

တနင်္သာရီတိုင်းဒေသကြီး-ထားဝယ်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန အထွေထွေရောဂါကုဆေးရုံကြီး ထားဝယ်မြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၂-၁၂-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၁-၁၂-၂၀၁၃ ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး

အထွေထွေရောဂါကုဆေးရုံကြီး

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊

ဖုန်း-၀၅၉-၂၁၃၄၈

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းဆောင်ရွက်မည့်တံတားနှစ်စင်း၊ တိုက်နယ်ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနတစ်ခု၊ မူလတန်းကျောင်း လေးကျောင်းနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းဆောင်ရွက်မည့် တံတားခုနစ်စင်း၊ မူလတန်းကျောင်း ၂၁ ကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်း၊ တိုက်နယ်ဆေးရုံ တစ်ရုံ၊ ကျန်းမာရေးဌာနသုံးခု၊ ဆေးပေးခန်းနှစ်ခု၊ ကျန်းမာရေးဌာနခွဲ ငါးခု၊ ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ ဓမ္မာရုံတစ်ရုံ၊ သိမ်တစ်ခု၊ စာကြည့်တိုက်နှစ်တိုက်၊ သောက်သုံးရေရရှိရေး ငါးခုတို့အား တည်ဆောက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို စစ်ကိုင်းတိုင်းဒေသကြီး ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတွင် ရယူ၍ အောက်ပါအတိုင်း တင်ဒါတင်သွင်းနိုင်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၂၃-၁၁-၂၀၁၃ ရက်မှ ၆-၁၂-၂၀၁၃ ရက်အထိ

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ မုံရွာမြို့

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၄၃၁၀၊ ၂၄၃၁၅၊ ၂၂၅၃၄၊ ၂၂၆၉၉တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

ရန်ကင်းအေးငြိမ်းရိပ်သာ

ရက်(၆၀) တရားစခန်းဖွင့်မည်

မန္တလေးမြို့၊ ရန်ကင်းတောင်ခြေရှိ ဆရာကြီးဓမ္မာစရိယ ဦးဌေးလှိုင် ဦးစီးဖွင့်လှစ်ခဲ့သော ရန်ကင်းအေးငြိမ်းရိပ်သာ၌ မောင်းထောင်မြေဇင်းတောရဆရာတော်ကြီး၏ အာနာပါနသမထဝိပဿနာ ရက်(၆၀) တရားစခန်းကို (၁၃၇၅ခုနှစ် နတ်တော်လဆန်း ၁၄ရက်) ၁၆-၁၂-၂၀၁၃ရက်၌ စတင်ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီ၊ သံဃာတော်၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီးယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

စခန်းကြေး၊ ဆွမ်းစရိတ် သတ်မှတ်တောင်းခံခြင်းမပြုပါ။

သာသနာ့အကျိုးဆောင်အဖွဲ့

ဖုန်း-၀၉-၂၀၃၃၉၂၂၊ ၀၉-၃၃၆၂၁၃၃၊ ၀၉-၉၁၀၄၆၃၀၆၊ ၀၂-၅၇၂၅၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ (၁၆၀)ရပ်ကွက်၊ မြေကွက်အမှတ် ၂၄၉၊ ပေ(၄၀×၆၀)အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းမြင့်ထံမှ အဆင့်ဆင့်ဝယ်ယူထားသူ ဒေါ်စိုးစိုးဌေး ၅/မကန(နိုင်)၀၃၄၁၁၈ထံမှ ကျွန်မ ယဉ်ဖြူအေး ၅/ဖပန(နိုင်)၀၄၀၁၁၂က အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက စာချုပ်စာတမ်း အထောက်အထားအပြည့်အစုံဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ယဉ်ဖြူအေး

ဖုန်း-၀၉-၂၅၆၀၃၇၇၂၉

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၉/က၊ မြေကွက်အမှတ် ၉/B၂၊ မြေကွက်တည်နေရာအမှတ် ၂၀၊ သီရိလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ် C.A နိကလက်အမည်ပေါက် မြေပိုင်မြေ လ/န ၃(ခ)ရပြီးမြေအား အမည်ပေါက် C.A နိကလက်ထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်လက်ခံအမှန် ၁၇၄(၇-၃-၆၉)၊ အရောင်းအဝယ်စာချုပ် ၄၆၀/၇၆ (၁၈-၅-၇၆)၊ အရောင်းအဝယ်စာချုပ် ၂၂၁/၉၃(၃-၂-၉၃)၊ အရောင်းအဝယ်စာချုပ် ၄၇၅၄/၁၂ (၂၇-၉-၁၂)တို့တင်ပြ၍ ဒေါ်ခင်မေ ၁၂/အစန(နိုင်)၀၉၄၇၇၂က အမည်ပြောင်းလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက်အမှတ်(၅)၊ စစ်ကိုင်းလမ်း၊ မြေကွက်အမှတ်(၆၃၄)၊ မြေဧရိယာအကျယ်အဝန်းပေ (၄၀×၆၀)၊ စတုရန်းပေ ၂၄၀၀ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဦးတင်ထွန်း ၁၂/ဥကတ(နိုင်)၀၉၈၀၉၂ အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်နှင့်နေအိမ်ဖြစ်ပြီး အမည်ပေါက်ပိုင်ရှင်ထံမှ နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထား၍ ပြန်လည်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးမိုးအောင်သျှန် ၁၂/ရကန(နိုင်)၀၆၃၂၆၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်အရေးဆိုလိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ယဉ်ယဉ်ကြည် LL.B

အထက်တန်းရှေ့နေ (စဉ်-၃၀၀၂၂)

အမှတ် ၅၄၄၊ ဓမ္မာရုံလမ်း ၂၀၊ (၄)ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၃၁၀၀၄၉၉၄

27-11 (17).pmd 1 11/26/2013, 10:51 AM

မှုခင်းသတင်းနှင့်ကြော်ငြာ

တရားမဝင်နွားသယ်ဆောင်သူများကို ဖမ်းဆီးရမိ

သုံးခွ နိုဝင်ဘာ ၂၆

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းတင် ကြီးကြပ်မှုဖြင့် နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက မြို့မရဲစခန်းမှ ဒုရဲအုပ်လင်းအောင်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ နွားများဆွဲယူသယ်ဆောင်နေကြောင်း သတင်းအရ ကတုံးပေါ်ကျေးရွာမှ သမစိတ္တကျေးရွာသို့သွားသော မြေသားလမ်းအတိုင်း နယ်မြေလှည့်ကင်းဆောင်ရွက်ခဲ့ရာ နံနက် ၅ နာရီခွဲတွင် ကတုံးပေါ်အထက်ရွာတောင်ဘက်သုံးဖာလုံခန့်အကွာ သုံးခွသမစိတ္တကမ်းခြေသို့သွားသော တာလမ်းအရောက်တွင် လူငါးဦးက နွားထီး ငါးကောင်ကို ဆွဲယူမောင်းနှင်လာသည်ကို တွေ့ရှိရသဖြင့် ရပ်တန့်စစ်ဆေးရာ တရားဝင် သယ်ဆောင်ခွင့်ပြုမိန့်အထောက်အထားတစ်စုံတစ်ရာ မပါရှိဘဲ သယ်ဆောင်မောင်းနှင်လာသည်ကို တွေ့ရှိရသဖြင့် သက်သေများရှေ့မှောက်တွင် စာဥနီနွားထီးတစ်ကောင် တန်ဖိုး ၄၈၀၀၀၀ ခန့်တန်ဖိုးရှိ နွားတစ်ကောင်ကို ကျော်စိုးဆိုသူကလည်းကောင်း၊ စာဥဖြူ နွားထီးတစ်ကောင် တန်ဖိုး ၄၉၀၀၀၀ ခန့် နွားတစ်ကောင်ကို စန်းယုနိုင်ဆိုသူကလည်းကောင်း၊ နွား နီကြားနွားထီးတစ်ကောင် တန်ဖိုးကျပ် ၄၇၀၀၀၀ ခန့် နွားတစ်ကောင်ကို စန်းဝင်းထွန်းဆိုသူက လည်းကောင်း၊ နွားဝါကျားထီးတစ်ကောင် တန်ဖိုးကျပ် ၄၉၀၀၀၀ ခန့် နွားတစ်ကောင်ကို မင်းသန့်နိုင်ဆိုသူက လည်းကောင်း၊ နွားပြာနီထီး တစ်ကောင် တန်ဖိုးကျပ် ၄၉၀၀၀၀ ခန့် နွားတစ်ကောင်ကို ဇင်လင်းထိုက်(ခ) ကိုထိုက်ဆိုသူကလည်းကောင်း နွားသယ်ယူခွင့်ပြုမိန့်အထောက်အထား တစ်စုံတစ်ရာမပါရှိဘဲ သယ်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ခရမ်းမြို့၊ သုံးခွမြို့မရဲစခန်းက အမှုဖွင့်အရေးယူ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **ချစ်စရာ(သုံးခွ)**

မန္တလေးဘူတာကြီးတွင် ငွေကျပ် ၃၉၉ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး ရထားရဲတပ်ဖွဲ့(မန္တလေး)မူးယစ်ဆေးဝါးဖမ်းဆီးရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က မန္တလေးဘူတာကြီး အမှတ်(၁)စင်္ကြံတွင် တွဲဆိုင်းထိုးထားသော မန္တလေးမှ မြစ်ကြီးနားသို့ ထွက်ခွာမည့် အမှတ်(၅၅)အဆန်ရထား၊ ရိုးရိုးတန်းတွဲ(၂)ပေါ်သို့ ခရီးဆောင်အိတ်များလွယ်လျက် ရောင်စုံပလတ်စတစ်ဆွဲခြင်းတစ်လုံးကို ဆွဲ၍တက်လာသော ခုံမဲ့လက်မှတ်များဖြင့် လိုက်ပါမည့် မိုးညှင်းမြို့နယ် အောင်သပြေ(၃)ရပ်ကွက်နေသူများဖြစ်သည့် ဒေါ်ကူမေဖုန် (၅၁ နှစ်)နှင့် ဒေါ်ကော်ရှင်ကျီး (၄၇ နှစ်) တို့နှစ်ဦးအား ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ စစ်ဆေးရာ လက်ဆွဲခြင်းအတွင်း ကြက်မောက်သီးဖျော်ရည် လေးဘူးအတွင်း ဝှက်၍ထည့်ထားသည့် အပြာရောင်ကပ်ခွာအိတ်ဖြင့် ထည့်ထားသော 88 နှင့် 1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ ၊ ၁၀ ထုပ်စီပါ သံဘူး နှစ်ဘူး၊ ၁၁ ထုပ်စီပါ သံဘူးနှစ်ဘူး စုစုပေါင်းဆေးပြား ၇၉၈၀၊ တန်ဖိုးငွေကျပ် ၃၉၉ သိန်းကို တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် ဒေါ်ကူမေဖုန်နှင့် ဒေါ်ကော်ရှင်ကျီးတို့ နှစ်ဦးအား မန္တလေးရထားရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၆

အမှတ်(၄၁)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ နိုဝင်ဘာ ၂၂ ရက် ည ၈ နာရီခန့်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးတောင်ပိုင်းရပ်ကွက် မြန်မာ့ဂုဏ်ရည်လမ်းနှင့် ၉၄ လမ်းထောင့်တွင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်အိမ်ရာနေ မျိုးအောင်(၄၅ နှစ်)ကို စစ်ဆေးရှာဖွေခဲ့သည်။

အရေးယူ

ထိုသို့စစ်ဆေးရာ မျိုးအောင်ဝတ်ဆင်ထားသည့်အင်္ကျီအိတ်အတွင်းမှ WYစာတန်းပါလိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၊ တန်ဖိုးငွေကျပ် ၃၅ သိန်း၊ ငွေကျပ် ၃၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် မျိုးအောင်ကို မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ရေနစ်သေဆုံး

ရန်ကုန် နိုဝင်ဘာ ၂၆

နိုဝင်ဘာ ၂၂ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က လှိုင်သာယာမြို့နယ်အတွင်း ပဒုံကျေးရွာ အနောက်ပိုင်း နည်းပညာတက္ကသိုလ်လမ်းမကြီးဘေး ရေမြောင်းထဲတွင် ကလေးငယ်တစ်ဦး ရေနစ်သေဆုံးနေကြောင်း သတင်းအရ သောင်းကြီး နယ်မြေရဲစခန်းမှူးနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ မရွှေလေးနွယ်(၅နှစ်)၊ လှိုင်သာယာမြို့နယ်နေသူသည် အနက် ခုနစ်ပေ၊ အကျယ် ရှစ်ပေခန့်ရှိ ရေမြောင်းအတွင်း ပြင်ပဒဏ်ရာ တစ်စုံတစ်ရာ မတွေ့ရဘဲ ရေနစ်သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် သောင်ကြီးနယ်မြေရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ကျုံးအတွင်း အမျိုးသမီးတစ်ဦးရေနစ်သေဆုံး

နေပြည်တော် နိုဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မေယာဂီရိရပ်ကွက် လမ်း ၈၀ (၁၇×၁၈)လမ်းကြား ကျုံးအတွင်း လူတစ်ဦးသေဆုံးနေကြောင်း သတင်းအရ နိုဝင်ဘာ ၂၃ ရက် နံနက် ၇ နာရီ မိနစ် ၂၀ က အောင်မြေသာစံ အမှတ်(၂)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ သေဆုံးသူမှာ မရွှေဇင်ဖြိုး(ခ)စကီ(၂၀ နှစ်)ဖြစ်ကြောင်း၊ ဖုန်းဆက်ရန်ထွက်ခွာသွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိကြောင်း မိခင်ဖြစ်သူဒေါ်ချို(၅၈ နှစ်)၏ ပြောပြချက်အရ သိရှိရပြီး ခန္ဓာကိုယ်ပေါ်တွင် ပြင်ပဒဏ်ရာတစ်စုံတစ်ရာမတွေ့ရှိရသောကြောင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်ကာ အောင်မြေသာစံ အမှတ်(၂)နယ် မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုရဲ

ဆိုင်ကယ်နှင့်တိုက်၍ စက်ဘီးသမားသေဆုံး

မော်လမြိုင် နိုဝင်ဘာ ၂၆

မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံကကျေးရွာ ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် ၁၇၈/၂ မှ ၃ အကြားတွင် နိုဝင်ဘာ ၂၂ ရက် ညနေ ၃ နာရီက မော်လမြိုင်မြို့ စက်ကွင်းရပ် ဦးစံသိန်း (၄၃ နှစ်) မောင်းနှင်ပြီး မော်လမြိုင်မြို့ ရွှေမြိုင်သီရိ(၃)လမ်းနေ ဦးဇော်ဝင်း လိုက်ပါစီးနင်းလာသော ဟွန်ဒါဒရင်း ၁၀၀ ဆိုင်ကယ်အမှတ်၅ယ/. . . သည် ဦးအေးသိန်းစီးနင်းသည့် စက်ဘီးကို ကျော်တက်စဉ် ပွတ်တိုက်ခဲ့မှုကြောင့် စက်ဘီးစီးနင်းသူဦးအေးသိန်းနှင့် ဆိုင်ကယ်မောင်းနှင်သူ ဦးစံသိန်းတို့နှစ်ဦးမှာ ဒဏ်ရာများရရှိကြသဖြင့် မော်လမြိုင်အထွေထွေရောဂါကုဆေးရုံကြီးသို့ တင်ပို့ကုသစဉ် ဦးအေးသိန်းမှာသေဆုံးသွားသဖြင့် ပေါင်မြို့နယ် မုတ္တမရဲစခန်းက ဦးစံသိန်းကို အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

ရဲထွန်း

လူကုန်ကူးသူ ဖမ်းဆီးရမိ

မိတ္ထီလာ နိုဝင်ဘာ ၂၆

မိတ္ထီလာမြို့ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်မှ ဒုရဲမှူးမျိုးလွင်နှင့်အဖွဲ့၊ ခရိုင်မှူ/ကူအဖွဲ့မှ ဒုရဲအုပ် ဇင်ကိုကို၊ သက်သေ ဦးဇော်မင်း(ရာအိမ်မှူး)များနှင့်အတူ မိတ္ထီလာမြို့ ပြည်သာယာမြောက်ရပ်ကွက်နေ မိဖြိုး(ခ)ပိုပိုကြိုင်သည် နိုဝင်ဘာ ၂၀ ရက်က တရုတ်ပြည်မှ ပြန်လည်ရောက်ရှိပြီး ရပ်ကွက်တွင်းရှိ အမျိုးသမီးများကို တရုတ်ပြည်သို့အလုပ်လုပ်ရန်နှင့် တရုတ်အမျိုးသားများနှင့် လက်ထပ်ရန် စည်းရုံးနေကြောင်း သတင်းရရှိပြီး ပြည်သာယာမြောက်ရပ်ကွက်နေ (၃၃ နှစ်)ရှိ အမျိုးသမီးတစ်ဦးအား ကလေးထိန်းရန်နှင့် တရုတ်ယောကျ်ားယူရန် စည်းရုံးသိမ်းသွင်းပြီး ကြိုတင်ငွေတစ်သိန်းပေးခဲ့သည်ဆို၏။ ထို့နောက် ရတနာမာရ်အောင်ရပ်ကွက်နေ (၃၉ နှစ်)ရှိ အမျိုးသမီးတစ်ဦးအား အလုပ်လုပ်ပါက တစ်လလျှင် ငွေ ၇၀၀၀၀ စရိတ်ငြိမ်းရရှိပြီး တရုတ်ယောကျ်ားယူပါက ပိုမိုရရှိနိုင်ကြောင်း ပြောဆိုစည်းရုံး၍ ကြိုတင်ငွေသုံးသိန်းပေးပြီး ကြယ်ဂေါင်သို့လိုက်ခဲ့ရန်ပြောဆိုကာ နိုဝင်ဘာ ၂၁ ရက်တွင် ထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသဖြင့် သတင်းအဖွဲ့သည် နိုဝင်ဘာ ၂၁ ရက်က သပြေဝတိုးဂိတ်မှ ကြိုတင်စောင့်ဆိုင်းခဲ့သည်။

ထိုသို့စောင့်ဆိုင်းနေစဉ် နိုဝင်ဘာ ၂၁ ရက်က မိဖြိုး(ခ)ပိုပိုကြိုင်သည် အမျိုးသမီးနှစ်ဦးအား နဝရတ်မှန်လုံယာဉ်အမှတ် ၁ခ/. . . ဖြင့် ခေါ်ဆောင်သွားစဉ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်မှ ဒုရဲမှူးမျိုးလွင်နှင့်အဖွဲ့သည် သပြေဝတိုးဂိတ်မှ ယာဉ်အမှတ် ၁ခ/. . . အားရပ်တန့်ရှာဖွေရာ တရုတ်ပြည်သို့ စည်းရုံးပို့ဆောင်ခံရသူ အမျိုးသမီးနှစ်ဦးနှင့်အတူ မိဖြိုး(ခ)ပိုပိုကြိုင်အား ဖမ်းဆီးရမိခဲ့သည်။

မိဖြိုး(ခ)ပိုပိုကြိုင်သည် တရုတ်ပြည်သို့ ယခုပို့မည့်အမျိုးသမီးတစ်ဦး၏ သမီးငယ်(၁၇ နှစ်)ကိုလည်း ၁၇-၇-၂၀၁၃ ရက်နေ့ကလည်း တရုတ်ပြည်တွင် ကလေးထိန်းအလုပ်ရမည်ဟု ပြောဆိုစည်းရုံးပြီး တစ်နှစ်စာငွေကျပ် ၁၀ သိန်းပေး၍ တရုတ်အမျိုးသားတစ်ဦးနှင့်အတင်းအဓမ္မလက်ထပ်ထိမ်းမြားပေးခဲ့သည် ဆို၏။

အရေးယူ

ထို့ကြောင့် တရုတ်ပြည်တွင် ကလေးထိန်းလုပ်ရန်နှင့်တရုတ်အမျိုးသားများကို လက်ထပ်ယူရန်အမျိုးသမီးနှစ်ဦးအား သိမ်းသွင်းခေါ်ဆောင်၍ အမျိုးသမီးငယ်အား တရုတ်အမျိုးသားနှင့် အဓမ္မထိမ်းမြားလက်ထပ်ပေးခဲ့သူ မိဖြိုး(ခ)ပိုပိုကြိုင် (၃၄ နှစ်) ပြည်သာယာမြောက်နေသူအား အမှတ်(၃)ရဲစခန်းက လူကုန်ကူးမှု ပုဒ်မ ၂၄ ဖြင့် အမှုဖွင့်အရေးယူထားသည်။

တင်လှိုင်(မိတ္ထီလာ)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရနည်းပညာကောလိပ်(မိုးညှင်း)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး၊ ပူတာအို၊ ခန္တီး၊ ချောက်၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ ဝါးခယ်မနှင့် သရက်)တို့၌ A.G.T.I(၃)နှစ်သင်တန်းများကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစတင်၍ သီးခြားဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်းကျန်းမာသူဖြစ်ရမည်။

(ဂ) ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါဘာသာတွဲများဖြင့် အောင်မြင်သူဖြစ်ရမည်။

(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ။

(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ။

(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ဓာတုဗေဒ။

(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ။

(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ။

(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာ စုစုပေါင်းရမှတ်အပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနများမှ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၄။ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။

၅။ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့်သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့ပြအင်ဂျင်နီယာ

(ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ

(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ

(ဃ) စက်မှုအင်ဂျင်နီယာ

၆။ သင်တန်းကာလမှာ (၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည်ဖြစ်သည်။

၇။ ဝင်ခွင့်လျှောက်လွှာများကို မိမိတို့လျှောက်ထားလိုသည့် အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၂၅-၁၁-၂၀၁၃ ရက်မှ စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၀-၁၂-၂၀၁၃ ရက် နောက်ဆုံးထား၍ မိမိတို့လျှောက်ထားမည့်ကျောင်းများသို့ ပြန်လည်တင်သွင်းရမည်။

၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ခံစာမူရင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း

(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ်စာရင်း(မူရင်းနှင့်မိတ္တူ)

(ဃ) ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အစိုးရနည်းပညာကောလိပ် (မိုးညှင်း)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး၊ ပူတာအို၊ ခန္တီး၊ ချောက်၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ ဝါးခယ်မ၊ သရက်)တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဟ/၁၄၅၉ Golden Deer 3/W ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းအောင် PGU-၃၂၅၁၆၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဝယ/၁၆၂၅၉ Stream/MS-125 M/C ယာဉ်လက်ဝယ်ရှိသူ ရိုးမရာဇာကုမ္ပဏီလီမိတက်၏ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၄)စံပြရပ်ကွက် မြန်မာ့သစ်လုပ်ငန်းဓမ္မာရုံ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၄)စံပြရပ်ကွက်၊ မြေကွက်အမှတ်(၈၇၄/၈၇၅)၊ ပင်လုံလမ်းရှိ မြန်မာ့သစ်လုပ်ငန်းဓမ္မာရုံအား ဖျက်သိမ်းရောင်းချမည်ဖြစ်ပါ၍ ဖျက်သိမ်းဝယ်ယူလိုသူများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **အဆောက်အအုံ** - (၁) တစ်ထပ်အုတ်ညှပ်အဆောက်အအုံ တစ်လုံးနှင့် ဂါလန် ၈၀၀ဆံ့ သစ်သားရေစင် တစ်ခု
(၂) နှစ်ထပ်အုတ်ညှပ်အဆောက်အအုံတစ်လုံး

(ခ) **တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ရောင်းမည့်ရက်** - ၂၈-၁၁-၂၀၁၃ရက်မှ ၁၀-၁၂-၂၀၁၃ရက်အထိ နံနက် ၀၉:၀၀နာရီမှ မွန်းတည့် ၁၂:၀၀နာရီ

(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်** - ၁၀-၁၂-၂၀၁၃ရက် မွန်းတည့် ၁၂:၀၀နာရီ

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင်-၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် အဆိုပါဓမ္မာရုံတွင် ဝယ်ယူနိုင်ပါသည်။

လေလံကော်မတီ ဖုန်း-၀၉-၄၂၀၀၀၈၂၇၆၊ ၀၉-၅၀၃၈၄၉၃

အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်တင်မိုးခိုင် (ဘ) ဦးစိုးမြင့် ၇/ကဝန(နိုင်)၁၂၅၃၉၃နှင့် ဦးကျော်အောင် (ဘ) ဦးချစ်တင် ၇/ပခန(နိုင်)၂၂၈၃၈ တို့သည် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့သော ၂၂ နှစ်တာကာလအတွင်း ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဟံသာဝတီရပ်၊ အောင်မြေသာ ၃ လမ်း၊ အမှတ်(၂)၊အကွက်အမည် ရွှေပန်း၊ ဦးပိုင်အမှတ် ၁၁က/၅၃.၃၊ မြေကွက်အမှတ် E၊ ဧရိယာ ၂၄ဒသမ ၅၅၈ဧကရှိ ဦးစောညွန့်ဝင်း ဂရန်အမည်ပေါက်ခြံကွက်အား ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်နေထိုင်ခဲ့ရာ ထိုမြေကွက်အား ကျွန်မ ဒေါ်တင်မိုးခိုင်၏ သဘောတူညီမှုမရှိဘဲ ဦးကျော်အောင် တစ်ဦးတည်း၏ဆန္ဒဖြင့် လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးအပ်ခြင်း၊ ရောင်းချခြင်းမပြုရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်မိုးခိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန်းသန်းအေး LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၇၆)
အမှတ် ၃၆၄၊ အောင်မြေသာ ၁လမ်း၊ ဟံသာဝတီရပ်ကွက်၊ ပဲခူးမြို့၊ ဖုန်း-၀၉-၄၂၈၁၁၉၁၆၇

နယ်သတင်းနှင့်ဆောင်းပါး

ကွတ်ခိုင်တွင် ယာစပါးစံပြကွက် တစ်ဧက ၇၆ ဒသမ ၅၀ တင်းနှုန်းထွက်ရှိ

လားရှိုး နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့၌ နိုဝင်ဘာ ၂၂ ရက်တွင် သီးနှံစိုက်ပျိုးတိုးတက်ရေးကိုရည်ရွယ်လျက် ကွတ်ခိုင်မြို့နယ် ပန်ကိုင်ကျေးရွာအုပ်စု တောင်သူဦးလှမောင် ယာမြေတွင် စပါးစံပြစမ်းသပ်ကွက်ရှိ တောင်သူပညာပေး စိုက်ပျိုးဆောင်ရွက်ခဲ့သော တာပယ်ဂူယာစပါးမျိုးစံပြကွက် ၁၀ဧကအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမြင့်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိ ဦးမောင်မောင်အေးနှင့် စိုက်/ညှိအဖွဲ့များ၊ ဌာနဝန်ထမ်းများ၊ တောင်သူများနှင့်စံပြကွက်ကို ရိတ်သိမ်းခဲ့ရာ **(အပေါ်ပုံ)** တစ်ဧကလျှင် ၇၆ ဒသမ ၅၀ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း မြို့နယ် စိုက်/ညှိအဖွဲ့ထံမှ သိရသည်။

ဟန်ဌေး(iprd)

နမ့်ခမ်းမြို့၌ အထူးအထွက်တိုး စပ်မျိုးစပါး စံကွက်ရိတ်သိမ်း

မူဆယ် နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ခုနှစ် မိုးရာသီကာလတွင် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးကို ၃၃၅ ဧက စိုက်ပျိုးခဲ့ရာ နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် နမ့်ခမ်းမြို့ မြို့မရပ်ကွက်(၄) ကွင်းအမှတ်(၆၇) ဦးပိုင်အမှတ်(၆/ခ) တောင်သူဦးဘအေး၏ ၂ ဒသမ ၀၀ ဧကတွင် စပ်မျိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပရာ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးတစ်ဧက ပျမ်းမျှအထွက်နှုန်းအခြောက် ၁၈၆ တင်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦး၊ နမ့်ခမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော တောင်သူများ တက်ရောက်ကြသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းလွင်လွင်စိန်က ၂၀၁၃-၂၀၁၄ ခုနှစ် နွေစပါးရာသီတွင် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ၈၈၅ ဧကတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် မိုးစပါးအထွက်အများဆုံး ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသော တောင်သူများအား ခရိုင်အုပ်ချုပ်ရေးမှူးဦးကောင်းစံဦးက ဆုငွေများ ချီးမြှင့်ခဲ့ပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းလွင်လွင်စိန်က မြေသြဇာများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

အယ်လ်စိုး(iprd)

အပူပိုင်းဒေသ စိမ်းစိုဖို့ သစ်တော သစ်ပင်တွေ ထိန်းသိမ်းစို့

တရားမဝင်ကျွန်းသစ်များ ဖမ်းဆီးရမိ

ပဲခူး နိုဝင်ဘာ ၂၆

ပဲခူးခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဂျွန်ထွန်းဦး ခေါင်းဆောင်၍ ဒိုက်ဦးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ဇော်နိုင်တို့ ပါဝင်သော သစ်တောဝန်ထမ်းအဖွဲ့သည် နိုဝင်ဘာ ၁၉ရက်က နယ်မြေအတွင်း တရားမဝင်သစ်ရှာဖွေဖမ်းဆီးခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။

ထိုနေ့ည သန်းခေါင်ကျော်အချိန်တွင် ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာအနောက်၊ ဒရယ်မီး ဥသျှစ်ကုန်းလမ်းပေါ်တွင် နောက်တွဲပါ လယ်ထွန်စက်တစ်စီးကို မသင်္ကာဖွယ်ရာတွေ့ရှိသဖြင့် ရှာဖွေဖမ်းဆီးရာ ပြစ်မှုကျူးလွန်သူများ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြသည်။ အဆိုပါ ထွန်စက်ပေါ်မှ တရားမဝင်ကျွန်းသစ်လုံးနှင့်ခွဲသားများ စုစုပေါင်း ၁ ဒသမ ၇၆၉၀ တန် သိမ်းဆည်းရမိခဲ့သဖြင့် ဒိုက်ဦးမြို့မရဲစခန်းက ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်ပြီး ပြစ်မှုကျူးလွန်သူများ ရှာဖွေဖော်ထုတ် အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

(၁၂၁)

အင်းတော်မြို့နယ် စစ်မှုထမ်းဟောင်းရုံးတွင် မသန်စွမ်းစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ ထောက်ပံ့ငွေများပေးအပ်

စစ်ကိုင်း နိုဝင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် စစ်မှုထမ်းဟောင်းရုံးတွင် မသန်စွမ်း အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်စစ်မှုထမ်းဟောင်းဥက္ကဋ္ဌ ဦးထွန်းထွန်းအောင်က အမှာစကားပြောကြားပြီး မသန်စွမ်းစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များဖြစ်ကြသည့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တပ်သားကျော်ဝင်းစိုး (ငြိမ်း)၊ ဒုတပ်ကြပ်မောင်ထွန်း (ငြိမ်း)၊ တပ်ကြပ်ထန်မနား (ငြိမ်း)၊ တပ်ကြပ်ကြီးတင်မောင်ဝေ (ငြိမ်း) တို့ လေးဦးကို မြို့နယ်စစ်မှုထမ်းဟောင်းဥက္ကဋ္ဌ ဦးထွန်းထွန်းအောင်က ထောက်ပံ့ငွေများ ပေးအပ်ရာ စစ်မှုထမ်းဟောင်းများက လက်ခံယူသည်။ **(အောက်ပုံ)**

"အခုလို ထောက်ပံ့ငွေတွေကို ကျွန်တော်တို့ရုံးကနေ တတ်နိုင်သလောက် ကူညီဖြေရှင်းပေးရတာဖြစ်ပါတယ်။ မိမိတို့တတ်နိုင်တဲ့ နည်းစနစ်ကိုကျင့်သုံးပြီး ရှိတဲ့ရန်ပုံငွေကို ပံ့ပိုးကူညီပေးရတာ ကျွန်တော်တို့ကလည်း အားရကျေနပ်မိပါတယ်။အဖွဲ့ကိုလည်း လိုအပ်တဲ့ အကြံဉာဏ်များ ဖြည့်ဆည်းပေးကြပါ"ဟု အင်းတော်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းအောင်က ယင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

သန်းမောင်လေး(ကချင်မြေ)

လမ်းလယ်ကျွန်းကြားမှဖြတ်ကူးစဉ် ယာဉ်တိုက်မှုဖြစ်

နေပြည်တော် နိုဝင်ဘာ ၂၆

နိုဝင်ဘာ ၁၉ရက် ညနေ ၆ နာရီ ၄၅ မိနစ်က မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၂၄၂/၄-၅)ကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပေပင်လေး အမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ တပ်ကုန်းမြို့နယ် သံပုရာကုန်းရွာနေ မောင်တိုး (၁၇ နှစ်) မောင်းနှင်ပြီး တစ်ရွာတည်းနေ အောင်အောင် (၁၇ နှစ်) လိုက်ပါလာသော ၃၀ယ/----ဇောင်ချန်း (၁၁၀)ဖြူနက်ကျားဆိုင်ကယ်သည် လမ်းလယ်ကျွန်းရှိ ဘယ်ရီယာတုံးများကြားမှဖြတ်ပြီး တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိစဉ် မန္တလေးမှနေပြည်တော်သို့ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေရပ်ကွက်နေ ဝင်းဆန်း (၃၆ နှစ်) မောင်းနှင်လာသော ၅င/---- ဟွန်ဒါဖစ်ခဲရောင်ယာဉ်နှင့် တိုက်မိခဲ့ကြောင်း တွေ့ရှိရသည်။ ထိုသို့တိုက်မိမှုကြောင့် မောင်တိုးတွင် ဝဲချိုစောင်းဖူးရောင်၊ နောက်ကျော/ဝဲတင်ပါးပွန်းပဲ့ ယာနား/နှာခေါင်းသွေးထွက်ဒဏ်ရာများနှင့် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး အောင်အောင်တွင် ယာခြေသလုံးကျိုး၊ မျက်နှာပွန်းပဲ့ဒဏ်ရာများရရှိခဲ့သဖြင့် သေဆုံးသူကို ညောင်ကုန်းတိုက်နယ်ဆေးရုံသို့လည်းကောင်း၊ ဒဏ်ရာရရှိသူကို နေပြည်တော်ခုတင်(၁၀၀၀) ဆေးရုံသို့လည်းကောင်း ပို့ဆောင်ပေးခဲ့ပြီး ယာဉ်မှာ ရှေ့လေကာမှန်ကွဲ၊ ခေါင်းဝဲဘက်ခြမ်းပိန်ချိုင့်၊ ဆိုင်ကယ်မှာ ခါးလယ်မှကျိုး ပျက်စီးဆုံးရှုံးခဲ့သဖြင့် **(ဝဲပုံ)** မောင်တိုးအား ပေပင်လေး အမြန်လမ်းရဲစခန်း၊ ယာဉ်(ပ) ၁၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၄-က/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရ သည်။

(ရဲပြန်ကြား)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့၏မြောက်ဘက် (၁၂)မိုင်ခန့်အကွာ၊ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း၏ 33kV Transmission Line and Substation in EPC/Turnkey Basis for Construction Power တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၃-၁၂-၂၀၁၃ရက် ၁၆း၀၀နာရီ

တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက် - ၂၀-၁၂-၂၀၁၃ရက် ၁၆း၀၀နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့၏တောင်ဘက် မိုင်(၂၀)ခန့်အကွာ၊ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၏ 33kV Transmission Line and Substation in EPC/Turnkey Basis for Construction Power တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၃-၁၂-၂၀၁၃ ရက် ၁၆း၀၀ နာရီ

တင်ဒါအဆိုပြုလွှာ နောက်ဆုံးတင်သွင်းရမည့်ရက် - ၂၀-၁၂-၂၀၁၃ ရက် ၁၆း၀၀ နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃၊ ဇေယျာလမ်း၊ မြေကွက်အမှတ်-၈၄၉/၁၄၂၈ ဟုခေါ်တွင် မြေအကျယ်အဝန်း ပေ(၄၅×၆၀)မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဂရန်အမည်ပေါက် ဦးထွန်းညွှန့်ထံမှ ဝယ်ယူထားပြီး ပြန်လည်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စီစီနိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသောတရားဝင် စာချုပ်များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းမြင့်	**ဦးဝင်းမောင်**	**ဒေါ်ခိုင်စပါယ်ဦး**	**ဒေါ်မေသက်ဇင်**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
စဉ်-၇၇၁၆	**စဉ်-၃၂၂၁၇**	**စဉ်-၄၀၅၂၅**	**စဉ်-၃၇၇၇၀**

အမှတ် ၃၂/ခ၊ ရှမ်းရွာ ၂လမ်း၊ (၅)ရပ်ကွက်၊ (၉)မိုင်၊ ပြည်လမ်း၊
မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉-၂၅၀၀၂၈၅၉၉၊

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းအမှတ် ၉၀၊ မြေကွက်အမှတ် ၃၃၁၊ ပေ (၄၀×၆၀)ရှိမြေကွက်ကို ဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိအဆိုပြုသူ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရဲမွန်တပ်မြို့၊ အားကစားသိပ္ပံဝင်းနေ ဒေါ်ခင်ထွေး ၁၂/ရပသ(နိုင်)၀၁၄၈၂၁ထံမှ ဒေါ်ခင်မကျော် ၁၁/စတန(နိုင်)၀၀၁၉၃၁က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ခင်မကျော် ဖုန်း-၀၉-၅၀၀၂၈၉၄

ထိုက်သူရမည်

တောင်/မြောက်လမ်းဆုံအနီး၊ (တ)ထပ်တိုက်ခန်း၊ နေ့စဉ်ဘုရားဖူးမြော်နိုင်၊ အိပ်ခန်းနှစ်ခန်း၊ ဘုရားစင်ဖွဲ့ပြီး၊ ကြွေပြားပြည့်၊ ဆန်းရိုက်ကြီးကြီးနှင့် ဝရန်တာလျှောက်လမ်း၊ သံပန်းပြည့်၊ ကျွန်းကနုတ်တံခါးကြီး လုလုပပ မွမ်းမံပြီး၊ အဲကွန်းနှစ်လုံး၊ ဈေး၊ ကျောင်း၊ ကားဂိတ်နီး၊ နေရာကောင်း၊ ရှုခင်းကောင်း၊ လေကောင်းလေသန့်ရ၊ စိတ်အေးချမ်းသာစွာ အနားယူနိုင်၊ ကျပ် ၂၃၉ သိန်း။

ဖုန်း-၀၉-၇၃၁၃၅၄၄၄၊ ၀၉-၇၃၁၀၆၅၇၄

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၂၆၃၉၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်သန်း ၉/ရမသ(နိုင်) ၀၀၃၅၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရမည်းသင်း)



ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အသုံးမလို စက်နှင့် စက်အရန်ပစ္စည်း(အဟောင်း)များ ရောင်းချရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၁၄-၁၁-၂၀၁၃ ရက်မှ ၁၆-၁၁-၂၀၁၃ ရက် သတင်းစာတို့တွင် ခေါ်ယူထားသော စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းမှ အမှတ်(၁)အထည်စက်ရုံခွဲ(မရမ်းကုန်း)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အသုံးမလိုပိုလျှံစက်ပစ္စည်း(အဟောင်း)၊ အမျိုးအစား ၂၆မျိုး၊ စက်အရန်ပစ္စည်း(အဟောင်း) သုံးမျိုး၊ စုစုပေါင်း ၂၉မျိုးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်-

(က) **ကော်တင်လုပ်ငန်းစက်ပစ္စည်းများ**

(၁)	Sizing Machine (Kanamaru)	၁ လုံး
(၂)	Cone Winder (Murata)	၁ လုံး
(၃)	Warper (Osaka)	၁ လုံး
(၄)	Warper (Kanamaru)	၁ လုံး

(ခ) **ရက်ကန်းလုပ်ငန်းစက်ပစ္စည်းများ**

(၅)	Weaving Machine (Tsudakuna)	၁၅ လုံး
(၆)	Weaving Machine (Hokuriku)	၁၁၆ လုံး
(၇)	Weaving Machine (Tsudakuna)	၁၄ လုံး
(၈)	Pirn Winder (Murata)	၃၀ လုံး
(၉)	Pirn Winder (Hacoba)	၁ လုံး
(၁၀)	Pirn Winder (Hacoba)	၂ လုံး

(ဂ) **နိုင်လွန်ဇာလုပ်ငန်းစက်ပစ္စည်းများ**

(၁၁)	Warp Knitting Machine (Karl Mayer)	၁၄ လုံး
(၁၂)	Warp Knitting Machine (Liba)	၄ လုံး
(၁၃)	Sectional Warper for Warp Knitting (Karl Mayer)	၁ လုံး
(၁၄)	Sectional Warper for Warp Knitting (Liba)	၃ လုံး

(ဃ) **အချောကိုင်လုပ်ငန်းစက်ပစ္စည်းများ**

(၁၅)	Jigger Machine (Kyoto)	၃ လုံး
(၁၆)	Jigger Machine (Kyoto)	၃ လုံး
(၁၇)	Jigger Machine (Local)	၃ လုံး
(၁၈)	Hydro Extractor (THEN)	၁ လုံး
(၁၉)	Hydro Extractor (THEN)	၃ လုံး
(၂၀)	Winch (THEN)	၁ လုံး
(၂၁)	Winch (THEN)	၃ လုံး
(၂၂)	Heat Setting Machine (Kyoto)	၁ လုံး
(၂၃)	Cylinder Dryer (Kyoto)	၁ လုံး
(၂၄)	Calendering Machine (Kyoto)	၁ လုံး
(၂၅)	Boiler (Takuma)	၂ လုံး
(၂၆)	Boiler (မစ-၉၁၄)(Colonial)	၁ လုံး
	စုစုပေါင်း	**၂၂၇ လုံး**

(င) **စက်အရန်ပစ္စည်းများ**

(၁)	စက်အရန်ပစ္စည်းအကျိုးအပျက်မျိုးစုံ	၃ တန်
(၂)	၂" ဟင်ဂလန် (၂၀ပေ)	၂၅ ချောင်း
(၃)	F.O သိုလှောင်ကန်	၀.၂၅ တန်
		(၁ ခု)

၂။ တင်ဒါဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၁၁-၂၀၁၃ ရက်

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ**

(၁) **ရန်ကုန်** အထည်အလိပ်လုပ်ငန်း(ရုံးခွဲ) အမှတ်(၁)၊ သုခဝတီလမ်း၊(၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

(၂) **နေပြည်တော်** ရုံးအမှတ် ၃၇၊ အထည်အလိပ်လုပ်ငန်း၊ နေပြည်တော်

(ဂ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၁-၁၂-၂၀၁၃ရက်၊ ၁၆း၀၀ နာရီ

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပါသည်-

ညွှန်ကြားရေးမှူး(ပစ္စည်းစီမံရေး)၊ အထည်အလိပ်လုပ်ငန်း
နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၄၀၈၃၃၈၊ ၄၀၈၁၅၆၊
ရန်ကုန် ဖုန်း-၀၁-၅၅၄၆၇၁

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၄/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-112 (2013-2014)	Transmission for Komatsu Dozer	(1) Unit	US$
(၂)	IFB-113 (2013-2014)	Torque Convertor for Komatsu Dozer	(1) Unit	US$
(၃)	IFB-114 (2013-2014)	National Torque Convertor for CAT D 3508 Rig Engine	(3) Nos	US$
(၄)	IFB-115 (2013-2014)	GM 6 V 71 Engine	(2) Sets	US$
(၅)	IFB-116 (2013-2014)	GM 6 V 53 Engine	(4) Sets	US$
(၆)	IFB-117 (2013-2014)	Mud Agitator Unit (With Motor Driven) (7.5 KW)	(3) Lots	US$
(၇)	IFB-118 (2013-2014)	Shore Water Pump (1000gpm, 200 ft head) Centrifugal Water Pump With 80 HP Motor Driven	(1) Lot	US$
(၈)	IFB-119 (2013-2014)	Skid Mounted Crude Transfer Pump (400 gpm, 400 ft Head With Engine Driven)	(1) Lot	US$

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၃-၁၂-၂၀၁၃ ရက် ရုံးချိန်အတွင်း ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းအချက်အလက်နှင့် နည်းပညာဌာနအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

Sr.	Description	Qty	
1	Broadband Wireless Router(SOHO)	11	Nos
2	16 E1 to Ethernet Converter	1	No
3	Speed Control Card for Generator	1	No
4	Governor Controller for Generator	1	No
5	Starter motor (24V) for Generator	1	No
6	Pump Plunger and Nozzle	3	Nos
7	Cisco Layer 3 Switch (48 ports)	6	Nos
8	Cisco ME 3600X Switch 10G Upgrade License	7	Nos
9	Firewall/ Fortimail AV/AS/IPS License and Kiwi Syslog Web Access License	1	Lot
10	40 KVA Online UPS	2	Nos
11	DSLAM & Accessories (Turn Key Solution)	1	Lot
12	Officer Table	2	Nos
13	Officer Chairs	4	Nos
14	Antivirus Software	1	Lot
15	Network Management System for NOC(ISP & GW) (Turn Key Solution)	2	Sets
16	Internal Power System (Power cable, PDU, etc.) များတပ်ဆင်ခြင်း	1	Lot
17	Cable Ladder (Runway) များတပ်ဆင်ခြင်း	1	Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification) များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ၂၁-၁၁-၂၀၁၃ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများနောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၄-၁၂-၂၀၁၃ရက် ၁၆း၀၀နာရီဖြစ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ပြည်ပဆက်သွယ်ရေးအဆောက်အအုံ
ကမ္ဘာအေးဘုရားလမ်း၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၆၅၆၉၃၇၊ ၀၁-၆၅၀၃၅၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၅၂၉၅၆ Follow Me, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ကျော် ၉/ခအဇ(နိုင်)၀၁၃၈၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၃၄၉၄ (ကမ-၃) ပျောက်လျှောက်ထားယာဉ် ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းကျော်စည်သူ ၉/မရမ(နိုင်)၀၀၀၉၂၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၂၇၂၀၉ Follow Me, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ကျော် ၉/ခအဇ(နိုင်)၀၁၃၈၂၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

ကန့်ကွက်နိုင်ပါကြောင်း

ပုဇွန်တောင်မြို့နယ်၊ နဝရတ်ကွန်ဒိုမီနီယမ်အိမ်ရာ၊ တိုက် ၁၈၆၊ အခန်း ၂၀၁ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်မြင့်မြင့်စန်းထံမှ စာချုပ်စာတမ်းများဖြင့်ဝယ်ယူထားသူ ဒေါ်ချန်သန်းသန်း(ခ)ဒေါ်သန်းသန်းအေး ၂/လကန(နိုင်)၀၄၅၃၆၄က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုန်(၂)ရှိ မြေကွက်အမှတ်(၁၅၅)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသူရအောင်ကျော်(ခ)သူရအောင် ၁၂/ဗတထ(နိုင်)၀၂၄၅၈၆ ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ Asia Myanmar Construction Development Co., Ltd. (ကိုယ်စား)ဦးကျော်ခိုင် ၁၂/ကတတ(နိုင်)၀၂၄၇၈၄က ကုမ္ပဏီအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၄၊ မြေကွက်အမှတ် ၁၅၉၆/ခ၊ မြေကွက်တည်နေရာအမှတ် ၁၅၉၆/ခ၊ ရွှေညသြလမ်း၊ (၁၀၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးလှမြင့်စိုး ၁၂/သကတ(နိုင်)၀၄၉၁၉၆ အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးလှမြင့်စိုးထံမှ မေတ္တာဖြင့် ပေးကမ်းခြင်းအရပ်ကတိစာချုပ်ဖြင့် ရရှိသူ ဒေါ်မိသန်း ၁၂/သကတ(နိုင်)၀၅၁၀၁၃ က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာများတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ကျန်စစ်သားလမ်းရှိ မြေကွက်အမှတ် ၄၆၊ ပေ(၄၀×၆၀)အကျယ် နှစ် ၆၀ ဂရန်မြေကွက်ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်စိုးနိုင် ၁၂/ဗတထ(နိုင်)၀၁၉၄၅၈ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက နှစ်ဦးသဘောတူ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြေညာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘိုမင်းဖြူ LL.B, Advocate	**ဦးထွန်းတင် LL.B, Advocate**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၅၇)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၈၂)**
ဖုန်း-၀၉-၅၂၁၄၀၂၄	**ဖုန်း-၀၉-၈၅၂၀၃၇၁**

တိုက်အမှတ် ၈၃၊ အခန်းအမှတ် ၁၄(ဒီ)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့.

မြေသီးသန့် ပေ(၂၀×၆၀) ရောင်းမည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၅)ရပ်ကွက်၊ ဗထူးလမ်း၊ ပြည်ထောင်စုလမ်းနှင့်နီး၊ ရောင်းဈေး ကျပ်သိန်း ၃၈၀။ **ဖုန်း-၀၉-၃၁၅၅၇၀၁၂**

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မေတ္တာညွန့်အိမ်ရာ၊ တိုက် ၄၈၀၊ အခန်း ၀၀၁ ကို မူလအမည်ပေါက်ပိုင်ရှင် ဗိုလ်မှူးအုန်းလွင်ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးသာထွန်းခိုင် ၁၂/ဗဟန(နိုင်)၀၆၅၂၃၁က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်လေးထောင့်ကန် ဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ် ၅၂၉/ဘီ၁၊ မြေကွက်အမှတ် ၅၄၂၏အစိတ်အပိုင်း (၁၃၀' × ၁၃၉'/၁၄၀')၊ မြေကွက်တည်နေရာအမှတ် ၆၊ ဂန္ဓမာ ၇လမ်း၊ လေးထောင့်ကန်ကျေးရွာ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက် လ/န ၃၉ရရှိပြီးမြေအား ဒေါ်ခင်လှရီ ၁၂/သဃက(နိုင်)၀၂၅၁၁၆ က မြေအရောင်းအဝယ် ကတိစာချုပ်အဆင့်ဆင့်ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အောင်မင်းခေါင်ကုန်းမြေ၊ ကသစ်ဝိုင်ဓမ္မရိပ်သာ နတ်တော်(၁၀)ရက်စဉ် ဝိပဿနာအလုပ်ပေးတရားပွဲကြီးကျင်းပမည်

ကျေးဇူးတော်ရှင် မူလကသစ်ဝိုင် ဆရာတော်ကြီးဟောကြားတော်မူခဲ့သော ကိုယ်တွေ့ဉာဏ်မြင်ဝိပဿနာလုပ်ငန်းစဉ်တရားတော်များကို သနပ်ပင်မြို့၊ မန်းကျောင်းတိုက် ကသစ်ဝိုင်ဓမ္မရိပ်သာကြီး၏ နာယကဆရာတော် ဘဒ္ဒန္တကိတ္တိမာလာဘိဝံသနှင့် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တစန္ဒနမာလာ(မြို့နယ်သံဃနာယကဥက္ကဋ္ဌ) အရှင်သူမြတ်တို့၏ ဩဝါဒကိုခံယူလျက်၊ တပည့် ပဓာနနာယကဆရာတော် အရှင်ကဥ္စနသာရ(မဟာကမ္မဋ္ဌာနာစရိယ)အမှူးပြုသော ကမ္မဋ္ဌာနာစရိယဆရာတော်အရှင်သူမြတ်တို့က ဥပနိဿယမပျက် ထမ်းရွက်တော်မူကြကာ (၁၃၇၅ခုနှစ် နတ်တော်လဆန်း ၂ရက်) ၄-၁၂-၂၀၁၃ ရက်မှစ၍ ၄င်းလဆန်း ၁၂ရက်(၁၄-၁၂-၂၀၁၃ရက်)ညအထိ နေ့စဉ်နေ့တိုင်း၊ ညစဉ်ညတိုင်း ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူကြမည်ဖြစ်ပါ၍ တရားဝင် တရားအားထုတ်ကြမည့်(ဒုလ္လဘ)သံဃာတော်များ၊ (ဒုလ္လဘ)သီလရှင်များ၊ ယောဂီသူတော်စင်များနှင့် တရားပတ်အတွင်း ဆွမ်း၊ ဘောဇဉ်များကို ထောက်ပံ့လှူဒါန်းလိုကြသော စေတနာရှင်များသည်-

- ရိပ်သာ ဖုန်း-၀၅၂-၂၁၇၆၈၊ ၀၉-၄၂၈၁၁၉၃၁၁နှင့်
- အတွင်းရေးမှူးဦးအုန်းမြင့် ဖုန်း-၀၅၂-၂၁၃၄၆၊ ၀၉-၅၀၈၃၂၅၄တို့သို့ ဆက်သွယ်နိုင်ကြပါကြောင်း။

အကျိုးတော်ဆောင်အဖွဲ့၊ ကသစ်ဝိုင်ဓမ္မရိပ်သာ
အောင်မင်းခေါင်ကုန်းမြေ၊ ပဲခူးမြို့

ဖြူးဆရာတော်ကြီး၏တပည့်ရင်း ဖြူးမဟာစည်ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ ဓမ္မပူဇာတရားပွဲ

၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ရက် (၂၉-၁၁-၂၀၁၃ ရက်) သောကြာနေ့ည ၇ နာရီတွင် သာသနာရေးဝန်ကြီးဌာန ဇမ္ဗူသီရိဗိမာန်တော်ကြီး၌ **ဒေါက်တာအောင်မြင့်-ဒေါ်ဝင်းကြည်**မိသားစု **ဦးတင်အောင်-ဒေါ်ညွန့်ညွန့်သောင်း**မိသားစုတို့၏ ဓမ္မဒါန ဓမ္မပူဇာအလှူပွဲတွင် ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝရဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ M.A, Ph.D (Thesis) အရှင်သူမြတ်သည် နိဗ္ဗာန်ရောက်ကြောင်း တရားဒေသနာတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ ဓမ္မမိတ်ဆွေသူတော်စင်အပေါင်းတို့မှ ကြွရောက်တရားတော် နာယူတော်မူနိုင်ကြပါရန်နှင့် ဆရာတော်၏ တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၅၀၁၇၅၅၄၊ ၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂ တို့သို့ ဆက်သွယ်နိုင်ပါသည်။

အထူးဖိတ်ကြားအပ်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ခုတင်္ဂါစာရ ဓမ္မသုခ(သုံးဆယ်) မေတ္တာရှင်ဆရာတော်ကြီး၏ ဆန္ဒတော်နှင့်အညီ တည်ထားကိုးကွယ်တော်မူခဲ့သော ကမ္ဘာအေးပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး၏

(၁)နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီး ကို

(၁၃၇၅ခုနှစ် နတ်တော်လဆန်း ၂ရက်) ၄-၁၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင် မဟာပဋ္ဌာန်းပူဇော်ခြင်း၊ ဆီမီးတစ်ထောင်-ပန်းတစ်ထောင်ပူဇော်ခြင်း၊ သံဃာတော်အရှင်သူမြတ်တို့အားနေ့ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ စတုဒိသာကျွေးမွေးအလှူပြုခြင်းများဖြင့် ဆရာတော်ကြီး၏ ကျေးဇူးတော်တို့ကိုရည်မှန်း၍ လှူဒါန်းပူဇော်ကြမည်ဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ တပည့်သာဝက ဝေနေယျအပေါင်းတို့အား သာဓုအနုမောဒနာခေါ်ဆိုနိုင်ကြပါရန် လေးမြတ်စွာဖြင့် အထူးဖိတ်ကြားအပ်ပါသည်။

(သုံးဆယ်) မေတ္တာရှင်ဆရာတော်ကြီး၏ ဆန္ဒတော်နှင့်အညီ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ ကန် ၅ ရွာ ပရဟိတရေထွက်တောရ ဓမ္မရိပ်သာကြီး၏ ဦးစီးပဓာန နာယက ခုတင်္ဂါစာရ ကျောက်ဂူတောရ ဆရာတော်ကြီး ဉူးကုန္ဒာစရိယ၏ တပည့်ဖြစ်သူ အရှင်ဝီရိယမှ ညစဉ်တရားဓမ္မတို့ကို ဟောဖော်ညွှန်ကြားပြသပြီး ဆရာတော်ကြီး၏ သာသနာတော်ကို ဆက်လက်ထမ်းဆောင်လျက်ရှိပါသည်။

၇-၁၂-၂၀၁၃ရက်(စနေနေ့)တွင် သံဝေဂဆရာတော် အရှင်သောမမှ ကျေးဇူးဆပ်ပူဇော်သောအားဖြင့် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောဖော်ညွှန်ပြပေးတော်မူပါမည်။

(သီးခြားဖိတ်စာမပေးပို့တော့ပါ)

ကျောင်းအကျိုးတော်ဆောင်အဖွဲ့
ဓမ္မသုခ(သုံးဆယ်)မေတ္တာရှင်ဆရာတော်ကြီးကျောင်းတိုက်
သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊
ဖုန်း-၀၅၅-၃၀၉၇၂၊ ၀၉-၈၆၇၆၁၄၀၊ ၀၉-၈၆၇၆၁၄၁၊ ၀၉-၄၅၄၆၉၉၉၉

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၈၂၂၀၉ Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းတိုးနိုင် ၉/ကပတ(နိုင်)၂၀၄၀၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် ၃၂၊ မြေတိုင်းရပ်ကွက် ၃၂၊ မြေကွက်အမှတ် ၁၅၂ (ယခုအခေါ်) အမှတ် ၁၅၂၊ ဗိုလ်ကြာညွန့်လမ်း၊ ၃၂ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အကျယ်အဝန်းပေ(၄၀×၆၀)၊ ဧရိယာ ဝဒသမ ဝ၅၅ ဧကရှိ ဦးစံလှ CE-၀၃၅၁၀၀(ကွယ်လွန်)အမည်ဖြင့် နှစ် ၆၀ဂရန်အမည်ပေါက် ပိုင်ဆိုင်ခဲ့ပြီး ဦးစံလှကွယ်လွန်ခဲ့ရာ ၄င်း၏တစ်ဦးတည်းသောဇနီး ဒေါ်လှမြင့် ၁၂/ဒဂန(နိုင်)၀၀၈၂၇၃ ထံမှ ဆက်ခံပိုင်ဆိုင်ခွင့်အရ ယင်းမြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် မြေ၏တန်ဖိုးငွေစရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇေယျာအောင်	**ဦးသိန်းနိုင်**
အထက်တန်းရှေ့နေ(စဉ်-၃၂၄၉၄)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၈၉)**
အမှတ် ၄၆၅၊ လှိုင်မြစ်လမ်း၊	**တိုက် ၅၊ အခန်း ၁၀၁၊**
ကမ်းနားအလယ်ရပ်ကွက်၊	**အောင်ဇေယျအိမ်ရာ၊ ကမ်းနားအလယ်ရပ်ကွက်၊**
အင်းစိန်မြို့နယ်၊ဖုန်း-၀၉-၅၀၆၈၃၃၉	**အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၅၀၈၁၆၅၈**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ် ၅၆၉ဟုခေါ်တွင်သော အကျယ်အဝန်း အလျားပေ၆၀×အနံပေ၄၀ရှိ ပါမစ်မြေအမျိုးအစားမြေကွက်အား အမည်ပေါက်ဦးလှထွန်းထံမှ ဆက်စပ်စာချုပ်အရဝယ်ယူ၍ မိမိကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးဝင်းဌေးအောင် ၇/ကကန(နိုင်)၀၃၉၃၈၄ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းဝေ ၁၁/ဘသတ(နိုင်)၀၁၂၈၈၄ကစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် အတည်ပြုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန်းဝေ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းစိုး LL.B
အထက်တန်းရှေ့နေ
အမှတ် ၆၉၃၊ အောင်ဆုပန်လမ်း၊ (၈၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊
ဖုန်း-၀၉-၄၃၀၇၈၀၁၂

ကျောင်းအလှူဒါနပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင် သံဃာတော် အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇)အကျယ်အဝန်းရှိ ၃ ထပ်ကျောင်းဆောင်သစ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဘူမိဗေဒအဓိကဖြင့်(၁၉၇၃/၁၉၇၄/၁၉၇၅)ခုနှစ်များတွင် ဘွဲ့ရရှိခဲ့ကြသော ကျောင်းသူ ကျောင်းသားများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

အနန္တော အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဆရာကြီးများနှင့် ဆရာ ဆရာမများအား ပူဇော်ကန်တော့ပွဲကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းနေဖက်သူငယ်ချင်းများ အောက်ပါအစီအစဉ်အတိုင်းကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီတိတိ စတင်ပါမည်။
ကျင်းပမည့်နေရာ - ရန်ကုန်တက္ကသိုလ်များဓမ္မာရုံ

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မိုးကုတ်မြို့နယ်တရားရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၇

မအေးရင်(ခ)အကျဲ	**နှင့်**	၁။ ကိုသန်းဦး ၂။ မခင်မေ
ကသည်းဗိုလ်ကုန်းရပ်		ပန်းမရပ်အနောက်ပိုင်း၊
အနောက်ပိုင်း၊ မိုးကုတ်မြို့။		မိုးကုတ်မြို့။
တရားလို		**တရားပြိုင်များ**

မိုးကုတ်မြို့၊ အနောက်ပိုင်း၊ ပန်းမရပ်နေ (၂)တရားပြိုင် မခင်မေ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုမအေးရင်(ခ)အကျဲက ငွေ ၁၇၇၆၀၀၀ိ/-ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃ ရက် (၁၃၇၅ခုနှစ် နတ်တော်လဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စန္ဒာမြင့်)
ဒုတိယမြို့နယ်တရားသူကြီး(၂)
မိုးကုတ်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၆/၄၈)ရှိ ဦးသန်းမြင့်အမည်ဖြင့် မြေနေရာချထားခံရသော မြေဧရိယာ ပေ(၄၀×၆၀)ရှိ မြေကွက်အား ဦးသန်းမြင့်(ကွယ်လွန်)၏ တရားဝင်ဇနီး ဒေါ်စန်းစန်းငြေး ၁၂/လမန(နိုင်)၀၃၉၆၅၈ထံမှ ဦးသက်ဦး ၁၂/ဥကမ(နိုင်)၀၇၃၀၄၄ သို့လည်းကောင်း၊ ဦးသက်ဦးထံမှ ဦးခင်ဇော်ဝင်း ၇/ပခန(နိုင်)၂၄၄၁၈၈ သို့လည်းကောင်း၊ ဦးခင်ဇော်ဝင်းမှ ဒေါ်ခင်ဝင်းရီ ၁၂/သဃက(နိုင်)၀၅၇၇၁၆ သို့လည်းကောင်း၊ ဒေါ်ခင်ဝင်းရီထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးအောင် ၁၂/သဃက(နိုင်)၀၅၈၆၉၅ အမှတ်(၂၈၅/ခ)၊ ကျန်စစ်သားလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်က ၂၀-၁၁-၂၀၁၃ရက်တွင် စရန်ငွေပေးချေဝယ်ယူခဲ့ပြီးနောက် ၁၀-၁၂-၂၀၁၃ ရက်တွင် အပြီးအပိုင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤနေ့မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အပြီးအပိုင်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးကျော်သောင်း LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၇၉)
ဖုန်း-၀၉-၄၃၁၃၈၅၆၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ကံ့ကော်မြိုင် ၂ လမ်း၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၃/၂၄၊ ဧရိယာ ၀ ဒသမ ၀၄၆ဧကရှိ တစ်ထပ်ပျဉ်ထောင်အိမ်အပါ နှစ် ၆၀ ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၌ ဒေါ်ထွေးထွေး ၁၂/ဥကတ(ပြု)၀၀၀၀၃၉အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ၄င်းအမည်ပေါက်ပိုင်ဆိုင်သူထံမှ အပြီးအပိုင်ဝယ်ယူထားပြီး လက်ရှိ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသော ဦးသန်းလွင်ဦး ၇/ရကန(နိုင်)၀၁၁၀၃၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသက်ထွေးအောင် LL.B, Dip in Computer Studies
အထက်တန်းရှေ့နေ(စဉ်-၃၂၉၄၂)
အမှတ် ၃/၇၇၊ သဇင်ဖြူလမ်း၊ ပါရမီ၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၃၁၀၄၈၀၉၉၊ ၆၆၁၇၆၀

ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်မြို့၊ ဆန်ဆိုင်းအရှေ့၊ အကွက်အမှတ်(၁၇)၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ ၀ ဒသမ ၂၀၄ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေစာရင်းပုံစံ ၁၀၅ တွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မေရီယန်း ၁၃/ကတန(နိုင်)၀၂၁၀၀၉ မှ ကျွန်တော်၏ဖခင်ဖြစ်သူ ဦးစက်ကြာကြည် ၁၃/မယတ(ဧည့်)၀၀၀၀၀၁ ထံ ရောင်းချပေးသဖြင့် ၁၉၉၄ခုနှစ် မတ် ၈ ရက်တွင် အိမ်နှင့်မြေအရောင်းအဝယ် အရပ်ကတိစာချုပ်အားချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါတွင် ဖခင်ဖြစ်သူ ဦးစက်ကြာကြည်မှ ၄င်း၏သားဖြစ်သူ ကျွန်တော် စိုင်းစွမ်ဖမိတ် ၁၃/တခလ(နိုင်)၀၈၆၂၁၅ ထံသို့ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်လွှဲပြောင်းပေးသဖြင့် ဆန်ဆိုင်း ရယကဥက္ကဋ္ဌနှင့် လူကြီးမင်းများရှေ့မှောက်တွင် မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်အား ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ချုပ်ဆိုခဲ့ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကျွန်တော် စိုင်းစွမ်ဖမိတ် ၁၃/တခလ(နိုင်)၀၈၆၂၁၅၏ အမည်ပေါက်ရရှိရေးအတွက် သက်ဆိုင်ရာရုံးဌာနများတွင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်သွားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများအတူ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

စိုင်းစွမ်ဖမိတ် ၁၃/တခလ(နိုင်)၀၈၆၂၁၅
အမှတ် ၁/၂၄၊ ဆန်ဆိုင်း(ထက်)ရပ်ကွက်၊ တာချီလိတ်မြို့
ဖုန်း-၀၉-၄၂၈၂၁၆၉၄၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉)ရပ်ကွက်၊ မြေကွက်အမှတ် ၂၉၉၊ သမာဓိ ၄လမ်းဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို မူလအမည်ပေါက် ဒေါ်ခင်ခင်ထွေး ၁၂/မဂဒ(နိုင်)၀၆၂၉၀၂ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ကျန်ငွေများပေးချေပြီး အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမြမောင် ၁၂/အလန(နိုင်)၀၃၃၄၁၃
အမှတ် ၅၉၀၊ ဗိုလ်ဆွန်ပက်လမ်း၊ (၃၉)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၁၄၄၅၅၉

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

အထက၊ မိကျောင်းရဲ
ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ မိကျောင်းရဲ၊ အထက၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၅ရက်တွင် ကျင်းပမည်ဖြစ်ပါ၍ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်-

၁။ ဒေါ်မြတ်အေးကြူ(ခ)ဒေါ်မွေးချို ဖုန်း-၀၉-၅၀၆၃၇၀၃
၂။ ဦးအောင်သင်း(ရန်ကုန်) ဖုန်း-၀၉-၇၃၀၇၂၂၉၅
၃။ ဦးသက်ဦး(မိကျောင်းရဲ) ဖုန်း-၀၉-၄၀၁၆၆၂၅၉
၄။ မြန်မာ့စီးပွားရေးဘဏ်၊ မကွေးမြို့၊ ငွေစာရင်းအမှတ် SW-4118 သို့ ဆက်သွယ်လှူဒါန်း နိုင်ပါသည်။

ရန်ကုန်အမှတ်(၂)ဒေသကောလိပ် (RC-2)
ကျောင်းသား ကျောင်းသူဟောင်းများ၏
ပထမအကြိမ်
ပြန်လည်တွေ့ဆုံပွဲ
(1st Batch- 5th Batch)

နေ့ရက် - ၂၈-၁၂-၂၀၁၃ ရက်
နေရာ - Kandawgyi Palace Hotel (Pool Garden)
အချိန် - ညနေ ၆ နာရီ

လက်မှတ်များကို	ချစ်ချစ်	ဖုန်း-၀၉-၅၀၀၁၃၆၆
	ခင်ထားထားအောင်(ပြားလီ)	ဖုန်း-၀၉-၃၁၅၂၀၃၃၂
	ချိုချိုမြိုင်(Dane)	ဖုန်း-၀၉-၇၃၂၄၂၆၇၉
	ငြိမ်းခိုင်လေး(ဝိုင်းစိန်)	ဖုန်း-၀၉-၄၅၀၀၄၆၄၇၆

တို့ထံတွင် ဝယ်ယူနိုင်ပါသည်။ တေးဂီတနားဆင်ပြီး ညစာစားရင် မဆုံတာကြာတဲ့သူငယ်ချင်းဟောင်းတွေ ပျော်ပျော်ပါးပါး ပြန်လည်တွေ့ဆုံကြပါစို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၂

ဒေါ်မြမြစန်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမြင့်အောင်) **နှင့်** ၁။ ဦးဝင်းမောင် အမှတ် ၂၆၇၊ သီရိနန္ဒာ ၂၉ လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့။
၂။ ဦးအောင်မြင့်
၃။ ဦးကျော်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ဂရုဏာ ၄ လမ်း၊ အမှတ် ၇၂၀/ကနေ တရားပြိုင်(၂)ဦးအောင်မြင့်၊ (၃)ဦးကျော် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

တရားလို ဒေါ်မြမြစန်း(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမြင့်အောင်)က ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလကွယ်နေ့)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဒေါ်မြင့်ထွေး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
တောင်ဥက္ကလာပမြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း
ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပုသိမ်ခရိုင်တရားရုံးတော်၌
၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆ နှင့်ဆက်နွှယ်သည့်
၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၀

ဦးတင်ထွန်း **နှင့်** ဦးမျိုးသက်
တရားနိုင် **တရားရှုံး**

ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ တဲကြီးကုန်းရပ်၊ (၁)လမ်း၊ အမှတ်(၁/၂၅)နေ ဦးမျိုးသက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ပုသိမ်ခရိုင်တရားရုံး၏ ၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၃၆ တွင် ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးတင်ထွန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြနိုင်သည့် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၉ ရက် (၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးခင်မောင်အေး
ခရိုင်တရားသူကြီး၊ ပုသိမ်ခရိုင်တရားရုံး

သင့်သွေးဖြင့် အသက်ကယ်ပါ

အမည်ပြောင်း

ဦးအေးဝင်းထွန်း၏သား အထက(၁) အောင်လံ အဋ္ဌမတန်း(A)မှ မောင်ကောင်းခန့်ဇော်အား မောင်ကောင်းထက်ကျော်ဟု လည်းကောင်း၊ အထက(၃) အောင်လံ တတိယတန်း(A)မှ မောင်အောင်ကောင်းမြတ်အား မောင်ဉာဏ်ထူးမြတ်ဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းထက်ကျော်
မောင်ဉာဏ်ထူးမြတ်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၃၉၁၊ မြေကွက်တည်နေရာအမှတ် ၃၉၁၊ (၁၅)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးတင်ထူး(၂)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်ထူး ၁၂/ရကန(နိုင်)၀၅၈၈၀၀က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ထူပါရုံ၊ မြေကွက်အမှတ် ၈၂၁/ခ၊ မြေကွက်တည်နေရာအမှတ် ၈၂၁/ခ၊ ထူပါရုံ ၁၅လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် (၁) ဦးထွန်းကြိုင်၊ (၂) ဒေါ်မြသိန်း အမည်ပေါက် နှစ် ၆၀ ဂရန် မြေအား အမည်ပေါက် တစ်ဦးဖြစ်သူဦးထွန်းကြိုင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်ဇနီး ဒေါ်မြသိန်း ၁၂/သကတ (နိုင်)၀၉၃၃၁၀က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၁၀၊ မြေကွက်တည်နေရာအမှတ် ၁၀၊ ဧရာဝဏ်လမ်း၊ ဧရာဝဏ်ရိပ်သာ၊ သာကေတမြို့နယ် ဦးမောင်သန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်သန်း(ဖခင်)နှင့် ဒေါ်ရင်ရွှေ(မိခင်) တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသား ဦးစိုးသန်းဦး ၁၂/သကတ(နိုင်)၁၅၅၁၁၀မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကိုကွမ်းဇော်ဦး
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၂၊ ဦးရွှေဝွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်နေ ဦးမင်းဦး- ဒေါ်တင်မြင့်အောင်တို့၏သားထွေး၊မတင်ထားဦး၊ မဇင်မာဦး၊ မညီညီဦး၊ကိုအောင်ကြွယ်ညွန့်-မဆွေဆွေဦး၊ မယဉ်ယဉ်ဦး၊ ကိုမင်းလွင်ဝင်း-မခိုင်ခိုင်ဦးတို့၏မောင်၊ရန်ကုန်မြို့၊ အမှတ် ၁၈၊ ရှင်စောပုလမ်း၊အလုံမြို့နယ်နေ ဦးလှဖုန်းမြင့်-(ဒေါ်အေးအေးသွယ်)တို့၏ သားသမက်၊ မောင်ကောင်းခန့်မင်း၊ မောင်ဘုန်းပြည့်ကျော်တို့၏ ဦးလေး၊ အမေရိကန်ပြည်ထောင်စု၊ မေရီလမ်းပြည်နယ်၊ ဒါးဝတ်ဒ်မြို့နေ မခင်လပြည့်ဝန်း၏ခင်ပွန်း၊ မောင် Brian ပြည့်ဦး၊ မ Emily ပြည့်ဦးတို့၏ဖခင်သည် ၂၃- ၁၁-၂၀၁၃ရက် (စနေနေ့) ညနေ ၃း၀၅နာရီတွင် အမေရိကန်ပြည်ထောင်စု၊ မေရီလန်းပြည်နယ်၊ ဒါးဝတ်ဒ်မြို့၌ ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်သာ
(CDC - 48500) YM North
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက်အမှတ် ၁၀၊ အခန်းအမှတ် ၇နေ (ဦးမြတ်သာ-ဒေါ်တင်အေး)တို့၏ သား၊ (ဦးလှမောင်-ဒေါ်ခင်အေး)တို့၏ သားသမက်၊ ဒေါ်မင်းမင်းအေး၏ခင်ပွန်း၊ ဒေါ်အေးအေးမြတ်၊ ဦးကောင်းမြတ်-ဒေါ် ထွေးစုယဉ်တို့၏ ညီ/မောင်၊ မခင်စုလတ်၏အစ်ကို၊ မောင်ဝဏ္ဏကောင်းမြတ်၊ မောင်ထူးမြတ်အောင်တို့၏ဦးလေးသည် ၂၄-၁၁-၂၀၁၃ရက်တွင် YM North Vessel ၌ တာဝန်ထမ်းဆောင်နေစဉ် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၁-၂၀၁၃ရက်တွင် SHANGHI မြို့၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
အလ်ဟာဂျ်မိုဟာမက်နရ်အစ္စလာမ်(ခ)
ဦးသိန်းမြင့် (မော်လမြိုင်)
တပ်မတော်(ရေ)(ငြိမ်း)
အသက်(၇၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး(အရှေ့)၊ ၆၃လမ်း၊ အမှတ် ၁၂၇၊ တတိယထပ်နေ (ဦးတာဇူအစ္စလာမ်-ဒေါ်မိုင်မွန်နာဘီ) တို့၏သားကြီး၊ ဟာဂျီမ ဒေါ်လှလှဝင်း(အမက-၁၄၊ မင်္ဂလာတောင်ညွန့်၊ ငြိမ်း)၏ခင်ပွန်း၊ H.J ဦးဝင်းသိန်း၊ (ဦးဝင်းအောင်သိန်း)၊ H.Jဦးနိုင်ဝင်း-ဒေါ်ခင်သန္တာမြင့်၊ ဟာဂျီမ ဒေါ်ခင်သူဇာမြင့်၊ ဦးအောင်မျိုးသိန်း-ဒေါ်အေးအေးစိုး၊ ဦးမင်းဘိုဘိုအောင်-ဒေါ်ရွှေစင်လတ်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၄-၁၁- ၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးဝဏ္ဏဝင်းအောင်
(ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်)
အသက်(၄၂)နှစ်

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ကျောက်တစ်လုံးလမ်းနေ (ဗိုလ်ကြီးဝင်းအောင်) - ဒေါ်အမာချိုတို့၏ သားကြီး၊ ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီး ဘမြင့်(ငြိမ်း)- ဒေါ်ညိုညိုသန်းတို့၏သားသမက်၊ ဒေါ်သီတာမြင့် (လ/ထ ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်)၏ခင်ပွန်း၊ (ဦးသူရိန်ဝင်းအောင်) - ဒေါ်ငွေငွေမြင့်၊ မကဗျာဝင်းအောင်တို့၏ အစ်ကိုကြီး၊ တူ/တူမ ငါးယောက်တို့၏ဘကြီးသည် ၂၃-၁၁-၂၀၁၃ ရက်(စနေ နေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၁၁-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် တောင်ကြီးမြို့ တိုင်းရင်းသား ပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကိုကံထွေး
(တပ်ကြပ်ကြီးစာရေး)
အသက်(၃၈)နှစ်

